# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## COVID-19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

## ကောလာဟလတွေ နားဝင်ပြီး လမ်းမှားပေါ် မရောက်ပါစေနဲ့၊ အားလုံးအတူ သတိ၊ ဝီရိယ၊ ပညာကိုအားထားပြီး COVID – 19 စိန်ခေါ်မှုကြီးကို အတူအနိုင်ယူကြ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူပြည်သား အပေါင်းရှင့်၊**

ယခု COVID-19 ရောဂါနဲ့ပတ်သက်တဲ့ နောက်ဆုံးအခြေအနေကို အများသိရှိနိုင်ဖို့ အစီရင်ခံတင်ပြလိုက်ပါတယ်။

မနေ့က COVID-19 ရောဂါကူးစက်ခံထားရသူ နှစ်ဦး တွေ့ရှိခဲ့ပါတယ်။ ချင်းပြည်နယ်မှာ အမေရိကန်ပြည်ထောင်စုမှ ပြန်လာတဲ့ အမျိုးသားတစ်ဦးနဲ့ ရန်ကုန်မှာ ယူကေမှ ပြန်ရောက်လာတဲ့ အမျိုးသားတစ်ဦးဖြစ်ပါတယ်။ နှစ်ဦးစလုံး ဆေးကုသမှုခံယူနေပြီး၊ ယခုထိ စိုးရိမ်ရမယ့်အခြေအနေမှာ မရှိဘူးလို့ သိရပါတယ်။

ဒီလို ရောဂါကူးစက်နေသူနှစ်ဦး တွေ့ရှိရကြောင်း သတင်းထွက်လာတာနဲ့ စိုးရိမ်ပူပန်၊ တုန်လှုပ်ကြောက်ရွံ့သူတွေ ရှိကြမယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုပြီး ပြည်သူတွေကို ပန်ကြားချင်တာကတော့၊ ကြောက်လန့်တုန်လှုပ်ခြင်း မရှိကြပါနဲ့၊ ခေါင်းအေးအေးထားပြီး သတိကြီးစွာနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားအစိုးရဌာနများရဲ့ ထုတ်ပြန်ထားတဲ့ COVID-19 နဲ့ ပတ်သက်တဲ့ ညွှန်ကြားချက်တွေကို လိုက်နာကြဖို့ပဲ ဖြစ်ပါတယ်။

COVID-19 ရောဂါဟာ ထိန်းချုပ်လို့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောထားပြီးဖြစ်ပါတယ်။ ရောဂါရသူတွေထဲမှ ကွယ်လွန်အနိစ္စရောက်တဲ့ ရာခိုင်နှုန်းဟာ ၄ ဒသမ ၄ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုသလို့ရတဲ့ ရောဂါဆိုတာလည်း ထင်ရှားပါတယ်။ ကွယ်လွန်သူများဟာ ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများနဲ့ ကုသမှုခံယူခြင်း နောက်ကျသူများ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရောဂါဖြစ်နိုင်ခြေများသူများအနေနဲ့ အထူးဂရုတစိုက်နေကြဖို့ တိုက်တွန်းချင်ပါတယ်။ ပိုပြီးအရေးကြီးတဲ့အချက်ကတော့ စောစီးစွာဆေးကုသမှု ခံယူနိုင်ရေးဖြစ်ပါတယ်။ ရောဂါလက္ခဏာပေါ်လာပြီလို့ ထင်စရာဖြစ်လာတာနဲ့ ချက်ချင်း၊ နေ့မရွေး၊ ညမရွေး၊ အနီးဆုံး ကျန်းမာရေးဌာနသို့ သွားစေချင်ပါတယ်။

"စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ" ဆိုတဲ့ အတိုင်းပဲ ကျန်းမာရေးဌာနကို

*စာမျက်နှာ ၃ ကော်လံ ၁* ❄



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID-19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် အစီအမံများထားရှိ**

ပြည်တွင်းသတင်း စာ ၃

**ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၄၀၀၀ ကျော်နှင့် အတည်ပြုလူနာ ၃၃၀၀၀၀ ကျော်ရှိလာ**

နိုင်ငံတကာသတင်း စာ ၁၃

**ကိုဗစ်-၁၉ ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေး ပါကစ္စတန်တွင် အဓိကပြည်နယ်များကို ပိတ်ဆို့**

နိုင်ငံတကာသတင်း စာ ၁၄


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# အသိ၊ သတိနှင့် အမှုအကျင့်ဖြင့်

ကမ္ဘာနှင့်အဝန်း နိုင်ငံအများစု ရောဂါဖြစ်ပွားနေချိန်၊ ဗိုင်းရပ်စ်ပိုးလုံးဝမတွေ့ရှိသေးသည့် အနည်းစုမျှသောနိုင်ငံထဲတွင် ပါဝင်နေသည့် မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦး စတင်တွေ့ရှိနေသည်ဆိုသည့်အကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာသွားပါသည်။

တစ်ဦးက ချင်းပြည်နယ်သို့ ရောက်လာသည့် အမေရိကန်ပြည်ထောင်စုမှ ပြန်လာသူဖြစ်ပြီး၊ အခြားတစ်ဦးက ယူကေမှ ပြန်လာသည့် ရန်ကုန်ရောက်နေသူ ဖြစ်ပါသည်။ နှစ်ဦးစလုံးစိတ်ချလုံခြုံသည့် ဆေးရုံများမှာရှိနေကာ စနစ်တကျ ဆေးကုသမှုခံယူနေပြီး ယခုအချိန်ထိ စိုးရိမ်ဖွယ်မရှိဟု သိရပါသည်။

ဤ ဗိုင်းရပ်စ်ပိုးသည် လူ၏ကိုယ်ခန္ဓာတွင်း ရောက်နေသော်လည်း အပြင်ပန်းအမြင်အားဖြင့် သာမန်လူတစ်ဦးလိုပင် ရှိနေနိုင်သည့်အတွက် ထိုသူ၏ ကိုယ်တွင်း၌ ပိုးရှိနေမှန်း ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်းမပြုဘဲ မသိနိုင်ပါ။ ကိုယ်တွင်း၌ ပိုးရှိနေတိုင်းလည်း ရောဂါဖြစ်နေခြင်းမဟုတ်ဘဲ ၎င်းတို့က ရောဂါပိုးကို လက်ခံယူထားကာ အခြားသူများဆီသို့ ကူးစက်ပြန့်ပွား နိုင်ခြင်းဖြစ်လေသည်။

ထို့ပြင် ထိုဗိုင်းရပ်စ်ပိုးကြောင့် ရောဂါဖြစ်လာသည်ဆိုဦးတော့ ရောဂါဖြစ်တိုင်း အသက်ဆုံးရှုံးရခြင်းမဟုတ်ပါ။ ရာခိုင်နှုန်းအနည်းငယ် (လူတစ်ရာလျှင် လေးယောက်ကျော်ခန့်) ဖိတ်စဉ်မှုရှိသည့် ရောဂါအမျိုးအစားဖြစ်သည့်အတွက် ရောဂါဖြစ်ပွားပြီဆိုသည့်တိုင် အလွန်အကျွံ စိုးရိမ်ပူပန်ခြင်းမဖြစ်ဘဲ စနစ်တကျ ရင်ဆိုင်ကုသရမည်ဖြစ်ပါသည်။

နိုင်ငံတွင်း၌ ရောဂါပိုး တွေ့ရှိသည်ဟု သတင်းထုတ်ပြန်လိုက်သည်နှင့် လူအများအနေဖြင့် စိုးရိမ်ပူပန်မှုများဖြစ်ကြမည် ဆိုသည်မှာ သဘာဝဖြစ်ပါသည်။ သို့သော်လည်း ရောဂါပိုးတွေ့သည် ဆိုရုံမျှနှင့် ဆောက်တည်ရာမရဖြစ်ကာ ဂရုန်းသုန်းကားဖြင့် ဈေးဝယ်ကြ၊ ရိက္ခာစုဆောင်းကြ စသည်ဖြင့်လိုအပ်သည်ထက်ပိုသည့် အလုအယက်ဖြစ်ခြင်းမျိုးက ကောင်းကျိုးရလဒ်မဖြစ်စေနိုင်ပါ။ လိုအပ်သည်လောက်ကို စနစ်တကျ တစ်ဦးနှင့်တစ်ဦး အလှည့်ပေးဝယ်ယူကြသည့် ယဉ်ကျေးမှုမျိုး ဖြစ်သင့်ပါသည်။ လူစုလူဝေးဖြင့် တိုးဝှေ့အလုအယက်ဖြစ်ခြင်းဖြင့် ရောဂါပိုးများ ပိုမိုပျံ့နှံ့ကူးစက်နိုင်သည်ကို ပို၍စိုးရိမ်ရမည် ဖြစ်ပါသည်။

ယခုလို အရေးကြီးသော ရှောင်လွှဲ၍မရနိုင်သည့် အခြေအနေမျိုးတွင် လူအများအနေဖြင့် တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ကြရန် လိုပါမည်။ အကြောက်လွန်ခြင်း၊ အစိုးရိမ်လွန်ခြင်းက ကောင်းကျိုးမဖြစ်စေနိုင်ဆိုသည်ကို သတိပြုသင့်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် -

ကိုဗစ်-၁၉ ရောဂါပိုးသည် ကူးစက်နှုန်းအလွန်မြန်၏။ ရောဂါလက္ခဏာမပြဘဲ ကူးစက်နိုင်၏။ သို့သော်လည်း ကူးစက်တိုင်း ရောဂါဖြစ်ပွားခြင်းမဟုတ်၊ ရောဂါဖြစ်ပွားတိုင်း အသက်အန္တရာယ်ကို ထိခိုက်ဆုံးရှုံးစေသည်မဟုတ်ကြောင်းကို နားလည်ဖို့လို၏။ ရောဂါဖြစ်ပွားလာလျှင်သို့မဟုတ် အချို့သော ရောဂါလက္ခဏာများ တွေ့ရှိလျှင် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ဆက်သွယ်အကြောင်းကြားကာ စနစ်တကျကုသမှု ခံယူရမည်ဖြစ်၏။ ရောဂါပိုးရှိကြောင်း ဆောလျင်စွာသိလျှင် ကုသပျောက်ကင်းနိုင်၏။

မည်သို့သော သတင်းများကို ကြားရသည်ဖြစ်စေ သတင်းရင်းမြစ်ကို ဆန်းစစ်ရန် လိုပါ၏။ အကောင်းဆုံးမှာမူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တရားဝင်ထုတ်ပြန်သော သတင်းနှင့် ကြေညာချက်များကို နားစွင့်ကြ လိုက်နာကြခြင်းဖြစ်၏။ မသေချာသောသတင်းများ၊ ကောလာဟလများကို မဖြန့်ဝေကြရန် လိုအပ်ပါသည်။

လူစုလူဝေးကို ရှောင်ကြဉ်ခြင်း၊ အခြားသူများနှင့် ထိတွေ့ဆက်ဆံမှုကို ရှောင်ခြင်း၊ သီးသီးသန့်သန့် နေထိုင်ခြင်း၊ အတတ်နိုင်ဆုံး မိမိအိမ်တွင်းတွင် နေထိုင်ခြင်းဖြင့် မိမိကိုယ်တိုင်အတွက်ရော အများပြည်သူ အတွက်ပါ ပိုမိုသင့်လျော်ကောင်းမွန်သည်ကို နားလည်ကြရန်လို၏။

လောလောဆယ်အားဖြင့် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးသော ရောဂါကာကွယ်နိုင်သည့်၊ ရောဂါပိုးမပျံ့နှံ့အောင် ထိန်းချုပ်နိုင်သည့်နည်းလမ်းမှာ လက်ဆေးခြင်းဖြစ်၏။ အပြင်မှပြန်လာတိုင်း လက်ဆေးခြင်း၊ ဆယ့်ငါးမိနစ်တစ်ခါ လက်ဆေးခြင်း၊ တစ်ခါဆေးလျှင် စက္ကန့်နှစ်ဆယ်ကြာသည်ထိ ရေ၊ ဆပ်ပြာတို့ဖြင့် ဆေးခြင်း၊ လက်ဖဝါး၊ လက်ဖမိုး၊ လက်ကောက်ဝတ်၊ လက်ချောင်းများနှင့် လက်သည်းများကြားကို စနစ်တကျ နှံ့နှံ့စပ်စပ်ဆေးကြောခြင်းတို့သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်သည့် ထိရောက်သော နည်းလမ်းကောင်းတစ်ခုဖြစ်၏။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင်ဖြင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ကူးစက်နေသည့် ကပ်ရောဂါဖြစ်ပါသည်။ ပြည်သူတစ်ဦးချင်းအနေဖြင့် နိုင်ငံ့အရေး၊ မိမိတို့အားလုံး၏ အနာဂတ်အရေးအဖြစ် သဘောပေါက် နားလည်ကာ တည်တည်ငြိမ်ငြိမ်၊ ညီညီညွတ်ညွတ် ရင်ဆိုင်ခြင်းဖြင့် ဤဘေးဆိုး ကပ်ဆိုးကို ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

တည်ငြိမ်သည့် နိုင်ငံဖြစ်ရေးအတွက် ပြည်သူများကသာ အဓိက ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

# COVID-19 ရောဂါကာကွယ်ရန် ပြည်သူ့ဆေးရုံနှင့် လူမှုကူညီရေးအသင်းများသို့ ဝတ်စုံ ၈၅ စုံ လှူဒါန်း

မြင်းခြံ မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြ သော ကျန်းမာရေးဝန်ထမ်းများ၊



လူမှုကူညီရေးအသင်းအဖွဲ့များ ရောဂါကူးစက်မှု မခံရစေရေးအတွက် အလှူရှင်များက ရောဂါကာကွယ်ရေးဝတ်စုံ ၈၅ စုံကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

အဆိုပါ COVID-19 ရောဂါ ကာကွယ်ရေးဝတ်စုံများကို ခရိုင်ပြည်သူ့ဆေးရုံသို့ ၁၇ စုံ၊ မြင်းခြံနာရေးကူညီမှုအသင်းသို့ ၁၅ စုံ၊ အဖြူရောင်လက်များ လူမှုကူညီရေးအသင်းသို့ ၁၅ စုံ၊ ရောဝတီသွေးလှူရှင်အသင်းသို့ ငါးစုံနှင့် အခြားလူမှုကူညီရေးအသင်းများသို့ နှစ်စုံစီ ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါဝတ်စုံများကို ဦးပြေအေး(ကျောက်တောင်၊ ကျားမာန်) မိသားစုက ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြင်းခြံမြို့နယ်တွင် COVID-19 ရောဂါဖြစ်ပွားသူများမရှိသော်လည်း အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများမှ ပြန်လာကြသူများရှိရာ ထိုသူတို့အား ကျန်းမာရေးဌာနမှ စောင့်ကြည့်ခြင်း၊ လူမှုကူညီရေးအသင်းများမှ ကူညီပေးခြင်းများ ရှိကြသည်။ ထိုကူညီစောင့်ရှောက်သူများ သွားရောက်ကူညီသည့်အခါ ရောဂါကူးစက်မှုမခံရစေရန် ကြိုတင်ကာကွယ်ရေးအတွက် ဝတ်စုံများသည် အကူအညီဖြစ်စေကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

# မုံရွာမြို့တွင် COVID-19 ရောဂါ တားဆီးကာကွယ်ရန် Save Monywa အဖွဲ့က စားသောက်ကုန်နှင့် ပစ္စည်းများ အခမဲ့ဝန်ဆောင်မှုပေးမည်

မုံရွာ မတ် ၂၄

မုံရွာမြို့တွင် COVID-19 ရောဂါကာကွယ်သည့်အနေဖြင့် Save Monywa အဖွဲ့က စားသောက်ကုန်နှင့် လိုအပ်သည့်ပစ္စည်းများကို အခမဲ့ အိမ်အရောက်ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း Save Monywa အဖွဲ့မှ ဦးအောင်နေမျိုးက ပြောသည်။

**ဝန်ဆောင်ခပေးစရာမလို**

ယနေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက COVID-19 ရောဂါကြေညာလိုက်သည့်အခါ ဈေးများ၊ စတိုးဆိုင်များတွင် လူအများအပြားဈေးဝယ်နေမှုသည် ရောဂါကူးစက်မှုများဖြစ်စေနိုင်သည့်အတွက် ရောဂါကူးစက်မှုလျော့နည်းအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့တွင်းအသွားအလာပိတ်ခဲ့သည်ရှိသော် Save Monywa အဖွဲ့ကို ဖုန်းဆက်ပြီး မိမိလိုအပ်သည့်ပစ္စည်းများကို မှာယူနိုင်ကြောင်း၊ ကျသင့်သည့်ငွေကို ပစ္စည်းရောက်မှ ဘောက်ချာနှင့်တိုက်ပြီး ငွေရှင်းရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်ခပေးစရာမလိုဘဲ အခမဲ့အိမ်အရောက် လိုက်ပို့ပေးမည်ဖြစ်ကြောင်း ဦးအောင်နေမျိုးက ပြောသည်။

ယခု ဖြစ်ပေါ်နေသည့်အခြေအနေအရ Save Monywa အဖွဲ့မှ Volunteer လူငယ်များ မုံရွာမြို့တွင်း မည်သည့်နေရာက မည်သူမဆို၊ လိုအပ်သည့်ပစ္စည်း (ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲ၊ ငရုတ်၊ ကြက်သွန်) စသည့် စားနပ်ရိက္ခာများနှင့် ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးတစ်စုံတစ်ရာ အခက်အခဲဖြစ်နေသူများ၊ လူနာများ၊ ပြင်ပသို့ တစ်စုံတစ်ရာကြောင့် ထွက်ရန်ခက်ခဲနေသူများအတွက် အစားအသောက်များကို လိုက်လံဝယ်ယူပြီး ဝန်ဆောင်ခပေးစရာမလိုဘဲ အခမဲ့အိမ်အရောက် ပို့ပေးမည်ဖြစ်ကြောင်း ဦးအောင်နေမျိုးက ပြောသည်။

ဝယ်ယူမည့် ပစ္စည်းတန်ဖိုးများကို Save Monywa အဖွဲ့မှ နိုင်သည့်ပမာဏဖြစ်လျှင် စိုက်၍ ဝယ်ခြမ်းပေးပြီး ကျသင့်သည့်ငွေကို ပစ္စည်းရောက်မှ ဘောက်ချာနှင့်တိုက်ကာ ရှင်းပေးရမည်ဖြစ်ကြောင်း၊ မှာယူသည့်ပစ္စည်းများ၏ တန်ဖိုးငွေပမာဏများလွန်းပြီး မိမိတို့အဖွဲ့မှ ပစ္စည်း အားလုံးကို ငွေမစိုက်နိုင်ခဲ့ပါက စိုက်နိုင်သည့်ပမာဏကို ပေးချေဝယ်ယူ၍ ကျန်ရှိပစ္စည်းများကို ထပ်မံဝယ်ယူသယ်ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**Volunteer လုပ်ပေးလိုသူ**

Save Monywa အဖွဲ့နှင့်အတူ Volunteer လုပ်ပေးလိုသူ လူငယ်များလည်း ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ ၀၉-၉၅၄၈၃၄၈၂၃၊ ၀၉ -၇၈၃၅၆၅၆၇၅၊ ၀၉- ၉၇၅၂၇၄၁၄၇၊ ၀၉ -၉၆၉၈၇၉၈၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မွေးကြူဇင်

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ မို့မို့သိင်္ဂီနှင့် ဆရာဝန်များက မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ မတ် ၂၄ ရက်က COVID- 19 ရောဂါ ကျန်းမာရေးအသိ ပညာပေးဟောပြောပွဲပြီး လက်ဆေးခြင်း လက်တွေ့သရုပ်ပြစဉ်။

ထင်ပေါ်ဝင်း(ကမာရွတ်)



# ပြည်သူသာလျှင် အဓိက

❊ ရွှေဖုံးမှ

“COVID-19 ကူးစက်ခံရသူနှစ်ဦး တွေ့တယ်လို့ သတင်းထွက်လာတာနဲ့ တစ်ပြိုင်တည်း ရိက္ခာတွေ၊ ဆေးတွေ အလုအယက် ထွက်ဝယ်သူတွေလည်း ရှိပါတယ်။ ရိက္ခာပြတ်နိုင်တဲ့ အလားအလာ မရှိပါဘူး။ လူအုပ်ထဲ သွားတိုးဝယ်လို့ ရောဂါကူးမယ့် အလားအလာက ပိုများပါတယ်။ မပြန့်ပွားဖို့အတွက် ပြည်သူတွေသာ အဓိကပါ၊ ပြည်သူတွေရဲ့ စိတ်တည်ငြိမ်မှု အင်အားကသာ အဓိကဖြစ်ပါတယ်”

စောစောပြောသင့်တာ ပြောပါ။ ယခုအချိန်မှာဆိုရင်၊ ရောဂါရှိကြောင်း သိရှိရသူ နှစ်ဦးနဲ့ ထိတွေ့မှုရှိခဲ့သူများအားလုံး အစောဆုံး ကျန်းမာရေးဌာနကို အသိပေးပါ။ ဒါဟာ ကိုယ့်လုံခြုံရေး၊ ကိုယ့်ပတ်ဝန်းကျင်ရဲ့ လုံခြုံရေး နှစ်ရပ်စလုံးအတွက် ဖြစ်ပါတယ်။ တီးတိန်မှ ပြည်သူအချို့ အစိုးရိမ်လွန်ပြီး တီးတိန်မှ ထွက်ခွာနေကြတယ်လို့သိရပါတယ်။ ဒီလိုလုပ်ခြင်းဟာ ဘယ်သူ့ကိုမှ အကျိုးမပြုနိုင်ပါဘူး။ တကယ်ပဲ ရောဂါပိုးရှိနေပြီဆိုရင် ဘယ်သွားသွား ကိုယ်နဲ့အတူ ပါသွားမှာပါ။ ကိုယ့်ရပ်ရွာမှာ ကျန်းမာရေးဌာနကို သွားပြီး အစစ်ခံပါ။ လိုအပ်တဲ့ကုသမှုခံယူပါ။ ကိုယ့်စိုးရိမ်စိတ်ကြောင့် အများကို ပျံ့နှံ့ကူးစက်တာမျိုး မဖြစ်ပါစေနဲ့။

ယခုအချိန် ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်နေတဲ့ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားများ ပြည်တွင်းကို အစုလိုက်၊ အပြုံလိုက် ပြန်လည်ဝင်ရောက်နေတာကို လက်ခံလျက် ရှိပါတယ်။ ပြန်လာသူများမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် နေအိမ် (သို့မဟုတ်) သတ်မှတ်နေရာများတွင် နေထိုင်စေပြီး (၁၄) ရက်တာကာလ အသွားအလာကန့်သတ်ခြင်း (home/facility quarantine) နဲ့ စောင့်ကြပ်ကြည့်ရှုခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ ပြန်ရောက်လာကြသူများအနေနဲ့ တာဝန်သိ၊ တာဝန်ရှိစွာနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ရောက်ရှိလာသူများအနေနဲ့ စိုးရိမ်စိတ်ကြောင့် ပုန်းကွယ်ရှောင်တိမ်းခြင်း မပြုကြဖို့ အရေးကြီးပါတယ်။ ကိုယ့်မှာ ကိုယ်ပူဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းနွမ်းနယ်ခြင်း စတဲ့ COVID-19 ရောဂါ သံသယလက္ခဏာ တစ်စုံတစ်ရာ ရှိ၊ မရှိကို ကျန်းမာရေးဌာနသို့ တယ်လီဖုန်းနဲ့ နေ့စဉ်ပုံမှန်မပျက်မကွက် အကြောင်းကြားရမှာ ဖြစ်ပါတယ်။ ဒီသတင်းပေးပို့မှသာ ကျန်းမာရေးဌာနအနေနဲ့ လိုအပ်က ချက်ချင်းအခမဲ့ဆေးကုသမှု ပေးနိုင်မှာဖြစ်ပါတယ်။ နေအိမ်မှာ(၁၄)ရက်တာကာလ အသွားအလာ ကန့်သတ်နေထိုင်သူများ အနေနဲ့လည်း ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားတဲ့ လိုက်နာရမယ့် အချက်တွေကို မဖြစ်မနေ တိကျစွာ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းနဲ့ ရောဂါဖြစ်ပွားမှုရှိပါက ချက်ချင်းသိရှိပြီး လျင်မြန်စွာ ကုသမှုပေးနိုင်မှာပါ။ ကိုယ့်ရဲ့ အိမ်သားများနဲ့ အိမ်နီးချင်းများကို ရောဂါ မကူးစက်စေအောင် ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ စောစီးစွာ ဆေးကုသမှုပေးနိုင်ခြင်းဖြင့် အသက်သေဆုံးမှုကို ထိရောက်စွာ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

COVID-19 ကူးစက်ခံရသူနှစ်ဦး တွေ့တယ်လို့ သတင်းထွက်လာတာနဲ့ တစ်ပြိုင်တည်း ရိက္ခာတွေ၊ ဆေးတွေ အလုအယက် ထွက်ဝယ်သူတွေလည်း ရှိပါတယ်။ ရိက္ခာပြတ်နိုင်တဲ့ အလားအလာ မရှိပါဘူး။ လူအုပ်ထဲ သွားတိုးဝယ်လို့ ရောဂါကူးမယ့် အလားအလာက ပိုများပါတယ်။ မပြန့်ပွားဖို့အတွက် ပြည်သူတွေသာ အဓိကပါ၊ ပြည်သူတွေရဲ့ စိတ်တည်ငြိမ်မှု အင်အားကသာ အဓိကဖြစ်ပါတယ်။

အစိုးရအနေနဲ့ အများပြည်သူများအတွက် မရှိမဖြစ် လိုအပ်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဈေးတွေနဲ့ အရောင်းအဝယ်စင်တာတွေကို ပိတ်သိမ်းဖို့ အစီအစဉ်မရှိတာကို အသိပေးပြောလိုပါတယ်။ ဈေးဝယ်တဲ့အခါ မိသားစုလိုက်၊ အစုအဖွဲ့လိုက်မသွားဘဲ တစ်ဦးတည်းတစ်ယောက်တည်း တာဝန်ယူပြီး မိသားစုအတွက် အမှန်တကယ်လိုအပ်တဲ့ ပမာဏကိုပဲ သွားရောက်ဝယ်ယူကြစေလိုပါတယ်။

လုပ်ငန်းတွေ၊ စက်ရုံတွေ၊ အလုပ်ရုံတွေကို ပိတ်မယ်၊ မြို့ရွာအဝင်၊ အထွက်တွေကို ပိတ်မယ်ဆိုတဲ့ မဟုတ်မမှန်သတင်းတွေ ပျံ့နှံ့နေပါတယ်၊ ဒီလိုကောလာဟလတွေကြောင့် ပြည်သူတွေအနေနဲ့ အထိတ်တလန့် မဖြစ်ကြပါနဲ့။

အဂတိတရားလေးပါးကို သိကြပါတယ်နော်။ အဂတိဆိုတာ မမှန်ကန်တဲ့လမ်းပါ။ မမှန်ကန်တဲ့ လမ်းပေါ်ကို တွန်းပို့တာကတော့ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟတို့ပဲ ဖြစ်ပါတယ်။ ယခု ကျွန်မတို့အားလုံး အခြားနိုင်ငံများနည်းတူ ရင်ဆိုင်နေရတဲ့ COVID-19 နဲ့ ပတ်သက်လို့ လမ်းလွဲပေါ်မရောက်သွားဖို့ အရေးကြီးပါတယ်။

**ဆန္ဒက** တွန်းပို့လို့ မလုပ်သင့်မလုပ်ထိုက်တာတွေ လူစုလူဝေးဖြစ်စေခြင်း၊ ရိက္ခာတွေ၊ ဆေးဝါးတွေ စုဆောင်းခြင်း၊ ကျန်းမာရေး ညွှန်ကြားချက်တွေ မလိုက်နာခြင်းဆိုတာကို ရှောင်ပါ။

**ဒေါသက** တွန်းပို့လို့၊ မလိုတမာစိတ်နဲ့ မမှန်သတင်းတွေ လူအများ ထိတ်လန့်ပြီး ရပ်ရွာတည်ငြိမ်မှု ထိခိုက်စေမယ့်စကားတွေ ပြန့်ပွားစေခြင်းကို ရှောင်ပါ။

**ဘယာ၊** အကြောက်တရားလွန်ပြီး ရိက္ခာစုဆောင်းခြင်း၊ ရောဂါလက္ခဏာ ဖုံးကွယ်ထားခြင်းများကို ရှောင်ပါ။

**မောဟ၊** နိုင်ငံတော်အစိုးရဌာနအသီးသီးက ထုတ်ပြန်ချက်တွေကို မလေ့လာဘဲ အထင်အမြင်မှားပြီး မလုပ်သင့်တာတွေလုပ်၊ လုပ်သင့်တာတွေ မလုပ်ခြင်း၊ ဒီအဂတိတရား (၄) ပါးကို ရှောင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**ဆန္ဒ** များခေါ်ရာ မလိုက်ပါနဲ့၊ ညီညီညွတ်ညွတ်နဲ့ ကိုယ်ချင်းခွာနေရပေမယ့် နှလုံးသားနီးကပ်မှုနဲ့ စိန်ခေါ်မှုတွေကို အတူပူးပေါင်းရင်ဆိုင်ကြမယ်။

**ဒေါသ** တွန်းပို့ရာ မရွေ့ပါနဲ့။ အချင်းချင်းကြား မေတ္တာပွားပြီး စိန်ခေါ်မှုတွေကို အားလုံးအတူတူ ကျော်လွှားကြမယ်။

**ဘယာ** ဖိချရာ မကျပါနဲ့၊ နိုင်ငံ့အင်အား၊ ပြည်သူ့အင်အားတွေ စုစည်းပြီး စိန်ခေါ်မှုတွေကို မားမားမတ်မတ်ရင်ဆိုင်ကြမယ်။

**မောဟ** ဆွဲနှစ်ရာ မနစ်ပါနဲ့ COVID – 19 နဲ့ပတ်သက်လို့ အစိုးရဌာနအသီးသီးက ထုတ်ပြန်ချက်တွေကို လေ့လာပါ။ ကောလာဟလတွေ နားဝင်ပြီး လမ်းမှားပေါ် မရောက်ပါစေနဲ့၊ အားလုံးအတူ သတိ၊ ဝီရိယ၊ ပညာကို အားထားပြီး COVID – 19 စိန်ခေါ်မှုကြီးကို အတူအနိုင်ယူကြပါမယ်။

ကောင်းမွန်တဲ့ အစိုးရအုပ်ချုပ်မှုစနစ်ရဲ့အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ တာဝန်ယူ၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုကို အခြေခံပြီး ကျွန်မတို့အစိုးရအနေနဲ့ ပြည်သူများသိသင့်၊ သိထိုက်တဲ့ကိစ္စတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။

**ပြည်သူတွေသာ အဓိကပါ။ ကျေးဇူးတင်ပါတယ်။**

## မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် အစီအမံများထားရှိ

### သတင်းထုတ်ပြန်ချက်

၁။ (၂၄-၃-၂၀၂၀) ရက်နေ့မှစ၍ ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်သူ ပြည်သူများအနေဖြင့် ဘဏ်များမှ ပုံမှန်ထက်ပိုမို၍ ငွေသားလာရောက်ထုတ်ယူမှုများရှိကြောင်း တွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ကြီးကြပ်လျက်ရှိရာ မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် အစီအမံများထားရှိပါသည်။

၃။ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်နိုင်ရန် အစီအမံများကြိုတင်ပြုလုပ်ကြရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် (၁၃-၃-၂၀၂၀) ရက်နေ့ကတည်းက ဘဏ်များအားလုံးသို့ ညွှန်ကြားထားပြီး ဖြစ်ပါသည်။

၄။ ဘဏ်များအားလုံးသည် မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်သူ ပြည်သူများအား ငွေထုတ်ပေးခြင်းအပါအဝင် နေ့စဉ်ပုံမှန် ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်ဖွင့်ရက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အများပြည်သူတို့ ငွေပေးချေမှုများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ငွေလွှဲငွေပို့ခြင်းများအတွက် ပုံမှန်ထက် ပမာဏ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုထားပါသည်။ ဘဏ်များကိုလည်း ဘဏ်ခွဲများတွင်သာမက အလိုလျောက်ငွေထုတ်စက် (Automated Teller Machine – ATM) များတွင်လည်း အချိန်မရွေး ငွေမပြတ်ထုတ်ယူနိုင်ရေး စီစဉ်ထားရှိရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားထားပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင် အိုရန် ကာယာ ဆီရီ ဖလမ်ဝမ် ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူ ရာမာနီ ဘင် ဒါတို ပါဒူကာ ဟာဂျီ ဘာရှီယာ၏ နေရာတွင် မစ္စတာ ပင်ဂီရမ် မိုဟာမက် ဟူစိန်နီ ဘင် ရမ်အာမက် မူလီရာ ပင်ဂီရမ် ပင်ဂါဝါ လိုင်လာ ဘင်တာရာ အီစ်တီရာဒတ် ဒီရာဂျာ ဒါလမ် အီစ်စတာနာ ပင်ဂီရမ် ဟာဂျီ အလာအူဒင်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပင်ဂီရမ် မိုဟာမက် ဟူစိန်နီ ဘင် ရမ်အာမက် မူလီရာ ပင်ဂီရမ် ပင်ဂါဝါ လိုင်လာ ဘင်တာရာ အီစ်တီရာဒတ် ဒီရာဂျာ ဒါလမ် အီစ်စတာနာ ပင်ဂီရမ် ဟာဂျီ အလာအူဒင်သည် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးဦးစီးဌာန၊ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (APEC) အတွင်းရေးမှူးချုပ်ရုံးနှင့် နိုင်ငံရေးရာဦးစီးဌာနတို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရန်ကုန်မြို့ရှိ ဘရူနိုင်းသံရုံးတွင် ပထမအတွင်းဝန်နှင့် ခေတ္တသံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဌာန(၂)၊ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် ဗြိတိန်နိုင်ငံမှ ဥပဒေရေးရာဘွဲ့ (ဂုဏ်ထူးတန်း) ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ နိုင်ငံတကာပြည်သူ့ရေးရာမူဝါဒ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

မစ္စတာ ပင်ဂီရမ် မိုဟာမက် ဟူစိန်နီ ဘင် ရမ်အာမက် မူလီရာ ပင်ဂီရမ် ပင်ဂါဝါ လိုင်လာ ဘင်တာရာ အီစ်တီရာဒတ် ဒီရာဂျာ ဒါလမ် အီစ်စတာနာ ပင်ဂီရမ် ဟာဂျီ အလာအူဒင်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး (၄) ဦး ရှိသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၂၄

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

## မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၉ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်)

**မူလစစ်ဘက်တာဝန်ဝတ္တရားများပြန်လည်ထမ်းဆောင်စေခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင်လျက်ရှိသော ဗိုလ်ချုပ်အောင်သူ ကို မူလစစ်ဘက်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်စေမည်ဖြစ်သဖြင့် ခွင့်ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၄/၂၀၂၀)
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်)

**၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ ရွှေနှင်းဆီလမ်း၊ တိုက် (၁၀)၊ အခန်း (၁၀၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)** ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၇) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်စည်းဝေး




ဒုတိယဝန်ကြီး ဦးတင်မြင့် မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၂၄**

မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက်၁၀ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ယနေ့ အစည်းအဝေးသည် အမျိုးသားမြေအသုံးချမှုကောင်စီ၏ မြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ စနစ်တကျရေးဆွဲအသုံးပြုနိုင်ရေး မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ တွင် နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် ဥပဒေပြဋ္ဌာန်းရမည်ဟု လည်းကောင်း၊ နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်၊ အသုံးချနိုင်ရန်အတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှု မူဝါဒနှင့် သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့အပြင် အမျိုးသားမြေအသုံးချမှုကောင်စီသည် ကောင်စီ၏လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး မြေအသုံးချမှု စီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ စနစ်တကျ ရေးဆွဲအသုံးပြုနိုင်ရန်အတွက် မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အစည်းအဝေးတွင် ကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ အမျိုးသားမြေအသုံးချမှုစီမံကိန်း ရေးဆွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းများကို အမျိုးသားမြေအသုံးချမှု မူဝါဒ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသား မြေအသုံးချမှု စီမံကိန်းများကို တစ်နိုင်ငံလုံးအတွက် အသစ်ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှုများ၊ မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း စသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေနှင့် မိမိတို့၏ အခန်းကဏ္ဍအလိုက်၊ နေရာဒေသအလိုက် ကျရာနေရာမှပါဝင်ပြီး ကြိုးပမ်းထမ်းဆောင်ကြရန် ပြောကြားလိုပါကြောင်း။

မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီအနေဖြင့် အမျိုးသားမြေအသုံးချမှုကောင်စီမှ မြေသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရေး မြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များကို အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ စနစ်တကျ ရေးဆွဲအသုံးပြုနိုင်ရန်အတွက် အဖွဲ့ဝင်များအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးညှိနှိုင်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အမျိုးသားမြေအသုံးချမှုကော်မတီ၏ လမ်းညွှန်ချက်များ၊ အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် EU ၊ SDC တို့အကြား RoD ရေးထိုးခြင်းနှင့် EU အထောက်အပံ့နှင့် FAO မှ ဆောင်ရွက်မည့်စီမံကိန်းများကို ဆွေးနွေးပြီး တက်ရောက်လာသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဆက်စပ်ဌာနများမှ အကြီးအကဲများနှင့် အဖွဲ့ဝင်များက မိမိတို့ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက်ဆွေးနွေးကြသည်။**သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံသံရုံးက ကူးစက်ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်

**ရန်ကုန် မတ် ၂၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတ နိုင်ငံသံရုံးမှ COVID-19 ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကူးစက်ရောဂါကာကွယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံး၌ ပြုလုပ်သည်။

လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး လီဆွမ်းဟွာက လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း ထံ ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံများ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီဆွမ်းဟွာ က "ကိုရီးယား-မြန်မာ ပူးပေါင်း ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီးတော့ အမျိုးမျိုးသောကဏ္ဍကနေ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိခဲ့ပါတယ်။ အခု COVID-19 ရောဂါဖြစ်ပွားလာတဲ့အခြေအနေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး စဉ်းစားမိခဲ့ပါတယ်။ အခုချိန်မှာ ပထမဆုံးအဆင့်အနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေပေးအပ်တာကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီရောဂါကြီးက တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်နေတဲ့အတွက်ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်း တစ်ကမ္ဘာလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပိုမိုထိရောက်တဲ့ အကျိုးသက်ရောက်မှု ဖြစ်ပေါ် လာလိမ့်မယ်လို့ ယူဆမိပါတယ်။ COVID-19 ရောဂါတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံကို အတတ်နိုင်ဆုံး ကူညီပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ COVID-19 ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကူးစက်ရောဂါကာကွယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ရာတွင် ကိုရီးယားနိုင်ငံတကာ ကျန်းမာရေးဖောင်ဒေးရှင်း (KOFIH)မှ ကာကွယ်ရေးဝတ်စုံ (anti-contamination clothing) အစုံ တစ်ထောင်နှင့် ခွဲစိတ်ခန်းသုံး လက်အိတ်အစုံ ငါးသောင်း၊ KM Health Care မှ ခွဲစိတ်ခန်းသုံးဝတ်စုံအစုံတစ်သောင်းနှင့် Nurse caps အလုံး တစ်သောင်း၊ ကိုရီးယားကိုယ်စားပြု NGO တစ်ခုဖြစ်သည့် Good Neighbors မှ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးရေး ကိရိယာ(test kits) အခု ငါးထောင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**




## လှိုင်ကော်မြို့တွင် ကုန်ဈေးနှုန်းများ ပုံမှန်အတိုင်း ရောင်းချလျက်ရှိ

**လှိုင်ကော် မတ် ၂၄**

မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး နှစ်ဦးတွေ့ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အတည်ပြုထုတ်ပြန်ကြေညာခဲ့ပြီးနောက် ကယားပြည်နယ်အတွင်းရှိ ဈေးများတွင် ဆန်၊ ဆီ၊ ဆား စသည့်အခြေခံစားသောက်ကုန်များကို ဝယ်ယူမှု မြင့်တက်လျက်ရှိသော်လည်း စားသောက်ကုန်များ၏ ဈေးနှုန်းများကို ပုံမှန်အတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဆန်ဈေးကတော့ ပုံမှန်အတိုင်းပါပဲ။ ဈေးတင်မရောင်းပါဘူး။ ဒါပေမယ့် ဝယ်တဲ့သူတွေကတော့ ဒီနေ့မှာ ပိုများလာတယ်" ဟု လှိုင်ကော်မြို့ရှိ ရွှေသဝဏ်ဆန်ဆိုင်သို့ လာရောက်ဝယ်ယူသူများက ပြောကြားသည်။

ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများကိုလည်း ဈေးနှုန်းကို ပုံမှန်အတိုင်း ရောင်းချပေးပါကြောင်းနှင့် ယခင်နေ့များထက် အိမ်သုံးဆေးဝါးများကို လာရောက်ဝယ်ယူသူ ပိုမိုများပြားလာကြောင်း ပုလဲထွန်းဆေးဆိုင်နှင့် မန္တလေးပင်ရင်းဆေးဆိုင် ပိုင်ရှင်များက ပြောကြားသည်။

**ထွန်းလေး(ပြန်/ဆက်)**

# IDP စခန်းများတွင် COVID-19 ရောဂါနှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစီမံချက်ရေးဆွဲရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၄**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများ (IDP စခန်းများ)တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက COVID-19 ရောဂါသည် ကူးစက်ပျံ့နှံ့လွယ်ပြီး မြန်မာနိုင်ငံတွင်လည်း စတင်ကူးစက်ခံရပြီဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဋိပက္ခများကြောင့် ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ကြသော နေရပ်စွန့်ခွာသူများအတွက် COVID-19 ရောဂါကြိုတင်ကာကွယ်ရန် လိုအပ်သောအစီအမံများ ဆောင်ရွက်နိုင်ရန်နှင့် ကူးစက်ဖြစ်ပွားလာပါက စခန်းနေသူများ၊ စခန်းစီမံခန့်ခွဲသူများ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများက စနစ်တကျ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ကို ရေးဆွဲရခြင်းဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ စာရင်းများအရ မြန်မာနိုင်ငံအတွင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မြို့နယ်ပေါင်း ၂၄ မြို့နယ်၌ စခန်းစုစုပေါင်း ၁၂၈ ခု၊ စခန်းနေ ပြည်တွင်းနေရပ်စွန့်ခွာသူဦးရေ ၁၈၄၃၃၃ ဦး ရှိပါကြောင်း၊ ထိုသူများအတွက် စီမံချက်ရေးဆွဲရာတွင် စခန်းနေသူများ သာမက စခန်း စီမံခန့်ခွဲသူများကိုပါ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အသိပညာပေးနိုင်ရန် အရေးကြီးကြောင်း၊ IDP စခန်းများသို့ ကူညီထောက်ပံ့မှုလုပ်ငန်းများအတွက် လာရောက်သော ပြည်တွင်း / ပြည်ပ လူသားချင်းစာနာမှုအကူအညီပေးရေးအဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များနှင့် IDP စခန်းနေသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 နှင့် ပတ်သက်သည့် လိုက်နာရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

စခန်းများတွင် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး အသုံးအဆောင်များဖြစ်သည့် သန့်ရှင်းသော ရေ၊ ရေပုံး/ရေဇလုံ/ရေခွက်များ၊ ဆပ်ပြာခဲ/ဆပ်ပြာဆီများ၊ လက်ဆေးရန်နေရာများ စီမံထားရှိပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးခြင်း၊ စခန်းတွင်းနေထိုင်သူများတွင် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့ဖြစ်ပွားပါက အသုံးပြုနိုင်ရန် နှာခေါင်းစည်းများ ကြိုတင် စုဆောင်းထားခြင်း၊ ၎င်းတို့ကို (လိုအပ်ပါက) အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရန် သီးခြားထားရှိခြင်း (Quarantine) အဆောက်အဦများ စီစဉ်ထားခြင်းနှင့် လိုအပ်သည့် နေထိုင် စားသောက်ရေးကိစ္စရပ်များကို ပြင်ဆင်ထားခြင်း၊ ၎င်းတို့အနေဖြင့် Quarantine နေထိုင်စဉ်အတွင်း လိုအပ်သည့်ကျန်းမာရေးစောင့်ကြည့် ကြီးကြပ်မှုများဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများ စီစဉ်ထားရှိခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း စသည့် လက္ခဏာများတွေ့ရှိပါက အနီးဆုံးကျန်းမာရေးဌာနများသို့ ချက်ချင်း သတင်းပို့ခြင်းနှင့် ညွှန်ကြားချက်၊ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် စခန်းအလိုက် ဖွဲ့စည်းထားပြီးဖြစ်သော စခန်းစီမံခန့်ခွဲမှုကော်မတီက စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေးတာဝန်ယူဆောင်ရွက်ခြင်း၊ အစီရင်ခံခြင်း၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သောသန့်ရှင်းရေးပစ္စည်းများ၊ အကာအကွယ်ပစ္စည်းနှင့် ကိရိယာများ၊ အခြားလိုအပ်သော အထောက်အကူပစ္စည်းများ ထောက်ပံ့မှုကို လက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်း၊ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ စခန်းများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား သတင်းအချက်အလက်များ မျှဝေပေးခြင်းတို့ကို ဆောင်ရွက်ရန် စီမံချက်တွင် ထည့်သွင်းရေးဆွဲရေးကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများ (IDP စခန်းများ)တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

## တီးတိန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက် တာဝန်ထမ်းဆောင်ရန် ဆရာဝန် ငါးဦးအဆိုပြု

**နေပြည်တော် မတ် ၂၄** – COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကျရာနေရာမှ တာဝန်ထမ်းဆောင်ရန် အဆိုပြုလာသည့် ဆရာဝန် ငါးဦးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၎င်းတို့ ဆန္ဒပြုသည့် ချင်းပြည်နယ် တီးတိန်မြို့ ပြည်သူ့ဆေးရုံ သို့ မတ် ၂၅ ရက်မှစတင်၍ တွဲဖက်တာဝန်ချထားလိုက်ကြောင်း အဆိုပါဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ သိရသည်။

ချင်းပြည်နယ် တီးတိန်မြို့ ပြည်သူ့ဆေးရုံသို့ ဆန္ဒအလျောက် သွားရောက် တာဝန်ထမ်းဆောင်မည့် ဆရာဝန်များမှာ ဒေါက်တာ နုန်းမွန်းထောန် (လက်ထောက်ဆရာဝန် (အရိုး) အခြေခံသင်တန်း ရာထူးစု၊ ကုသရေးဦးစီးဌာန)၊ ဒေါက်တာလာလ်ရမ်ဇာအို (လက်ထောက်ဆရာဝန်၊ ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာဘွေမန်းလျန် (ဦးစီးအရာရှိ၊ လက်ထောက်ဆရာဝန်)၊ NHP Implementation Monitoring Unit)၊ ဒေါက်တာ ဝတ်ရည်ဝင်း (ဦးစီးအရာရှိ၊ လက်ထောက်ဆရာဝန်)၊ NHP Implementation Monitoring Unit) နှင့် ဒေါက်တာ ကောင်းမြတ်ဦး (ဦးစီးအရာရှိ၊ လက်ထောက်ဆရာဝန်၊ NHP Implementation Monitoring Unit) တို့ ဖြစ်သည်။

**သူရဇော်**

## မန္တလေးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါကာကွယ်ရေးအတွက် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ပါဆယ်စနစ်ဖြင့် ရောင်းရန် ညွှန်ကြား

**မန္တလေး မတ် ၂၄**

COVID – 19 ရောဂါ ကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် ခေါက်ဆွဲဆိုင်များ အပါအဝင် ဈေးဆိုင်များကို ရောင်းချသည့်ပုံစံ ပြောင်းလဲ၍ ပါဆယ်စနစ်ဖြင့် ရောင်းချရန် ညွှန်ကြားထားကြောင်း ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးလုပ်ငန်း ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် ပြောသည်။

"COVID – 19 ရောဂါ ကာကွယ်ရေးအတွက် စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေကို ရောင်းချတဲ့ ပုံစံပြောင်းခိုင်းတာပါ။ လူစုလူဝေး မဖြစ်အောင် ခုံခင်းပြီး ဆိုင်ထိုင်စားရတဲ့ ဆိုင်တွေကို ပါဆယ်စနစ်နဲ့ ပြောင်းလဲရောင်းခိုင်းတာပါ။ ရောင်းချတာကတော့ ပုံမှန်အတိုင်း ရောင်းချပါ။ ပါဆယ်စနစ်နဲ့ရောင်းချဖို့ ညွှန်ကြားတာပါ။ ညပိုင်းအထိ ဖွင့်တဲ့ ဆိုင်ရှိရင်လည်း ပုံမှန်အတိုင်း ရောင်းချပါ" ဟု တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်က ပြောသည်။

"ရောင်းချရမယ့် ကာလကတော့ ဒီနေ့ကနေ ဧပြီ ၃၀ ရက် အထိပါ။ COVID – 19 ထိန်းချုပ်၊ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်အောင် ကာကွယ်တာပါ။ အချင်းချင်းကူးစက်ပြီဆိုရင် ထိန်းချုပ်ဖို့ ခက်ခဲသွားမယ်။ ဒါကြောင့် မလိုအပ်ဘဲ လူစုလူဝေး မလုပ်ပါနဲ့လို့ ပြောရာကနေ လူစုလူဝေး (လုံးဝ) မလုပ်ပါနဲ့လို့ ပြောရမယ့်အချိန်ပါ။ လက်ရှိ တက္ကသိုလ် ကောလိပ်အသီးသီးမှာ ဖြေဆိုဆဲ စာမေးပွဲတွေနဲ့ သံဃာတော်တွေ ဖြေဆိုနေတဲ့စာမေးပွဲတွေကို ရပ်ဆိုင်းထားဖို့ ညွှန်ကြားထားပါတယ်" ဟု ၎င်းက ဆက်လက် ပြောပြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## သင်္ကြန်ရင်ခုန်သံ စကားဝိုင်းဆွေးနွေးပွဲ MRTVတွင် စတင်ရိုက်ကူး

**ရန်ကုန် မတ် ၂၄**

သင်္ကြန်ရင်ခုန်သံ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ စတင်ရိုက်ကူးသည်။ **(အပေါ်ပုံ)**

မကြာမီရောက်ရှိတော့မည့် သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)တို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ စီစဉ်ရိုက်ကူးခြင်း ဖြစ်သည်။

ယနေ့ရိုက်ကူးမှုတွင် သင်္ကြန်မိုး ဇာတ်ကား ထုတ်လုပ်ခဲ့သည့် “ရီမြင့်”ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးဇော်မြင့်၊ ရိုက်ကွင်းမန်နေဂျာ ဆောင်ရွက်ခဲ့သူ အကယ်ဒမီ စင်ရော်မောင်မောင်၊ သရုပ်ဆောင် အကယ်ဒမီ နေအောင်နှင့် ဇာတ်ဝင်တေးသီချင်းသီဆိုသူ ဦးသန်းမြတ်စိုးတို့က ယင်းရုပ်ရှင်ဇာတ်ကားရိုက်ကူးခဲ့ရသည့် အကြောင်းရင်း၊ ရိုက်ကူးရေးအတွက် ကြိုတင်ပြင်ဆင်ခဲ့မှုများ၊ ဇာတ်ဝင်တေးသီချင်းရွေးချယ်ခဲ့ပုံ၊ သီဆိုတီးခတ်မှုများ၊ သရုပ်ဆောင်ခဲ့မှုများ၊ ဇာတ်ကားရိုက်ကူးစဉ် တွေ့ကြုံခဲ့ရသည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သင်္ကြန်ရင်ခုန်သံ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ပုံရိပ်ပေါ်လွင် ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများကို စိစစ်ရွေးချယ်ပြီး ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် ယင်းအစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) ရာဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## လူမှုကွန်ရက်စာမျက်နှာတွင် လတ်တလောပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၃၃ ဦးရှိပြီဆိုသည်မှာ သတင်းမှားဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ရှင်းလင်း

**နေပြည်တော် မတ် ၂၄**

လူမှုကွန်ရက်စာမျက်နှာတွင် လတ်တလောပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၃၃ ဦးရှိပြီဆိုသည်မှာ သတင်းမှား ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ မွန်းလွဲ ပိုင်းတွင် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

"လတ်တလော Messenger တွေမှာ ဖြန့်ဝေနေတဲ့ ၃၃ ဦး Positive သတင်း လုံးဝမဟုတ်ပါ။ လက်ရှိအခြေအနေထိ ထုတ်ပြန်ထားတဲ့ နှစ်ဦးသာ ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အမှန်အတိုင်း ထုတ်ပြန်ပေးလျက် ရှိပါတယ်" ဟု ၎င်းက ရေးသားထားသည်။

ထို့ပြင် ပြည်သူများအနေဖြင့် မတိကျ၊ မသေချာသည့် သတင်းများကို မဖြန့်ဝေကြရန်နှင့် သတင်းမှားဖြန့်ဝေသူများကိုလည်း သတင်းပေးဖော်ထုတ်ပေးကြရန် ၎င်းက မေတ္တာရပ်ခံကြောင်း ရေးသားထားသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦးတွေ့ရှိထားပြီး ၎င်းတို့ကို စောင့်ကြည့်လူနာအဖြစ် သီးသန့်ခန်းတွင်ထားရှိ၍ (Isolation) စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိသည်။ **ကေတာ**

**အများအားဖြင့် သာယာနေ**

**နေပြည်တော် မတ် ၂၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနတွင် Help Desk ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၄**

ရန်ကုန်မြို့၌ မတ် ၁၄ ရက်တွင် ကျင်းပခဲ့သည့် Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ COVID-19 ကြောင့် ထိခိုက်မှုရှိမည့် လုပ်ငန်းများတွင် ထိခိုက်မှု လျော့နည်းသက်သာရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်ပေးရမည့်ကိစ္စများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၆၂/၆၂) ကုန်သည်လမ်း၊ လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်းကြားရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center) တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများ ပါဝင်သည့် Help Desk တစ်ခုကို မတ် ၂၃ ရက်မှစတင်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါဗဟိုဌာနတွင် ဖွင့်လှစ်ထားသည့် Help Desk အနေဖြင့် COVID-19 ကြောင့် ထိခိုက်မှုရှိမည့် လုပ်ငန်းများတွင် ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းသို့ မြန်ဆန်သွက်လက်စွာသယ်ယူ၍ စက်ရုံများ ဆောလျင်စွာ လည်ပတ်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စများ၊ အလုပ်သမားရေးရာဆိုင်ရာကိစ္စများအပါအဝင် ချက်ချင်းအရေးယူဆောင်ရွက်ပေးရမည့် ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

COVID-19 ကြောင့် လုပ်ငန်းများတွင် ထိခိုက်မှုလျော့နည်းသက်သာရေးအတွက် လတ်တလော ကြုံတွေ့နေရသည့်အခက်အခဲများကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၆၂/၆၂) ကုန်သည်လမ်း၊ လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်းကြားရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနတွင် ဖွင့်လှစ်ထားသည့် Help Desk သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁ - ၃၈၅၃၂၃ နှင့် ၀၁- ၃၈၅၃၃၁ သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်လိပ်စာ mitcmyantrade @gmail. com သို့ဖြစ်စေ ဆက်သွယ်ချိတ်ဆက်၍ အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဂျပန်နိုင်ငံအစိုးရက ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ အမေရိကန်ဒေါ်လာ ၄၈၀၀၀၀ ခန့်ရှိ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း


**ရန်ကုန် မတ် ၂၄**

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးရေးအတွက် အမေရိကန်ဒေါ်လာ လေးသိန်း ရှစ်သောင်းခန့် ပေးအပ်ထောက်ပံ့မည့်သဘော တူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမနှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမင်းတို့က ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် အထောက်အပံ့ပေးရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(ယာပုံ)**

ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမက "ဒီစီမံကိန်းက ကျွန်တော့်အတွက် အထူးအလေးထားတဲ့ စီမံကိန်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက ကျွန်တော်ကိုယ်တိုင် မောင်တောကို သွားခဲ့ပါတယ်။ အဲဒီမှာ ဒေသခံပုဂ္ဂိုလ်တွေနဲ့ တွေ့ခဲ့ပါတယ်။ အဲဒီမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ မိမိဆန္ဒအလျောက် မြန်မာပြည်ကို ပြန်လာကြတဲ့ ဒေသခံအချို့နဲ့လည်း တွေ့ပါတယ်။ အဲဒီမှာ ဘာလိုအပ်သလဲမေးတော့ မောင်တောမှာ ဆေးရုံတော့ရှိတယ်။ အဆင့်မြှင့်တင်ဖို့လိုတယ်။ ဒါကြောင့် ဆေးရုံမြှင့်တင်ရေးနဲ့ ထောက်ပံ့မှုတွေကို ပြုလုပ်ဖို့ ကတိပြုခဲ့ပြီး အခုလို စီမံချက်ရေးဆွဲပြီး ပေးအပ်တာပါ" ဟု ပြောသည်။

မောင်တောမြို့နယ် ပြည်သူ့ဆေးရုံဆောက်လုပ်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမင်းက "မောင်တောဆေးရုံအတွက် လိုအပ်တဲ့ ပြင်ပလူနာ၊ အရေးပေါ်လူနာဆောင်၊ အထူးကြပ်မတ်ကုသဆောင်နဲ့ ဆက်စပ်ပစ္စည်းတွေကို လှူဒါန်းပေးတဲ့အတွက် မြို့သူမြို့သားများကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့ အစွန်ဆုံး၊ ဖွံ့ဖြိုးမှုနောက်အကျဆုံးမြို့ကို ရွေးချယ်ပြီး ပေးအပ်တဲ့အတွက် အထူးဝမ်းသာမိပါတယ်" ဟု ပြောသည်။



မကြာမီ မောင်တောဆေးရုံကို ခုတင်(၅၀) ဆံ့ဆေးရုံမှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသည့် အမေရိကန်ဒေါ်လာ လေးသိန်းရှစ်သောင်းခန့်ဖြင့် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၏ ပြင်ပလူနာ၊ အရေးပေါ်လူနာဆောင်နှင့် အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို တစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမင်းထံမှ သိရသည်။

မောင်တောဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက "အခုလှူဒါန်းမှုက နယ်စပ်ဒေသဖြစ်တဲ့ မောင်တောဒေသ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အလွန်အကျိုးရှိပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေအတွက်လည်း ကုသမှုအပိုင်းမှာ အကျိုးဖြစ်ထွန်းမယ်။ အဓိကလိုအပ်နေတာကတော့ ဆေးပစ္စည်းတွေပါပဲ" ဟု ပြောသည်။

**ညွန့်ကိုကို၊ ဓာတ်ပုံ- ဖိုးထောင်**

## မော်ဘီမြို့နယ် ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်၌ (၁၄)ရက်စာ အာဟာရဒါန လှူဒါန်း

**ရန်ကုန် မတ် ၂၄**

မော်ဘီမြို့နယ် ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်၌ မတ် ၂၃ ရက်မှ ဧပြီ ၅ ရက်အထိ နံနက်၊ ည ၁၄ ရက်စာကို ဆရာတော်ကြီးထံမှ ခွင့်ပြုချက်ယူ၍ ခိုင်ခိုင်ကျော် (မြန်မာထမင်းဆိုင်)မှ အာဟာရဒါနကျွေးမွေးကြောင်း သိရသည်။

**လာရောက်ကြည့်ရှု**

အဆိုပါ ကျောင်းတိုက်ကြီးသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုခဲ့သည်။ ပြည်ပမှ ပြန်လာသူ ညီအစ်ကိုမောင်နှမများ၏ မိသားစုများကို အသိပေးထားပြီး ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်၍ မေတ္တာ၊ စေတနာအပြည့်ဖြင့် အနီးကပ်ကြီးကြပ် ပံ့ပိုးဖြည့်ဆည်းလျက်ရှိကြောင်း သိရသည်။

**မျိုးသန့် (ပြန်/ဆက်)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကျင်းပ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့်စပ်လျဉ်း၍ လွှတ်တော်သဘောတူ

**နေပြည်တော် မတ် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် ထောက်ပံ့ငွေဒေါ်လာ ၁၀ သန်း ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီစီမံချက် IDA–17 ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ကမ္ဘာ့ဘဏ်က သတ်မှတ်ထားသည့် ငွေကြေးထောက်ပံ့ရေး ဆက်စပ်အညွှန်းကိန်း (၇)ခုဖြင့် တိုင်းတာခဲ့ရာနှစ်စဉ် သတ်မှတ်ချက် ပြည့်မီစွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်မှ IDA – 18 ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀နှင့် ထောက်ပံ့ငွေ ဒေါ်လာ ၁၀ သန်းကို ထပ်ဆောင်းငွေအဖြစ် စီမံချက်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ထပ်တိုးရန်ပုံငွေဆောင်ရွက်မည့်လုပ်ငန်းများ စီမံကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိခဲ့ပါကြောင်း၊ စီမံချက်ဒေသများ ရွေးချယ်ရာတွင် တိကျခိုင်မာသည့် သတင်းအချက်အလက်ကိုအခြေခံ၍ အမှန်တကယ်လိုအပ်သော မြို့နယ်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့် ကိစ္စကို လွှတ်တော်က အတည်ပြုပြီးသည့်အခါတွင် ဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းခြင်းနှင့် ချေးငွေစာချုပ် လက်မှတ်ရေးထိုးခြင်း၊ စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူသုံးစွဲမှုရရှိစေရန် ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းစောင့်ကြည့်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဓိကလိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး စီမံချက်ကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် IDA–18 ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထပ်မံရယူမည့်ကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က အဆိုပါ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံ မဲ ၅၅၁၊ ကန့်ကွက်မဲ ၁ မဲနှင့် ကြားနေမဲ ၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။




ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော့တင်း



ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်

### ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း က မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်စွမ်းအား ပိုမိုထုတ်လုပ်ရန် လိုအပ်လျက်ရှိပါကြောင်း၊ လျှပ်စစ်စွမ်းအင်တိုးတက်အသုံးပြုလာနိုင်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးရေးကွာဟမှုကို လျော့နည်းစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး သီလဝါစက်မှုဇုန်အတွင်း လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၇ ဒသမ ၃၃၉ ဘီလီယံ ချေးငွေရယူရေးကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်က ချေးငွေကို တာဝန်ခံဝန်ကြီးဌာနအနေဖြင့် မိမိကိုယ်ပိုင်ငွေကို သုံးစွဲသကဲ့သို့ ခြိုးခြံချွေတာ၍ စနစ်တကျသတ်မှတ်ထားသော စီမံကိန်းအကောင်အထည်ဖော်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန်လိုအပ်ပြီး အဆင့်ဆင့်စစ်ဆေးမှုများလည်း အမြဲမပြတ်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ သို့မှသာ စီမံကိန်းရည်မှန်းချက် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အဘက်ဘက်မှ တိုးတက်လာစေရန် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်းငွေ ၇ ဒသမ ၃၃၉ ဘီလီယံချေးယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၃၅၀ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ချေးငွေများကို သုံးစွဲရာတွင် စာချုပ်စည်းကမ်းများနှင့်အညီ ထိထိရောက်ရောက်သုံးစွဲရန် လိုအပ်ပါကြောင်း၊ ချေးငွေနှင့် သုံးစွဲသည့် အသုံးစရိတ်များ ပိုလျှံငွေပြန်အပ်ရသည့်ကိစ္စ မဖြစ်စေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပြီး Work Plan အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ချေးငွေသက်တမ်းအတွင်း Work Plan နှင့်အညီ ချေးငွေအပြည့်အဝထုတ်ယူနိုင်ရန်အတွက် စီစဉ်ထားရှိရန်နှင့် သတ်မှတ်ပြန်ဆပ်ကာလအတွင်း အတိုး၊ အရင်းများကိုလည်း အနီးစပ်ဆုံး နိုင်ငံခြားငွေဈေးနှုန်းနှင့် တွက်ချက်လျာထားကြရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် က ကမ္ဘာ့ဘဏ်ချေးငွေသည် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ ၊ ၂၀၁၈ ခုနှစ်ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ဖွံ့ ဖြိုးမှု ဆိုင်ရာ မူဝါဒများနှင့်ကိုက်ညီသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ – ၂၀၃၀ ၏ မဟာဗျူဟာ ၅ ဒသမ ၄ နှင့် ၅ ဒသမ ၅ action plan များနှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်၏ IDA – 18 အစီအစဉ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၅၀ ရယူနိုင်ရေး ဆောင်ရွက်ချက်ကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

### ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ထံမှ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ထံမှ ဂျပန်ယန်း ၄၀ ဒသမ ၆၀၄ ဘီလီယံ ချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ရန်ကုန် – မန္တလေး ရထားလမ်းပိုင်းပြုပြင်အဆင့်မြှင့်တင်ရန်အတွက် ဂျပန်ယန်းငွေ ၄၀ ဒသမ ၆၀၄ ဘီလီယံချေးငွေအတွက် ထောက်ခံပါကြောင်း၊ အကြံပြုလိုသည်မှာ ချေးငွေများကို အလေအလွင့်မရှိ စနစ်တကျသုံးစွဲမည်ဟု ယုံကြည်ပါကြောင်း၊ မတော်တဆထိခိုက်မှုများ မရှိစေရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာဖြင့် သွားလာနိုင်ရန်နှင့် လက်မှတ်မှောင်ခိုကိစ္စရပ်များ ပပျောက်စေရန် ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာအဆင့်မီရထားများ မကြာသောကာလတွင် မိမိတို့နိုင်ငံ၌ ပြေးဆွဲနိုင်မည်ဟု ယုံကြည်သည့်အတွက် JICA ချေးငွေရရှိရေးကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရထားပို့ဆောင်ရေးလုပ်ငန်း ရန်ကုန် – မန္တလေး ရထားလုပ်ငန်း အဆင့်မြှင့်တင်ရန် JICA မှ ချေးယူမည့်ကိစ္စကို အကြံပြုလိုပါကြောင်း၊ ယခုစီမံကိန်းသည် အရှုံးဖြစ်ပေါ်နေသည့် မြန်မာ့မီးရထားလုပ်ငန်းအတွက် ဝင်ငွေတိုးလာနိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ခရီးသွားပြည်သူများအတွက် ကောင်းကျိုးများစွာ ရရှိနိုင်မည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း၊ ထို့ပြင် မြန်မာ့မီးရထားလုပ်ငန်းဝင်ငွေတိုးလာစေရန်အတွက် ရထားတွဲများ၊ ရထားလမ်းများ အဆင့်မြှင့်တင်ပေးလိုက်သည်နှင့်အညီ ခရီးသွားပြည်သူများ ပိုမိုအားကိုးပြီး ပိုမိုသုံးစွဲနိုင်ရန်မှာ အဓိကကျပါကြောင်း။

ထို့ပြင် သယ်ယူပို့ဆောင်ရသည့် ကုန်စည်များကိုလည်း ပျက်စီးလေလွင့်မှုမရှိ စနစ်တကျထိန်းသိမ်း၍ လိုရာနေရာသို့ အဆင်ပြေလွယ်ကူစွာ ရောက်ရှိနိုင်စေရန် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အရှုံးဖြစ်ပေါ်နေသည့် မြန်မာ့မီးရထားလုပ်ငန်းသည် အမြတ်ရလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေ စီမံကိန်းများနှင့် ပတ်သက်၍ ယခင်ချေးငွေများတွင် အကြံပြုခဲ့သလို စာချုပ်စည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်နှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (EDCF)ထံမှ အမေရိကန်ဒေါ်လာ ၁၂၅ သန်းချေးငွေ ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက မြန်မာ့မီးရထားချေးငွေနှင့် ပတ်သက်၍ ထောက်ခံပါကြောင်း၊ စီမံကိန်းမှာ မန္တလေး မြစ်ကြီးနားလမ်းပိုင်းရှိ ဂျိုးထောင် – မဲဇာနှင့် မော်ဟန် – ကာဒူလမ်းပိုင်းများကို အဆင့်မြှင့်တင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရထားလမ်းများ အဆင့်မြှင့်ပြီး အချိန်တိုနှင့် ပို့ဆောင်ပေးမည်ဆိုပါက ကုန်ဈေးနှုန်းတည်ငြိမ်ခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် အလုပ်အကိုင်ဖန်တီးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ကုန်ရထားများကို ပိုမိုပြေးဆွဲရန် စီစဉ်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆိပ်ကမ်း မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# တရုတ်-မြန်မာ လန်ချန်း - မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အလားအလာကြီးမားလျက်ရှိ

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်

**ကော်ဖီဖြင့် လုပ်ငန်းမြှင့်တင်ဖော်ဆောင်ခြင်း**

ရန်ကုန်တွင် ကော်ဖီကြိုက်နှစ်သက်သူများသည် လမ်းမထက်၌ အေးအေးလူလူ လမ်းလျှောက်ရင်း ကော်ဖီရဲ့ သင်းရနံ့ကိုရှူရှိုက်မိရာမှ ကော်ဖီဆိုင်ကောင်းကောင်းကို ရှာတွေ့မိနိုင်ပါသည်။ ဥပမာ-နှစ်တစ်ရာကျော်သက်တမ်းရှိ Strand Hotel ၌လည်းကောင်း၊ လူကြိုက်များလှသည့် ရွှေပုစွန် (Shwe Pu Zun) ၌လည်းကောင်း၊ နေရာအနှံ့ မြင်တွေ့နိုင်သည့် Gloria Jeans ဆိုင်ခွဲများ၌လည်းကောင်း၊ သို့မဟုတ် ကျွန်တော် ယခုတလော Central ၌ အမှတ်တမဲ့ တွေ့ရှိလိုက်သည့် ဆိုင်သစ် Original ၌လည်းကောင်း ကော်ဖီကောင်းကောင်းတစ်ခွက် သောက်သုံးနိုင်ပါသည်။ ဤဟောင်ကောင်မှ လူငယ်စွန့်ဦးတီထွင်သူတစ်စု ဖွင့်လှစ်သည့် ကော်ဖီဆိုင်သည် ပြုပြင်ထားသည့် မြန်မာ့ကော်ဖီ စစ်စစ်ကို လူသိများလာအောင် ဆောင်ရွက်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ကော်ဖီတစ်ခွက်တွင် ကော်ဖီစေ့ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ လှော်ခြင်းတို့မှသည် ကိုယ်တိုင်ဖျော်စပ်သည်အထိ၊ မွှေးကြိုင်သည့်ရနံ့နှင့် အရသာတို့၌ ကော်ဖီထွက်ရှိရာ ဒေသ၏ သဘာဝတရားနှင့် ကော်ဖီဖန်တီးထုတ်လုပ်သူတို့၏ အကောင်းဆုံးကိုလိုလားသည့် စိတ်ဓာတ်တို့ ပါဝင်နေပါသည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် ထွက်ရှိသည့် Arabica ကော်ဖီစေ့နှင့် ရှောဝတီတိုင်းဒေသကြီးတွင် ထွက်ရှိသည့် Robusta ကော်ဖီစေ့တို့ အရသာပေါင်းစပ်လိုက်သည့် တစ်ခဏအတွင်းမှာ ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခု ဝင်ရောက်လာပါသည်။ အခွင့်သာပါက ကျွန်တော် မိတ်ဆွေအပေါင်းအသင်းများကို Original ဆိုင်ကို ဖိတ်ခေါ်ပြီး မြန်မာ့ကော်ဖီကို ကြိုက်နှစ်သက်သွားအောင် မြည်းစမ်းစေချင်မိပါသည်။

မြန်မာ့ကော်ဖီ စိုက်ပျိုးမှုသမိုင်းသည် ကြာမြင့်ပြီဖြစ်သော်လည်း မြန်မာ့ကော်ဖီ စီးပွားဖြစ် ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်၌ အမည်ရလာသည်မှာ လတ်တလောနှစ်ပိုင်းတွင်မှသာ ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ လက်ရှိကော်ဖီစိုက်ပျိုးမှု အကျယ်အဝန်း ဧကငါးသောင်းခန့်ရှိပြီး ယင်းအနက် Arabica ကော်ဖီစေ့ ၈၀ ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိပါသည်။ အဓိကထွက်ရှိရာဒေသမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ပြီး နှစ်စဉ်ကော်ဖီ အထွက်နှုန်း တန်ချိန် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ရှိပါသည်။ မြန်မာ့ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အချိန်အခါ၌ ၂၀၁၈ ခုနှစ် တရုတ်-မြန်မာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုမူဘောင်အောက်ရှိ "လန်ချန်း-မဲခေါင်ဒေသ ကော်ဖီအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရေး" (Improvement of Coffee Production and Coffee quality in Mekong- Lancang Region) စီမံကိန်းကို မြန်မာနိုင်ငံ၌ ဖော်ဆောင်လာပါသည်။

စီမံကိန်းသည် မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ပျိုးရန် သင့်လျော်သည့် ဒေသအားသာချက်နှင့် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်အလျောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူဦးရေ ၁၂၁၁၀ ပါဝင်သော ကော်ဖီစေ့ခူးဆွတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထုတ်လုပ်ရေးဆိုင်ရာ သင်တန်းပေးမှုများ ဖော်ဆောင်ခဲ့ပြီး အဓိကထွက်ရှိရာဒေသများမှ တောင်သူများထံသို့ ကြိတ်စက် ၁၂ လုံး၊ Arabica ကော်ဖီလမ်းညွှန် ၁၂ မျိုးနှင့် ကော်ဖီပျိုးပင် ၁၁၃၃၀၀ လက်ဆောင်ပေးအပ်ခဲ့ရာ ကော်ဖီစီမံကိန်းလေးမှ ဒေသလူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးပွားရေးအတွက် အခွင့်အလမ်းကောင်းများ ပိုမိုဖန်တီးပေးနိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ နိုင်ငံနှင့် ဒေသ ၃၁ ခုသို့ ကော်ဖီစေ့ ၁၁၁၉ ဒသမ ၄ တန် တင်ပို့နိုင်ခဲ့ရာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ သန်းနီးပါး ရရှိခဲ့ပါသည်။ ထိုသို့တင်ပို့ရာ၌ ထိုင်း၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် တင်ပို့မှုအများဆုံး နိုင်ငံသုံးနိုင်ငံဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ တိုးတက်မှုအမြန်ဆုံးသော ကော်ဖီဈေးကွက် ဖြစ်လာပါသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား အရည်အသွေးမြင့်ကော်ဖီ ဖြန့်ဖြူးခြင်း၊ တီထွင်ဆန်းသစ်ခြင်းတို့ တိုးမြှင့်ဆောင်ရွက်၍ အတွေ့အကြုံမျှဝေခြင်း၊ ဈေးကွက်ချိတ်ဆက်ခြင်း၊ အားသာချက်ချိတ်ဆက်ခြင်းတို့ အပြန်အလှန်ဆောင်ရွက်လာသည့်အလျောက် မြန်မာ့ကော်ဖီလုပ်ငန်း ပိုမိုကောင်းမွန်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာရန် သေချာပေါက် အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်မိပါသည်။

**အသေးစားစီမံကိန်းဖြင့်**
**အလားအလာကောင်းများ ဖန်တီးခြင်း**

၂၀၁၄ ခုနှစ် နိုဝင်ဘာလတုန်းက တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် Mr. Li Keqiang သည် မြန်မာနိုင်ငံသို့လာရောက်၍ (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံခေါင်းဆောင်များ အစည်းအဝေး တက်ရောက်စဉ်အတွင်း လန်ချန်းမြစ်-မဲခေါင်မြစ်ပူးပေါင်းဆောင်ရွက်ရေးယန္တရားကို ထူထောင်ရန် အဆိုပြုခဲ့ပါသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံအကြီးအကဲတို့သည် ဟိုင်နန်ပြည်နယ် စန်းယမြို့၌ကျင်းပသည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်ခေါင်းဆောင်များအစည်းအဝေးကို အတူတကွ တက်ရောက်ခဲ့ကြပြီး လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ကို အလုံးစုံစတင်ဖော်ဆောင်ခဲ့ပါသည်။ လက်ရှိတွင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် "3+5+X" ပူးပေါင်းဆောင်ရွက်မှုမူဘောင် ဖြစ်ပေါ်လာပြီး နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Development)၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People-to-People Exchanges) ဟူသည့် မဏ္ဍိုင်သုံးရပ်ဖြင့် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources)၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agriculture and Poverty Reduction) စသည့် နယ်ပယ်ငါးခု၌ ဦးစားပေး ပူးပေါင်းဆောင်ရွက်ကြပြီး ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံ၏ လက်တွေ့လိုအပ်ချက်များနှင့် ပေါင်းစပ်ကာ အခြားနယ်ပယ်များကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ကော်ဖီကို အဓိကထားသည့် စိုက်ပျိုးရေးလုပ်ငန်း



မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး
မစ္စတာ ချန်းဟိုင်

ပူးပေါင်းဆောင်ရွက်မှုသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ အမှတ်သင်္ကေတပုံရိပ်ငယ်တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံမှ အဆိုပြုပြီး တွန်းအားပေးဖော်ဆောင်လျက်ရှိသည့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အလတ်စား၊ အသေးစားစီမံကိန်းမှ တစ်ဆင့် ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှုကို ထောက်ခံအားပေးရန်အတွက် တရုတ်နိုင်ငံသည် သက်သာသောချေးငွေ တရုတ်ယွမ်ငွေ ၁၀ ဘီလီယံ၊ credit line အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ သိန်းသုံးထောင်ရှိသည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေကို ထူထောင်ခဲ့ပါသည်။ လေးနှစ်တာကာလအတွင်း ခြောက်နိုင်ငံသည် အပြန်အလှန်ချိတ်ဆက်ရေး၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ယဉ်ကျေးမှု ခရီးသွားလာရေး စသည့်နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၄၁၀ ကျော် အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ ထောက်ပံ့မှုရရှိသော အဓိကနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၌ လေးနှစ်တာကာလအတွင်း စီမံကိန်း ၅၁ ခု ဖော်ဆောင်ခွင့်ရရှိခဲ့ပြီး ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၆ သန်းကျော် ရရှိခဲ့ပါသည်။

တရုတ်-မြန်မာနှစ်နိုင်ငံသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုယန္တရားအောက်တွင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အား ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့် ဦးစားပေးနယ်ပယ်များမှ ကျန်းမာရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်နယ်ပယ်များအထိ တိုးချဲ့လာကာ ကိုယ်စားပြုစီမံကိန်းတစ်သုတ် အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ပါသည်။ "မဲခေါင်မြစ် မြန်မာနိုင်ငံ ဝမ်ပုံဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေး ဖြစ်နိုင်ခြေလေ့လာမှု" (The Feasibility Study on Myanmar Wan Pong Port Improvement Project)၊ "ဝမ်ပုံရေကြောင်းရဲတပ်ဖွဲ့စခန်းအဆင့်မြှင့်တင်ပြုပြင်မွမ်းမံမှု"(Reconstruction and Upgrade Project of the Wan Pong Maritime Regional Division) စသည့်စီမံကိန်းများသည် မဲခေါင်မြစ်၌ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် ရေကြောင်းပို့ဆောင်ရေး အရည်အချင်းများကို ပြုပြင် မြှင့်တင်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ "မြန်မာ့ရေစပါး အရည်အသွေးမြင့်မျိုးစိတ် စိုက်ပျိုးရေးနှင့် အရည်အသွေးမြင့်စိုက်ပျိုးမှုစီမံကိန်း" (Breeding Elite Rice Varieties and Optimizing their cultivation in Myanmar)၊ "ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု နည်းပညာလွှဲပြောင်းမှု" (Rural Development and Vegetable Cultivation Technology transfers in Mekong-Lancang Region)၊ "ရေထွက်ကုန်ချောထုတ်လုပ်ရေးစက်ပစ္စည်း အရည်အသွေးအာမခံစနစ် ပြုပြင်မှု"(Improvement of Quality Assurance Systems for Small and Medium sized Traditional Fish Product Processing Establishments in Myanmar )၊ "ပိုးချည်ကောင် သုတေသနစင်တာ ထူထောင်မှု" ( Establishment of Sericulture Research and Development Center) စသည့် စိုက်ပျိုးရေး စီမံကိန်းများက မြန်မာနိုင်ငံ အခြေခံစိုက်ပျိုးရေး သုတေသန ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးခဲ့ပါသည်။

"လန်ချန်း-မဲခေါင် နိုင်ငံအမွေအနှစ်ကာကွယ်ရေး ဆွေးနွေးပွဲ" (Workshop on Heritage Sites Management in Lancang-Mekong Countries)၊ "လန်ချန်း-မဲခေါင် လူငယ်ယဉ်ကျေးမှုကူးလူးဖလှယ်ရေး စခန်းချလှုပ်ရှားမှု" (Lancang-Mekong Cultural Exchange Youth Camp )၊ *စာမျက်နှာ ၉ သို့*

> **"လေးနှစ်တာကာလအတွင်း ခြောက်နိုင်ငံသည် အပြန်အလှန် ချိတ်ဆက်ရေး၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ယဉ်ကျေးမှု ခရီးသွားလာရေး စသည့်နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ၄၁၀ ကျော် အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေထောက်ပံ့မှုရရှိသော အဓိကနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၌ လေးနှစ်တာကာလအတွင်း စီမံကိန်း ၅၁ ခု ဖော်ဆောင်ခွင့်ရရှိခဲ့ပြီး ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၆ သန်းကျော် ရရှိခဲ့ပါသည်"**

*စာမျက်နှာ ၈ မှ*

“ဒေသတွင်း ဖွံ့ဖြိုးတိုးတက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှု ဆွေးနွေးပွဲ” (Seminar on Innovation and Young Entrepreneurship for Regional Development) စသည့် ပြည်သူချင်း ကူးလူးဖလှယ်ရေး စီမံကိန်းများသည် လန်ချန်း-မဲခေါင် ခြောက်နိုင်ငံနယ်ပယ်အသီးသီး၏ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအသိကို တိုးပွားလာစေပြီး လန်ချန်း-မဲခေါင်နိုင်ငံများ သမိုင်းယဉ်ကျေးမှုလက်ဆင့် ကမ်းရေးအတွက် အထောက်အကူပြုကာ နိုင်ငံအသီးသီး မှ ပြည်သူများအကြား စိတ်နှလုံးချင်း ဆက်နွှယ်မှုကို မြှင့်တင်ပေးပါသည်။ လေးနှစ်တာကာလအတွင်း၌ မြန်မာ့လူမှုနယ်ပယ်အသီးသီး၏ လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟုသုတများ စဉ်ဆက်မပြတ်တိုးများလာပြီး “ဌာနအသီးသီးပါဝင်၍ ဘက်စုံဖော်ဆောင်ခြင်း” ဟူသည့် ပူးပေါင်းဆောင်ရွက်မှုအခင်းအကျင်း ကနဦးအဆင့်ပုံပေါ်လာကာ မြန်မာနိုင်ငံ သက်ဆိုင်ရာနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားအင်သစ်များ ဆောင်ကြဉ်းပေးလာသကဲ့သို့ မြန်မာ ပြည်သူများအတွက်လည်း လက်တွေ့ကျသည့် အကျိုး ကျေးဇူးများ ဆောင်ကြဉ်းပေးလာပါသည်။

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် အစဉ် အလာချစ်ကြည်ရေးသံယောဇဉ်များတွင် အခြေစိုက်ကာ တူညီသည့်အကျိုးအမြတ်များအပေါ်တွင် ထူထောင် ထားပြီး ခေတ်ရေစီးကြောင်းနှင့် အလိုက်သင့်ဖြစ်တည်၍ ပြည်သူ့စိတ်ဆန္ဒနှင့် ကိုက်ညီသဖြင့် ဤကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုခိုင်မာကြာရှည်ကြောင်း လက်တွေ့က သက်သေပြနေပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး မဏ္ဍိုင်ကြီးသုံးခုသည် အာဆီယံ အသိုက်အဝန်းတည်ဆောက်ရေး မဏ္ဍိုင်ကြီးသုံးခုနှင့် အလွန်ပန်သင့်လှသဖြင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုး တိုးတက်မှုကွာဟချက်ကို လျှော့ချရန် အကျိုးရှိပြီး အာဆီယံတစ်သားတည်းဖြစ်ခြင်း လုပ်ငန်းစဉ်အတွက် လည်း အထောက်အကူပြုကာ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုအတွက် အပြုသဘောဆောင်သည့် ဆက်ဆံမှုထူထောင်ပေးနိုင်သကဲ့သို့ ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုအတွက် ပိုမိုသာယာလှပသည့်အနာဂတ်ကို ဖန်တီးပေးနိုင်ပါသည်။

### ခေတ်သစ်တွင် လုပ်ဆောင်ချက်အသစ်များ ကြိုးပမ်းဖော်ဆောင်ခြင်း

မြန်မာနိုင်ငံသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင် ရွက်မှု၏ ပထမဆုံးအဆိုပြုရာဒေသ ဖြစ်သည်သာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် ရလဒ်ကောင်းများ နေ့စဉ်နှင့်အမျှ ဖြစ်ထွန်းနေသော “လန်ချန်း-မဲခေါင် လုပ်ငန်းတွင်ကျယ် မှု” နှင့် “တန်းတူညီမျှဆက်ဆံသော၊ ရိုးသားဖြောင့်မတ်စွာ အပြန်အလှန်ကူညီဖေးမသော၊ မိသားစုဝင်ပမာ ချစ်ခင် ရင်းနှီးသော” လန်ချန်း-မဲခေါင်ယဉ်ကျေးမှုကို အတူတကွ တည်ဆောက်သူနှင့် အကျိုးထမ်းရွက်သူလည်း ဖြစ်ပါ သည်။ ယခုနှစ်သည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင် ရွက်မှု လေးနှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး မြန်မာ နိုင်ငံသည် မကြာမီတာဝန်လွှဲယူကာ တရုတ်နိုင်ငံနှင့် အတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲ ဥက္ကဋ္ဌနိုင်ငံအဖြစ် ထမ်းဆောင်တော့မည် ဖြစ်သည်။ ယင်းအတွက် ကျွန်တော် ဂုဏ်ပြုစကားပြောကြားလို ပါသည်။


လက်ရှိတွင် နိုင်ငံတကာအခြေအနေရှုပ်ထွေး၍ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ တစ်ကမ္ဘာ လုံး ဘဏ္ဍာရေးနှင့် ရေနံဈေးကွက်တွင် အပြောင်းအလဲ များရှိသည့်အပြင် COVID-19 ရောဂါကလည်း တစ်ကမ္ဘာ လုံး၌ ပျံ့နှံ့လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးအလားအလာများသည် မသေချာမှုများနှင့် ရင်ဆိုင်နေရပြီး လန်ချန်း-မဲခေါင်နိုင်ငံများ ဒေသတွင်း တည်ငြိမ်ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွဖော်ဆောင်ရေး အတွက် စိန်ခေါ်မှုအသစ်များသယ်ဆောင်လာသဖြင့် နိုင်ငံအသီးသီးက ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ကာ အခက်အခဲများကို အတူတူကျော်လွှားကြရန် လိုအပ်ပါ သည်။

ယခုနှစ်ဦးပိုင်းတွင် တရုတ်နိုင်ငံသမ္မတ Mr. Xi Jinping သည် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ် လာရောက်ခဲ့ပါသည်။ တရုတ်-မြန်မာနှစ်နိုင်ငံသည် တစ်လှေတည်းစီး တစ်ခရီးတည်းသွားသည့် တရုတ်- မြန်မာ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွ လက်တွဲ တည်ဆောက်လျက်ရှိပြီး တရုတ်-မြန်မာစီးပွား ရေးစင်္ကြံဟူသော ခေတ်ကာလသစ် “ရွှေလမ်းငွေလမ်း” တည်ဆောက်မှုကို အတူတကွဖော်ဆောင်လျက်ရှိပါ သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ကြိုးပမ်း ဆောင်ရွက်ကာ နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘော တူညီချက်ကို တက်တက်ကြွကြွဖော်ဆောင်ပြီး ရောဂါ ရင်ဆိုင်တိုက်ဖျက်ရေးကို ဘက်ပေါင်းစုံမှစီမံခန့်ခွဲကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးဖော် ဆောင်သွားရန် ဆန္ဒရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ နှင့်အတူ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့် လန်ချန်း-မဲခေါင် ယန္တရားစသည့်ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများတွင် ပိုမိုများပြားသည့်ရလဒ်ကောင်း များရရှိရန် တွန်းအားပေးပြီး မြန်မာနိုင်ငံနှင့် ဒေသတွင်း နိုင်ငံများမှ ပြည်သူများအတွက် ပိုမိုများပြားသည့် အကျိုးစီးပွားများ ဆောင်ကြဉ်းပေးကာ လန်ချန်း-မဲခေါင် နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းကို လက်တွဲ တည်ဆောက်သွားရန်လည်း ဆန္ဒရှိပါသည်။ ။

ဤဆောင်းပါးတွင် ဖော်ပြချက်များသည် ဆောင်းပါး ရှင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ အာဘော်သာဖြစ်ပါသည်။

စာတည်းအဖွဲ့

## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ




*ယမန်နေ့မှအဆက်*

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

### ကော်မရှင်၏အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု

အစီရင်ခံသည့်ကာလအတွင်း ကော်မရှင်၏အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-




- ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို (၉-၁၀-၂၀၁၉) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။
- (၁၈-၁၁-၂၀၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေးကော်မတီ (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။
- ကော်မတီစတင်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအထိလုပ်ငန်း ဆောင်ရွက်မှုများကို အစီရင်ခံစာ (၅)ကြိမ်ဖြင့် တင်ပြနိုင်ခဲ့ပြီး၊ ယခုအစီရင်ခံစာတွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄)လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ဆဋ္ဌမ အကြိမ်မြောက် ပြည်သူသို့ တင်ပြခြင်းဖြစ်ပါသည်။

◆ *ကျောဖုံးမှ*

အဲဒီလိုလုပ်နေတဲ့အချိန်မှာပဲ ချစ်ကြည်ရေးတံတားအမှတ်(၂)ကနေပြီး ပြန်လာမယ့် သူတွေ ရောက်နေတယ်လို့ သိရပါတယ်။ ကျွန်တော် ဒါကို ပြည်ထောင်စုထိ အဆင့်ဆင့်တင်ပြလိုက်ပါတယ်။ ဒါကြောင့် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ လမ်းညွှန်လာတာ ဖြစ်ပါတယ်။ ဒီလူတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ စောင့်ကြည့်ဖို့ စီမံဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်နိုင်အောင်လည်း ဒီကနေ တစ်ခါတည်း ပို့လိုက်တဲ့လူတွေရဲ့ အချက်အလက်တွေကို ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြတယ်။ ပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့ သက်ဆိုင်ရာအစိုးရအဖွဲ့တွေကို ချိတ်ဆက်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်’’ ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

ယနေ့တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)တွင် လေးရက်မြောက်နေ့၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဆက်လက်ဝင်ရောက်လျက်ရှိရာ ပြန်လည်ဝင်ရောက်သူများ ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားလိုအပ်သူများ အဆင်ပြေစေရေး ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အလားတူ ပြန်လာသူများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မြန်ရောဂါ (COVID-19) ကာကွယ်/တားဆီးနိုင်ရေးတို့အတွက် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ရောဂါနှိမ်နင်းရေး ညွှန်ကြားရေးမှူး ဒေါက်တာ စည်သူအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြဝတီ၊ ဘားအံ၊ ကော့ကရိတ်မြို့ရှိ ကျန်းမာရေး ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အင်အားဖြည့်ပေါင်းစပ်၍ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

တရုတ်နိုင်ငံဘက်သို့ နှစ်စဉ်တင်ပို့ရောင်းချနေကြောင်း သိရသည်။

ပြီးခဲ့သည့် တရုတ်နှစ်သစ်ကူးကာလအတွင်း နှစ်နိုင်ငံ ဖရဲရောင်းဝယ်ရေးကို ခေတ္တသုံးရက် ရပ်နားခဲ့တာကလွဲလို့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖရဲအရောင်းအဝယ် လုံးဝရပ်တန့်သွားသည်အထိမရှိကြောင်း ကုန်သည်များက ပြောသည်။

### နေ့စဉ်ဝင်ရောက်ရောင်းချ

“ဖရဲသခွားအရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖရဲအရောင်းအဝယ် မရပ်သွားပါဘူး။ နေ့စဉ်တော့ ဝင်ရောက်ရောင်းချနေကြပါတယ်။ အခုရက်ပိုင်းဆိုရင် တရုတ်ဘက်က အဝယ်လိုက်လာသလို ဈေးကောင်းလည်း ရပါတယ်။ ဒါပေမယ့် ဒီမှာအရောင်းအဝယ်ဖြစ်ပြီး ကျင်စန်းကျော့ဂိတ်အဝင်မှာ ဖရဲကားတွေ ပြန်ပြီးတန်းစီစောင့်ဆိုင်းနေရတဲ့အတွက် ယာဉ်မောင်းတွေ၊ ကုန်သည်ပွဲစားတွေ အခက်အခဲရှိတာပေါ့။ (၁၀၅) မိုင် အသီးအရောင်းအဝယ်ကွင်းမှာတော့ ပုံမှန်အားဖြင့် မနက် ၇ နာရီကနေ ၁၀ နာရီဝန်းကျင်လောက်ထိ အရောင်းအဝယ်ပြုလုပ်ကြတာဖြစ်ပြီး လောလောဆယ် အနေအထားအရ အသီးရောင်းချိန်ကို တိုးမြှင့်ရောင်းချပေးပါတယ်။ ကိုယ့်ဘက်က အချိန်ကို ဘယ်လိုပဲ ပြောင်းရွှေ့ရောင်းချပေမယ့် သူတို့ဘက်က အခက်အခဲတွေကြောင့် ကျင်စန်းကျော့လမ်းပေါ်မှာ ဖရဲ သခွားကားတွေ နေ့စဉ်လိုလို ပိတ်မိနေတယ်” ဟု ခွာညိုပွဲရုံပိုင်ရှင် ဦးစိုးခင်မောင်က ပြောသည်။

### အခက်အခဲအမျိုးမျိုးရှိ

မူဆယ်လမ်းတွင် ကားပြေးဆွဲနေခဲ့သည်မှာ ၁၀ နှစ်ခန့်ရှိပြီဆိုသည့် ကားဆရာ ကိုစိန်မြင့်က “ကျွန်တော်တို့ (၁၀၅) မိုင်အသီးကွင်းမှာ အစောတလျှင် အရောင်းအဝယ်ဖြစ်ကြပေမယ့် ကျင်စန်းကျော့လမ်းမှာ အချိန်အလွန်ကြာတဲ့အတွက် အခက်အခဲအမျိုးမျိုးတော့ ရှိတာပေါ့။ တရုတ်နိုင်ငံဘက်ကလည်း ကျန်းမာရေးစစ်ဆေးချက်တွေလုပ်တယ်၊ ကိုယ်အပူချိန်တိုင်းတယ်၊ အဝင်အထွက်ဖောင်ဖြည့်ရတယ်၊ ကားတစ်စီးကို အနည်းဆုံး ငါးမိနစ်လောက်ကြာတယ်။ အရှေ့မြောက်တံခါးကုမ္ပဏီအနေနဲ့တော့ အသီးယာဉ်မောင်းတွေ တရုတ်ပြည်ထဲကို အမြန်ဆုံးဝင်ရောက်ပြီး ရောင်းချနိုင်ဖို့အတွက် ကျင်စန်းကျော့ဂိတ်အဝင်မှာ ယာဉ်မောင်းတွေအတွက် ကြိုတင်ဖောင်ဖြည့်ပေးတာ၊ ယာဉ်မောင်းတွေ လတ်တလော အလွယ်တကူ သွားလာရေး အဆင်ပြေဖို့အတွက် ကျင်စန်းကျော့လမ်းပေါ်တွင် ဆိုင်ကယ် Taxi တွေနဲ့ အကြို/အပို့ လုပ်ဆောင်ပေးတာတွေကိုလည်း ပြုလုပ်ပေးပါတယ်။ ယာဉ်မောင်းတွေအနေနဲ့လည်း တစ်စီးနဲ့တစ်စီး ကျော်တက်မောင်းနှင်ကြတာတော့ မရှိပါဘူး။ အားလုံးက စည်းကမ်းရှိစွာ မောင်းနှင်ကြတာ ဖြစ်ပါတယ်။ အခုဖြစ်နေတာက တရုတ်ပြည်အဝင်အထွက်ကြောင့် အချိန်ကြာနေတာ ဖြစ်ပါတယ်။ ဒါကလည်း သူ့နိုင်ငံ သူ့စည်းကမ်းဆိုတော့ ကျွန်တော်တို့အနေနဲ့ ဘာမှသွားပြောလို့ မရဘူး။ တချို့လည်း ဝမ်းတိန်ကွင်းမှာ ရောင်းမရလို့ ပြန်လွှတ်လိုက်တဲ့ကားတွေလည်း ရှိတယ်။ ဂိတ်အဝင် အချိန်ကြာတဲ့အတွက်ကြောင့် ကျင်စန်းကျော့လမ်းပေါ်မှာ နှစ်ည၊ သုံးညလောက် အိပ်နေရတဲ့ ကားသမားတွေလည်း ရှိတယ်။ ဒီလိုအချိန်ကြာကြာ စောင့်နေရရင်တော့ တင်ထားတဲ့အသီးတွေ အရည်အသွေးပိုင်း ထိခိုက်မှုရှိသလို ကျွန်တော်တို့ ယာဉ်မောင်းတွေသာမက အသီးကုန်သည်ပွဲစားတွေအတွက် နစ်နာဆုံးရှုံးမှုတွေတော့ ရှိတာပေါ့’’ ဟု ပြောသည်။

### ရောဂါကာကွယ်ရေးဆောင်ရွက်

မူဆယ် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းတွင် နေ့စဉ်လိုလို တရုတ်ဝယ်လက်များနှင့် မြန်မာအရောင်းအဝယ်သမားများ နေ့စဉ်ထိတွေ့ဆက်ဆံနေရသည့်အတွက် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ (၁၀၅) မိုင် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များနှင့် ပူးပေါင်းပြီး မတ် ၂၄ ရက်တွင် တရုတ်ဝယ်လက် ကျား ၂၉၅ ဦး၊ မ ၃၃ ဦး စုစုပေါင်း တရုတ်ဝယ်လက် ၃၂၈ ဦးနှင့် ကားဆရာများ၊ ကုန်သည်ပွဲစားများကိုလည်း ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်များဆေးကြောပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**သန့်ဇင်- မူဆယ်**

# Coronavirus Disease 2019 (COVID - 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

နေပြည်တော် မတ် ၂၄

Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ လက်ခံသည်။ **(ယာပုံ)**

လှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက COVID – 19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါသည် မြန်မာနိုင်ငံသို့လည်း စတင်ဝင်ရောက်လာပြီဖြစ်ရာ ပြည်သူအားလုံးအတွက် အစိုးရနှင့်အတူ ပြည်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ အခန်း(၁)၊ ပုဒ်မ ၂ (ခ)၌ ဘေးအန္တရာယ်ဟု ဆိုရာတွင် သဘာဝဘေး၊ လူကြောင့်ဖြစ်သော ဘေးများသာမက ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း ပါဝင်ကြောင်း၊ သဘာဝဘေးကျရောက်စဉ်တွင် ပြည်သူများ လှူဒါန်းထားသောငွေများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေစာရင်းတွင် ထည့်သွင်းထားရှိပြီး ဘေးနှင့်ပတ်သက်၍ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရာတွင် အကျိုးရှိစွာ အသုံးပြုလျက်ရှိကြောင်း။



သို့ဖြစ်ပါ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ပြည်သူ့ထံသို့ ပြည်သူများ လိုအပ်ချိန်တွင် သုံးစွဲနိုင်ရန် ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **သတင်းစဉ်**

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး အစီအစဉ်များ၊ သတင်းများ တိုင်းရင်းသားဘာသာများဖြင့် ထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၄

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး အစီအစဉ်များကို ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ "ဝ" စသည့် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် အသိပညာပေးထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။**

"ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး အစီအစဉ်တွေကို တိုင်းရင်းသားဘာသာ ၁၁ ဘာသာနဲ့ ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိပါတယ်။ တိုင်းရင်းသား ရုပ်သံလိုင်းကနေ တိုင်းရင်းသားဘာသာတွေ ထုတ်လွှင့်ချိန် နံနက် ၆ နာရီကနေ ည ၁၁ နာရီအတွင်း တိုင်းရင်းသားဘာသာ တစ်ခုချင်းကို နာရီစဉ်အလိုက် ထုတ်လွှင့်တာဖြစ်ပါတယ်။ ဒီလို နာရီစဉ်အလိုက် ထုတ်လွှင့်နေချိန်အတွင်းမှာ တိုင်းရင်းသား ပြည်သူတွေ ကျန်းမာရေးဆိုင်ရာ အသိရှိကြပြီး သတိပြုလိုက်နာကြစေဖို့ ရည်ရွယ်ပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး အစီအစဉ်တွေကို ရိုက်ကူးထုတ်လွှင့်နေတာဖြစ်ပါတယ်။ ပင်မသတင်းမှာလည်း ထည့်ဖတ်ပေးသလို နယ်သတင်းဌာနခွဲ ၁၁ ခုကနေ ပေးပို့တဲ့ ဒေသအသီးသီးရဲ့ အသိပညာပေး ကြိုတင်ကာကွယ် ထားရှိမှုတွေကိုပါ ဒေသသတင်းအနေနဲ့ ထုတ်လွှင့်ပေးနေပါတယ်" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး (တိုင်းရင်းသား) ဒေါ်သင်းသင်းဆွေက ပြောသည်။

တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးအစီအစဉ်များအပြင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှု နောက်ဆုံးရသတင်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကိုပါ တိုင်းရင်းသားဘာသာအစီအစဉ်များဖြင့် တိုင်းရင်းသား ပြည်သူများသိရှိနိုင်ရန် စီစဉ်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ မြန်မာ့အသံ ရေဒီယို အစီအစဉ်မှလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး အစီအစဉ်များကို ကချင်၊ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ "ဝ"၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနု စသည့် တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် တိုင်းရင်းသားပြည်သူများ သိရှိနိုင်ရန်အတွက် အသံလွှင့်ပေးလျက်ရှိသည်။

"ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနဲ့ အသိပညာပေးတဲ့ နှာခေါင်းစည်း ဘယ်လိုစည်းမလဲ၊ လက်ဘယ်လိုဆေးမလဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘာတွေ ထုတ်ပြန်ပေးနေသလဲဆိုတာတွေ၊ ကိုဗစ်–၁၉ ရောဂါ နောက်ဆုံးဖြစ်ပွားမှု အခြေအနေတွေကို တိုင်းရင်းသားဘာသာတွေနဲ့ တိုင်းရင်းသားပြည်သူတွေ သိရှိအောင် အသံလွှင့်ပေးနေပါတယ်" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး (အသံလွှင့်) ဒေါ်သိလ္လာစိုးက ပြောသည်။ **ကေတာ**

![BIMSTEC]

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)
Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation (BIMSTEC)

**ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲဆိုင်ရာ အချက်အလက်များ ပြင်ဆင်ကြေညာခြင်း**

- နောက်ဆုံးပေးပို့ရမည့်နေ့ရက် – ၁၅–၅–၂၀၂၀ ရက်
- ပေးပို့ရမည့်အီးမေးလ်လိပ်စာ – bimsteclogo.myanmar@gmail.com (မိတ္တူကို bimsteclogo–sec@bimstec.org သို့ မပျက်မကွက် ပေးပို့ရမည်။)
- ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများနှင့်အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.mofa.gov.mm တွင် Download ရယူနိုင်ပြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ဖေ့စ်ဘုတ်စာမျက်နှာများဖြစ်ကြသည့် Ministry of Foreign Affairs Myanmar နှင့် MOI Webportal Myanmar တို့တွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။
- မှီငြမ်းနိုင်ရန် BIMSTEC ဆိုင်ရာ အချက်အလက်များကို www.bimstec.org တွင် လေ့လာနိုင်ပါသည်။
- မြန်မာနိုင်ငံသား မည်သူမဆို တစ်ဦးချင်း/အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

# သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းများ သွားလာရေးအဆင်ပြေစေရန် ကုန်းလမ်းပို့ဆောင်ရေးဌာနက နေပြည်တော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲမည်

**နေပြည်တော် မတ် ၂၄**

နေပြည်တော်ရှိ ရုံးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ သင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း သွားလာရေးအဆင်ပြေစေရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးဌာန၏ အစီအစဉ်ဖြင့် နေပြည်တော်–ရန်ကုန် ခရီးစဉ်တစ်ခုကို မော်တော်ယာဉ်ကြီးများဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် MAN/Volvo Express Busအမျိုးအစား ငါးစီး၊ ခုံ ၂၀၀ ဖြင့် နေပြည်တော်–ရန်ကုန်(အသွား/အပြန်) ယာဉ်စီးခ ငွေကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း၊ Hyundai City Bus အမျိုးအစား ငါးစီး၊ ခုံ ၂၀၀ ဖြင့် နေပြည်တော်–ရန်ကုန် (အသွား/အပြန်) ယာဉ်စီးခ ငွေကျပ် ၁၁၀၀၀ ဖြင့် လည်းကောင်း စုစုပေါင်း ယာဉ် ၁၀ စီး လူ ၄၀၀ အတွက် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယာဉ်စီးခနှင့် လက်မှတ်များကို ဧပြီ ၂ ရက်မှ ၆ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေပြည်တော် မြို့မစျေး က.ပ.ရ (ဂိတ်)တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်မှ ရန်ကုန်သို့ စတင်ထွက်ရှိမည့်နေ့မှာ ဧပြီ ၉ ရက် ညနေ ၆ နာရီဖြစ်ပြီး ရန်ကုန်မှ နေပြည်တော်သို့ ပြန်လည်ထွက်ရှိမည့်နေ့မှာ ဧပြီ ၁၉ ရက် ညနေ ၆ နာရီဖြစ်သည်။

အဆိုပါခရီးစဉ်တွင် မော်တော်ယာဉ်စီးနင်းခွင့်လက်မှတ်ရောင်းချပေးနိုင်မည့် အရေအတွက်ထက် ခရီးသွားဝန်ထမ်း ပိုမိုများပြားနေပါက ဝန်ကြီးဌာနအလိုက် အချိုးချကန့်သတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ ဒီနှစ်မှလုပ်တာ မဟုတ်ပါဘူး။ နှစ်စဉ်သင်္ကြန်ကာလရုံးပိတ်ရက်နဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင် အခါကြီးရက်ကြီး ရုံးပိတ်ရက်ရှည်တိုင်းမှာ ဒီလိုဆောင်ရွက်ပေးတာ ဒီနှစ်နဲ့ဆိုရင် လေးနှစ်ရှိပါပြီ။ အမှန်ကတော့ ဒီကားတွေက ပိုလို့တော့မဟုတ်ပါဘူး။ တခြားဌာနခွဲက လိုင်းတွေကို လျှော့လိုက်ပြီးတော့မှ ကျွန်တော်တို့ ဝန်ထမ်းတွေ သွားရေးလာရေး လွယ်ကူအောင်ဆိုပြီးတော့ စီစဉ်ပေးတာဖြစ်ပါတယ်"ဟု နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးဌာန(ရုံးချုပ်)မှ ဌာနမှူး လက်ထောက်အထွေထွေမန်နေဂျာ ဦးအေးဝင်းက ပြောသည်။

အဆိုပါ ကုန်းလမ်းပို့ဆောင်ရေးဌာနမှ ပြေးဆွဲပေးသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နေပြည်တော်–ရန်ကုန် ခရီးစဉ်ကို ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်း မောင်းနှင်၍ ရန်ကုန်ဘူတာကြီးတွင် ခရီးစဉ်ပြီးဆုံးမည်ဖြစ်ပြီး ဒုတိယလမ်းကြောင်းအဖြစ် အမှတ် (၃) လမ်းမကြီးမှ မောင်းနှင်၍ အောင်မင်္ဂလာ အဝေးပြေးဂိတ်၊ မြောက်ဥက္ကလာပအဝိုင်း၊ တံတားလေးလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်းတို့မှတစ်ဆင့် ရန်ကုန်ဘူတာကြီးတွင် ခရီးစဉ် အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## ဆေးရုံများနှင့် ဟိုတယ်အဆောက်အဦများတွင် အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၂၁၁) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါပိုးမတွေ့ရှိရ

(၄-၁-၂၀၂၀ ရက်နေ့မှ ၂၄-၃-၂၀၂၀ ရက်နေ့ထိ) (၂၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၃-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၂၉) နာရီအချိန် ရရှိသော သတင်းအချက်အလက်များအရ ထုတ်ပြန်ချက်)

ကမ္ဘာကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင် တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အခြားသတင်းဌာနများ၌ ဖော်ပြသောအချက်အလက်များနှင့် အနည်းငယ်ကွဲလွဲမှု ရှိနိုင်ပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့် နိုင်ငံနှင့်နယ်မြေဒေသစုစုပေါင်း - (၁၈၉) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း - (၃၃၄,၉၈၁) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၁၄,၆၅၂) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၄) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၆၀၃ | ၃,၂၇၆ |
| ၂ | အီတလီ | ၅၉,၁၃၈ | ၅,၄၇၆ |
| ၃ | အမေရိကန် | ၃၁,၅၇၃ | ၄၀၂ |
| ၄ | စပိန် | ၂၈,၅၇၂ | ၁,၇၂၀ |
| ၅ | ဂျာမနီ | ၂၄,၇၇၄ | ၉၄ |
| ၆ | အီရန် | ၂၃,၀၄၉ | ၁,၈၁၂ |
| ၇ | ပြင်သစ် | ၁၅,၈၂၁ | ၆၇၄ |
| ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၉၆၁ | ၁၁၁ |
| ၉ | ဆွစ်ဇာလန် | ၆,၉၇၁ | ၆၀ |
| ၁၀ | အင်္ဂလန် | ၅,၆၈၇ | ၂၈၁ |
| ၁၁ | နယ်သာလန် | ၄,၂၀၄ | ၁၇၉ |
| ၁၂ | ဩစတြီးယား | ၃,၆၃၁ | ၁၆ |
| ၁၃ | ဘယ်လ်ဂျီယံ | ၃,၄၀၁ | ၇၅ |
| ၁၄ | နော်ဝေ | ၂,၁၃၂ | ၇ |
| ၁၅ | ဆွီဒင် | ၁,၉၀၆ | ၂၁ |
| ၁၆ | ဩစတြေးလျ | ၁,၇၀၉ | ၇ |
| ၁၇ | ပေါ်တူဂီ | ၁,၆၀၀ | ၁၄ |
| ၁၈ | ဒိန်းမတ် | ၁,၃၉၅ | ၁၃ |
| ၁၉ | ကနေဒါ | ၁,၃၈၄ | ၁၉ |
| ၂၀ | မလေးရှား | ၁,၃၀၆ | ၁၁ |
| ၂၁ | တူရကီ | ၁,၂၃၆ | ၃၀ |
| ၂၂ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၁,၁၆၅ | ၁ |
| ၂၃ | ဂျပန် | ၁,၀၈၉ | ၄၁ |
| ၂၄ | အစ္စရေး | ၁,၀၇၁ | ၁ |
| ၂၅ | အိုင်ယာလန် | ၉၀၆ | ၄ |
| ၂၆ | ဘရာဇီး | ၉၀၄ | ၁၁ |
| ၂၇ | လူဇမ်ဘာ့ခ် | ၇၉၈ | ၈ |
| ၂၈ | ပါကစ္စတန် | ၇၈၄ | ၅ |
| ၂၉ | ထိုင်း | ၇၂၁ | ၁ |
| ၃၀ | ပိုလန် | ၆၃၄ | ၇ |
| ၃၁ | ချီလီ | ၆၃၂ | ၁ |
| ၃၂ | ဖင်လန် | ၆၂၆ | ၁ |
| ၃၃ | ဂရိ | ၆၂၄ | ၁၅ |
| ၃၄ | အင်ဒိုနီးရှား | ၅၇၉ | ၄၉ |
| ၃၅ | အိုက်စလန် | ၅၆၈ | ၁ |
| ၃၆ | ဆော်ဒီအာရေးဗျ | ၅၆၂ | ၀ |
| ၃၇ | အီကွေဒေါ် | ၅၃၂ | ၇ |

**မှတ်ချက်။** ဓာတ်ခွဲအတည်ပြုလူနာ (၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ်ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

- ကမ္ဘာပေါ်တွင် နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၁၁၃ ) နိုင်ငံ/ ဒေသ ရှိပါသည် -

  (၁) ဥရောပဒေသ - ၄၈ နိုင်ငံ
  (၂) အမေရိကဒေသ - ၁၇ နိုင်ငံ
  (၃) အရှေ့အလယ်ပိုင်းဒေသ - ၁၄ နိုင်ငံ
  (၄) အနောက်ပစိဖိတ်ဒေသ - ၁၂ နိုင်ငံ
  (၅) အာဖရိကဒေသ - ၁၀ နိုင်ငံ
  (၆) အရှေ့တောင်အာရှဒေသ - ၆ နိုင်ငံ
  (၇) နယ်မြေဒေသ - ၆ ဒေသ

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၂၃၅) ဦးနှင့် သံသယလူနာ (၂) ဦး အပါအဝင် စုစုပေါင်း (၂၃၇) ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး တွေ့ရှိရသူ - (၂) ဦး၊ (စောင့်ကြည့်လူနာ (၁)ဦး Facility Quarantine (၁) ဦး)
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၂၁၀) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ - (၂၆) ဦး
  - ရောဂါသက်သာ ပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၃၄) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိ ရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ - (၁၃) ဦး
  - ၎င်းတို့မှာ- နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၄) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၂) ဦး၊ နာတာရှည် အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည်အသည်းရောဂါအခံရှိသူ (၁) ဦး၊ ဗက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦးနှင့် လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁) ဦး တို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၉၃) ဦး၊ မန္တလေးတိုင်း ဒေသကြီးတွင် (၄၁) ဦး၊ ရှမ်းပြည်နယ်တွင် (၄၁) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၆၂) ဦး၊ စုစုပေါင်း (၂၃၇) ဦး တို့ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများနှင့် ဟိုတယ်အဆောက်အဦများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူ စုစုပေါင်း (၂၈၂) ဦး ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများ (Hospital Quarantine)

- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး - ၁၂၆ ဦး
- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - ၆၇ ဦး
- ဝေဘာဂီအထူးကုဆေးရုံ - ၅၉ ဦး
- ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိဆေးရုံများ - ၃၀ ဦး

ဟိုတယ်/အဆောက်အဦများ (Hotel /Facility Quarantine) တွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူ စုစုပေါင်း (၂၁၈) ဦး ရှိပါသည်။

- Hotel Quarantine - ၁၅၈ ဦး
- Facility Quarantine - ၆၀ ဦး

- ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများနှင့် ဟိုတယ်အဆောက်အဦများတွင် အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၂၁၁) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါပိုးတွေ့ရှိသူများနှင့် အနီးကပ်ထိတွေ့ဆက်ဆံသူများအားလုံးအား အမြန်ဆုံးရှာဖွေစုံစမ်းဖော်ထုတ်ပြီး အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်းများ ပြုလုပ်လျက်ရှိပြီး ကျန်းမာရေးအသိပညာပေးခြင်း၊ မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ အကြံပြုချက်များအား လူတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဖိုး)၊ ချင်း(ချိုး) ဘာသာအစီအစဉ်များကို ည ၂၃: ၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက် နေ့အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၄:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ ကယားဘာသာ အစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၈:၀၀ နာရီမှ ၁၉:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၀:၀၀ နာရီအထိ ချင်း(လိုင်ဖိုး) ဘာသာ အစီအစဉ်၊ ည ၂၀:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ချင်း (ချိုး) ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

**သတင်းစဉ်**

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၂၄) ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် မတ် ၂၄**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း က ပြုလုပ်မည့် (၂၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဧပြီ ၅ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို သွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရ လက်ဆောင်များ ဖြင့် ဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများ စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း - ၀၉-၄၄၉၂၅၃၇၆၇၊ ၀၉-၆၉၅၁၃၅၅၁၅ တို့သို့ ဧပြီ ၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၄၀၀၀ ကျော်နှင့် အတည်ပြုလူနာ ၃၃၀၀၀၀ ကျော် ရှိလာ

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရပ်တန့်စေရေး အိမ်တွင်း၌သာနေရန် ကမ္ဘာသူကမ္ဘာသားများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး တောင်းဆို

**ဂျီနီဗာ မတ် ၂၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအသစ်များသည် အရှိန်အဟုန် ကောင်းကောင်းဖြင့် ဆက်လက်ဖြစ်ပွား နေသောကြောင့် ဗိုင်းရပ်စ်ကူးစက်မှုကို ရပ်တန့်စေရေး ကမ္ဘာသူ ကမ္ဘာသားများကို အိမ်တွင်း၌ သာနေထိုင်ကြရန် တိုက်တွန်းပြောကြား လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၄ ရက်က ဖော်ပြသည်။

ကမ္ဘာ့နိုင်ငံ အများစုနီးပါး၏ အစီရင်ခံ ဖော်ပြမှုများအရ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု သည် ယခုအခါတွင် သုံးသိန်းကျော်လာပြီ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြား ရေးမှူးချုပ် တက်ဒရော့စ် အာဒါနွမ်ဂီဘရီယဲ ဆုစ်က ပြောကြားလိုက်သည်။

ရက်ပေါင်း ၆၇ ရက်အတွင်း ကိုရိုနာဗိုင်း ရပ်စ်ဖြစ်ပွားသူအရေအတွက်သည် ၁၀၀၀၀၀ အထိ ရောက်ရှိလာသည့်အပြင် နောက်ထပ် ၁၁ ရက်အတွင်း ၂၀၀၀၀၀ အထိ တိုးလာ ကြောင်းနှင့် နောက်ထပ်လေးရက်အတွင်း ၃၀၀၀၀၀ ကျော်အထိ ထပ်မံမြင့်တက်လာသည် ကို ကြည့်ခြင်းအားဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့မှုသည် လျင်မြန်သောအရှိန်ဖြင့် ဖြစ်ပွား လျက်ရှိကြောင်း အဆိုပါ အဖွဲ့ကြီးက ထောက်ပြပြောကြားလိုက်သည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများကလည်း ယခုဆိုလျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွား မှုကိုတားဆီးရန် အစွမ်းကုန်လုပ်ဆောင်လျက် ရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် တင်းကျပ်သည့်အလုံပိတ်မှုကို ကြေညာခဲ့ သည်။ ပြည်သူများအား မဖြစ်မနေလုပ်ဆောင် ရမည့်ကိစ္စမှလွဲလျှင် အိမ်ထဲ၌သာနေရန် တိုက်တွန်းပြောကြားထားသလို ညွှန်ကြား ချက်များကိုမလိုက်နာပါက ရဲများကဒဏ်ရိုက် မည်ဖြစ်သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အာဒါနွမ်ဂီဘရီယဲဆုစ်

ပြင်သစ်နိုင်ငံတွင်လည်း ဝန်ကြီးချုပ် အက်ဒွတ်ဖီးလစ်က အလုံပိတ်ထားသည့် ဆောင်ရွက်ချက်သည် မတ် ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း နောက်ထပ် ရက်သတ္တပတ်အနည်းငယ်အထိ ထပ်မံတိုးမြှင့် ဦးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အိမ်မှ အပြင်သို့ထွက်မည့် ပြင်သစ်နိုင်ငံသား များအနေဖြင့်လည်း မည်သည့်အတွက် ကြောင့် အိမ်မှထွက်ခွာမှု ပြုသည်ဆိုသည့် ပုံစံကို ဖြည့်သွင်းရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ပါက အမေရိကန်ဒေါ်လာ ၁၅၀ ဒဏ်ရိုက်ခံ ရမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကိုကာကွယ်ရန် တင်းကျပ် သည့်ဆောင်ရွက်ချက်များလည်း ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရ သည်။ ပြည်သူများအနေဖြင့် တစ်နေ့လျှင် ကိုယ့်အိမ်နှင့် သိပ်မဝေးသောနေရာတွင် လေ့ကျင့်ခန်းတစ်ကြိမ်သာ လုပ်ခွင့်ပြုသလို လဟာပြင်ဈေးများကိုလည်း ပိတ်ထားသည်။ မတ် ၂၃ ရက်အထိ ပြင်သစ်နိုင်ငံတွင် ကိုရိုနာ ဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၂၀၀၀၀ နီးပါး ရှိနေကြောင်းသိရပြီး သေဆုံးသူ ၈၆၀ အထိ ရှိခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင်လည်း ကိုရိုနာ ဗိုင်းရပ် ကူးစက်ပျံ့နှံ့မှုကိုတားဆီးရန် အလုံ ပိတ်ခဲ့ပြီး အရေးကြီးသည့်ကိစ္စရပ်မှတစ်ပါး အပြင်မထွက်ကြသောကြောင့် မြေအောက် ရထားများလည်း စီးမည့်သူ တစ်ဦး တစ်ယောက်မျှမရှိဘဲ ခြောက်ကပ်တိတ်ဆိတ် လျက်ရှိသည်။

အီဂျစ်နိုင်ငံတွင်လည်း ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများကို ရပ်နားထားသလို နိုင်ငံခြားသား အပန်းဖြေအနားယူရာနေရာ များကိုလည်း ပိတ်ထားသည်။ ယခု လတ်တလောအခြေအနေသည် ၂၀၁၁ အာရပ် နွေဦး ဒီမိုကရေစီလှုပ်ရှားမှုထက် ပိုမိုအခြေ အနေဆိုးရွားကြောင်း အီဂျစ်စတိုးဆိုင်ပိုင်ရှင် တစ်ဦးက ပြောသည်။ စီးပွားရေးလုပ်ငန်း အများစုသည် လုပ်ခလစာမပေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီတလီ နိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေ ဆုံးသူပေါင်းမှာ ၆၀၀၀ ကျော် လာပြီဖြစ်ပြီး ကမ္ဘာပေါ်တွင် သေဆုံးသူအများဆုံး ဖြစ် ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကြောင့် သေဆုံးသူ ၁၄၀၀၀ ကျော်နှင့် အတည်ပြုလူနာ ၃၃၀၀၀၀ ကျော် ရှိလာပြီ ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲများကို ၂၀၂၁ နွေရာသီအထိ ရွှေ့ဆိုင်း



တိုကျိုအိုလံပစ်အားကစားပွဲအထိမ်းအမှတ် လိုဂိုအမှတ်တံဆိပ်ရှေ့တွင် နှာခေါင်းစည်းတပ်ဆင်ထားသည့် အမျိုးသမီး တစ်ဦးဖြတ်လျှောက်လာစဉ်။

**တိုကျို မတ် ၂၄**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ၂၀၂၀ တိုကျို အိုလံပစ်အားကစားပွဲတော်ကို ၂၀၂၁ နွေရာသီအထိ တစ်နှစ် ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးနှင့် နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမက်စ်ဘာ့ချ်တို့ တွေ့ဆုံဆွေးနွေးပွဲအပြီး သတင်း ထုတ်ပြန် ကြေညာလိုက်သည်။

ပူးတွဲကြေညာချက်တွင် နိုင်ငံတကာ အိုလံပစ်ကော်မတီနှင့် ဂျပန်အိုလံပစ် အားကစားပွဲတော် ကျင်းပရေးကော်မတီတို့က မိမိတို့အနေဖြင့် အားကစားသမား များနှင့် အိုလံပစ်အားကစားပွဲတော်တွင် ပါဝင်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတကာအသိုက်အဝန်းကို ကာကွယ်ရန် ထိုသို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်အိုလံပစ်အဖွဲ့အစည်းဥက္ကဋ္ဌက ဗြိတိန်အနေဖြင့် ယခုနှစ်နွေရာသီ တွင် ကျင်းပရန်စီစဉ်ထားသည့် တိုကျိုအိုလံပစ်အားကစားပွဲသို့ ၎င်းတို့၏ အားကစားသမားများကို စေလွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့ကလည်း ၎င်းတို့၏ ကစားသမားများ တိုကျိုသို့လာရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထွက်ပေါ် လာသည့် သတင်းအချက်အလက်များအပေါ်အခြေခံကာ တိုကျိုအိုလံပစ် အားကစားပွဲကိုရွှေ့ဆိုင်းရန် နိုင်ငံတကာအိုလံပစ်ကော်မတီက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီအဖွဲ့ဝင် ပေါင်က ယူအက်စ်အေ တူဒေးသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုနှစ်နွေရာသီတွင်ကျင်းပမည့် အိုလံပစ်အားကစားပွဲ၏ အနာဂတ်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် ရက်သတ္တလေးပတ် အချိန်ယူမည်ဖြစ်ကြောင်း အိုင်အိုစီက ပြောကြားခဲ့သော်လည်း အားကစားပွဲရွှေ့ဆိုင်းမှုကို ရုတ်တရက် ကြေညာခဲ့ခြင်းဖြစ်ကြောင်း ပေါင်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများပြည်သူရုံးပိတ်ရက် ၁၀ ရက် သတ်မှတ်ကြေညာ

**ဒါကာ မတ် ၂၄**

ဘင်္ဂလားဒေ့ရှ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ မှုကို တိုက်ဖျက်ရန်အတွက် အစိုးရက မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အများပြည်သူရုံး ပိတ်ရက် ၁၀ ရက် သတ်မှတ်ကြေညာလိုက် ကြောင်း သိရသည်။

အရေးပေါ်ဝန်ဆောင်မှု ဌာနများမှလွဲ၍ ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာနေရာများ ကိုလည်း ယာယီရပ်ဆိုင်းမှု ပြုလုပ်မည်ဖြစ် ကြောင်း သိရသည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ် ကူးစက်မှုကြောင့် အခက်အခဲများ ရင်ဆိုင်နေရ သည့်အတွက် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မတ် ၂၅ ရက်တွင် လူထု မိန့်ခွန်းပြောကြားရန် စီစဉ်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက် ခံရသူခြောက်ဦး ထပ်မံပေါ်ထွက်လာပြီးနောက် ကူးစက်ခံရသူ ၃၃ ဦး ဖြစ်လာခဲ့ကာ သေဆုံးသူ သုံးဦးရှိနေချိန်တွင် အစိုးရက အများပြည်သူ ရုံးပိတ်ရက် ၁၀ ရက် သတ်မှတ်ကြောင်း ကြေညာချက်ထွက်ပေါ်လာခဲ့သည်။

ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တိုက်ဖျက်ရာတွင် အဓိက သော့ချက်ဖြစ်သည့် လူအများနှင့် ရောနှော ဆက်ဆံမှုနှင့် အသွားအလာ ကန့်သတ်မှုများကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်းကို အစိုးရက ပြောကြားခဲ့သည်။ မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အစိုးရရုံးဌာနများအားလုံးကို



ဘင်္ဂလားဒေ့ရှ် အတွင်းဝန်ရုံးကို တွေ့ရစဉ်။

ပိတ်ထားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်း ရေးမှူးခန်ဒကာအန်ဝါရူအစ္စလမ်က မတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့် အစိုးရအဖွဲ့ ထိပ်တန်းအရာရှိ များအကြား မတ် ၂၃ ရက်တွင် ဆွေးနွေးမှုအများ အပြားလုပ်ဆောင်ခဲ့ပြီးနောက် အစိုးရရုံးပိတ်ရက် သတ်မှတ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်ဦးတွေ့ရှိ

**ဗီယန်ကျင်း မတ် ၂၄**

လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာနှစ်ဦး တွေ့ရှိခဲ့ ကြောင်း လာအိုကျန်းမာရေး ဝန်ကြီးဌာနအရာရှိများက မတ် ၂၄ ရက်တွင် အတည်ပြု ပြော ကြားလိုက်သည်။

လာအိုနိုင်ငံ ကျန်းမာရေး ဒုတိယဝန်ကြီး ဖုန်သုန်မွမ်ပက် ဦးဆောင်သည့် တာဝန်ရှိသူများ က လာအိုနိုင်ငံတွင် ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦး ရှိ ကြောင်း အတည်ပြုခဲ့ပြီး ပြည်ပ မှတစ်ဆင့် ဝင်ရောက်လာခဲ့ခြင်း ဖြစ်နိုင်ကြောင်း ပြောသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ သည့် အမျိုးသမီးဧည့်လမ်းညွှန် သည် လာအိုနိုင်ငံမြောက်ပိုင်း ဗန်ဗင်၊ လန်ပရာဘန်ဒေသများနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ သွား ရောက်ခဲ့ကြောင်း သိရသည်။

တခြားကိုရိုနာဗိုင်းရပ်စ်ကူး စက်ခံရသည့်အမျိုးသားတစ်ဦးမှာ ဟိုတယ်ဝန်ထမ်းတစ်ဦးဖြစ်ကာ ထိုင်းနိုင်ငံတွင် သင်တန်းသွား တက်စဉ် ကူးစက်လာခဲ့ခြင်းဖြစ် နိုင်ကြောင်း ယူဆထားကြသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံ ထားရသူများနှင့် ၎င်းနှင့်နီးစပ်သူ များကို သီးသန့်ခွဲခြား စောင့်ကြည့် မှုများပြုလုပ်ထားကြောင်း လာအို အာဏာပိုင်များက ပြောကြား လိုက်သည်။ **ဆင်ဟွာ**

# နိုဗယ်ဆုရှင် ဖင်လန်သမ္မတဟောင်း မာတီအက်တီဆာရီ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံနေရ

**ဟယ်ဆင်ကီ မတ် ၂၄**

နိုဗယ်ဆုရှင် ဖင်လန်သမ္မတဟောင်း မာတီအက်တီဆာရီသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း ၎င်း၏ရုံးက မတ် ၂၄ ရက်တွင်သတင်းထုတ်ပြန်လိုက်သည်။

အသက် ၈၂ နှစ်အရွယ်ရှိ မာတီအက်တီဆာရီကို အင်ဒိုနီးရှား၊ ကိုဆိုဗို၊ နမီးဘီးယားကိစ္စရပ်များအပါအဝင် ကမ္ဘာတစ်ဝန်းပဋိပက္ခများနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးရရှိရန် ဆယ်စုနှစ်သုံးစုကျော် ကြိုးစားခဲ့မှုဖြင့် ၂၀၀၈ ခုနှစ်က နိုဗယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့သည်။



နိုဗယ်ဆုရှင်နှင့် ဖင်လန်သမ္မတဟောင်း မာတီအက်တီဆာရီ

ကုလသမဂ္ဂသံတမန်ဟောင်းလည်းဖြစ်သူ ၎င်းသည် ဖင်လန်နိုင်ငံ၏ အမြင့်ဆုံးရာထူးကို ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားလျက်ရှိကြောင်း မတ် ၂၃ ရက်က သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ သို့သော်လည်း အခြေအနေကောင်းမွန်ကြောင်း သိရသည်။ လွန်ခဲ့သောစနေနေ့က ၎င်း၏ဇနီးဖြစ်သူ အသက် ၈၃နှစ်အရွယ် အီဗာသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း အတည်ပြုခဲ့သည်။

ဖင်လန်ကျန်းမာရေးအာဏာပိုင်များက ဖင်လန်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်စဉ်ပေါင်း ၇၀၀ ရှိကြောင်းနှင့် တစ်ဦးသေဆုံးခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အာဏာပိုင်များက တကယ့်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် လက်ရှိစာရင်းထက် အဆပေါင်းသုံးဆယ်ပိုမိုများပြားနိုင်ကြောင်း ပြောကြားလိုက်သည်။

ဖင်လန်နိုင်ငံတွင် အသက် ၁၀ နှစ်ကျော်ကလေးများအတွက် ဖွင့်ထားသော ကျောင်းများလည်းပိတ်ခဲ့ရပြီး နိုင်ငံ၏ နယ်စပ်ကိုလည်း ပိတ်ခဲ့ကြောင်း သိရသည်။

ဖင်လန်နိုင်ငံသမ္မတ ဆန်နာမာရင်က နောက်ထပ် တားမြစ်ကန့်သတ်ချက်များ ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဝူဟန်မြို့အတွင်း ခရီးသွားလာခွင့်တားမြစ်ပိတ်ပင်မှုများကို ဧပြီ ၈ ရက်တွင် စတင်ဖယ်ရှားမည်

**ဝူဟန် မတ် ၂၄**

တရုတ်နိုင်ငံ ဟူပေပြည်နယ်ရှိ အာဏာပိုင်များက ၎င်းတို့သည် ဝူဟန်မြို့အတွင်း ခရီးသွားလာခွင့်တားမြစ်ပိတ်ပင်မှုများကို ဧပြီ ၈ ရက်မှစပြီး ဖယ်ရှားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၄ ရက်က ဖော်ပြလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် ဝူဟန်မြို့တွင်းရှိ လေဆိပ်များ၊ ဘူတာရုံများနှင့် အဝေးပြေးလမ်းများကို ဇန်နဝါရီ ၂၃ ရက်မှ စတင်ပိတ်ထားခဲ့ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် အမြင့်ဆုံး ဖြစ်ပွားချိန်တွင် ဝူဟန်မြို့တွင် တစ်နေ့တာ ဗိုင်းရပ်စ်အတည်ပြုလူနာထောင်ချီ ရှိခဲ့သည်။

သို့သော်လည်း မတ် ၁၈ ရက်မှစပြီး ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်သူ လုံးဝမရှိကြောင်း ကြေညာခဲ့သော်လည်း မတ် ၂၃ ရက်တွင်မှ ရှားရှားပါးပါး ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်တစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**

# ယူဂန္ဒာတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ရှစ်ဦးထပ်မံတွေ့ရှိ

**ကမ်ပါလာ မတ် ၂၄**

ယူဂန္ဒာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ်ရှစ်ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူ ၁၉ ဦးအထိ ရှိလာပြီဟု မတ် ၂၃ ရက်တွင် ကျန်းမာရေးအရာရှိတစ်ဦးကပြောသည်။

**ရှစ်ဦး ကူးစက်ခံရ**

ကျန်းမာရေးဝန်ကြီး ရုဒ်အက်စိန်က ဒူဘိုင်းမှ ပြန်လာသည့် ယူဂန္ဒာနိုင်ငံသားရှစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ပြောကြားခဲ့သည်။ မတ် ၂၀ ရက် မှ ၂၂ ရက်အထိ ယူအေအီးသို့ပျံသန်းသည့် အီသီယိုပီးယားလေကြောင်းလိုင်းတွင် လိုက်ပါလာသည့် ခရီးသည်များတွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

**သီးခြားခွဲနေရ**

လွန်ခဲ့သည့်နှစ်ပတ်တာကာလအတွင်း ဒူဘိုင်းသို့ ခရီးသွားခဲ့သည့် လူများ ကျန်းမာရေးဌာနသို့ လာရောက်ကြရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက အကြောင်းကြားခဲ့သည်။ ခရီးသည်ပေါင်း ၂၆၆၁ ဦးမှာ ကူးစက်ခံရဖွယ်ရှိသည့်အတွက် သီးခြားခွဲနေရသည်။ ယူဂန္ဒာနိုင်ငံတွင် ပထမဦးဆုံးတွေ့ရှိရသည့်လူနာမှာ မတ် ၂၂ ရက်က ဒူဘိုင်းမှပြန်လာသည့် အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။

အစိုးရကထုတ်ပြန်ထားသည့် စည်းကမ်းများကို မလိုက်နာသည့် နိုင်ငံခြားသားများနှင့် နိုင်ငံသား ၁၄ ဦးခန့်ကို လုံခြုံရေး အေဂျင်စီက ဖမ်းဆီးခဲ့သည်။

ယူဂန္ဒာနိုင်ငံတွင် ကျောင်းများ၊ ဘုရားရှိခိုးကျောင်းများ လူစုလူဝေးများကို တစ်လကြာ ပိတ်ပင်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၈၁၂ ဦးအထိရှိလာ

**တီဟီရန် မတ် ၂၄**

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် နောက်ထပ်သေဆုံးသူ ၁၂၇ ဦးရှိခဲ့ရာ မတ် ၂၃ ရက်တွင် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၈၁၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ထိန်းချုပ်နိုင်ရေးအတွက် ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားသည်။ အီရန်နိုင်ငံသည် ဒေသတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်အများဆုံး ဖြစ်ပြီး ၂၃၀၄၉ ဦး ကူးစက်ခံထားရသည်။ ကူးစက်ခံရသူများထဲတွင် လူပေါင်း ၈၃၇၆ ဦးမှာ ပြန်လည်နာလန်ထလာပြီ ဖြစ်သည်။



အီရန်နိုင်ငံ တီဟီရန်ရှိ တာရစ်ဈေးတွင် ဈေးဝယ်လာကြသူများကို တွေ့ရစဉ်။

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရှန်းကန်နေရစဉ်တွင် အမေရိကန်မှ ပိတ်ဆို့မှုများအတွက် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်က ပြစ်တင်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် အကူအညီပေးရန် အမေရိကန်၏ ကမ်းလှမ်းမှုကို အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက လက်မခံဘဲ ငြင်းဆိုခဲ့သည်။

တူရကီနိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၇ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရီတင်ကိုကာက ပြောသည်။ တူရကီနိုင်ငံအတွင်း နောက်ထပ် ကူးစက်ခံရသူ ၂၉၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ အားလုံးပေါင်း ၁၅၂၉ ဦးအထိ ရှိလာပြီး အရှေ့အလယ်ပိုင်းဒေသတွင် အီရန်ပြီးလျှင် တူရကီမှာ ကူးစက်ခံရမှု ဒုတိယအမြင့်ဆုံးပင်ဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေး ပါကစ္စတန်တွင် အဓိကပြည်နယ်များကို ပိတ်ဆို့

**အစ္စလာမ္မာဘတ် မတ် ၂၃**

ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းကို ဝင်ခွင့် ထွက်ခွင့်ပိတ်ရန် မတ်၂၃ ရက်တွင် ပါကစ္စတန်အာဏာပိုင်များက ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ခံရမှု နှိမ်နင်းနိုင်ရေးအတွက် ဆင်ဟာပြည်နယ်ကိုပိတ်ဆို့ပြီး မကြာမီ ယခုလို အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀၀ အထိ မြင့်တက်လာခဲ့သည်။ ပန်ဂျပ်ပြည်နယ်ရှိ ဆေးဝါးပစ္စည်းဆိုင်နှင့် ကုန်စုံဆိုင်မှလွဲ၍ ဈေးများ၊ စူပါမားကတ်များအားလုံးကို ဆက်လက်ပိတ်ထားမည်ဖြစ်သည်။ မတ် ၂၄ ရက်မှ ဧပြီ ၆ ရက်အထိ နှစ်ပတ်ကြာ ပိတ်ဆို့မှုပြုလုပ်သွားမည်ဖြစ်သည်။ ဆင်ဟာပြည်နယ်တွင် မတ် ၂၃ ရက်မှ စတင်ကာ ၁၅ ရက်ကြာ ဝင်ခွင့်ထွက်ခွင့်ပိတ်ဆို့မှုချမှတ်ထားသည်။



အစ္စလာမ္မာဘတ်မြို့ရှိ ဈေးဆိုင်များ ပိတ်ထားသည်ကို တွေ့ရစဉ်။

ပြည်နယ်တစ်လွှားရှိ အစိုးရရုံး၊ ပုဂ္ဂလိကရုံးများအားလုံးကို ပိတ်ထားပြီး လူစုဝေးခြင်း၊ ခရီးသွားလာခြင်းများကို ကန့်သတ်ထားသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ပြည်နယ်တစ်လွှား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းကို ထိန်းချုပ်နိုင်လိမ့်မည်ဟု အာဏာပိုင်များက မျှော်လင့်ထားသည်။ အကယ်၍ ကျန်ပြည်နယ်များရှိ ပြည်သူများသည် အစိုးရ၏ ကန့်သတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များ၊ သီးခြားနေထိုင်ခြင်း၊ အသွားအလာကန့်သတ်ခြင်းများကို လိုက်နာခြင်း မရှိပါက တစ်တိုင်းပြည်လုံးအနှံ့ ဝင်ခွင့်ထွက်ခွင့် ပိတ်ဆို့သွားရန် အစိုးရက စဉ်းစားကောင်းစဉ်းစားနိုင်သည်ဟု ဝန်ကြီးချုပ်၏ အထူးလက်ထောက်ဖြစ်သူ ဖာဒူရပ်စ်အာဝင်က ပြောသည်။

ပါကစ္စတန်တွင် ကူးစက်ခံထားရသည့်လူနာများမှာ အီရန်နိုင်ငံတွင် ဘုရားဖူးပြန်လာရာမှ ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ပါကစ္စတန်တွင် အီရန်နိုင်ငံဘုရားဖူးမှပြန်လာသူများကို သီးခြားခွဲထားပြီး နှစ်ပတ်ကြာ စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့ကို ဆေးစစ်ကြည့်ရာတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကပ်ရောဂါဖြစ်ပွားမှုကြောင့် တိုယိုတာကားစက်ရုံအချို့ လုပ်ငန်းများရပ်ဆိုင်းမည်

**တိုကျို မတ် ၂၄**

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ စက်ရုံတစ်ရုံ၌ စက်ရုံဝန်ထမ်းနှစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း အတည်ပြုခဲ့ပြီး နောက်တွင် တိုယိုတာမော်တာကုမ္ပဏီသည် လုပ်ငန်းလည်ပတ်မှုအချို့ကို လာမည့်လတွင် ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

တိုယိုတာ မော်တာကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိရပြီး သုံးရက်အကြာတွင် နောက်ထပ်ဝန်ထမ်းတစ်ဦး၌ ဗိုင်းရပ်စ်ပိုးထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကုမ္ပဏီက ပြောသည်။ နှစ်ဦးစလုံးမှာ အသက် ၂၀ အရွယ်လူငယ်များဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်မှုဖြစ်ပွားခဲ့သည့် အဆိုပါကားတပ်ဆင်စက်ရုံ နေရာကို ရပ်နားထားခဲ့သည်။

ရောဂါကူးစက်ခံရသည့် ဝန်ထမ်းနှစ်ဦးနှင့် အနီးကပ်ထိတွေ့ခဲ့သည်ဟု ယူဆရသည့် လူ ၃၀ ကျော်ကို နေအိမ်အတွင်း၌သာနေထိုင်ရန် အမိန့်ထုတ်ထားခဲ့၍ ပိုးသတ်ဆေးများ ပက်ဖျန်းမှုလုပ်ဆောင်ရန်အတွက် စက်ရုံတစ်ရုံလုံးကို ပိတ်ထားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာများကို အီဘိုလာရောဂါကုဆေးတစ်မျိုးဖြင့် စမ်းသပ်ကုသ

**တိုကျို မတ် ၂၄**

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အဆုတ်ရောင်ရောဂါခံစားရသည့် လူနာများအား ကုသရာတွင် အီဘိုလာရောဂါကုဆေးဝါးတစ်မျိုးဖြင့် လက်တွေ့စမ်းသပ်ကုသမှုလုပ်ဆောင်ရန် ဂျပန်သုတေသနပညာရှင်များက စီစဉ်နေကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ အမျိုးသားဌာနဥက္ကဋ္ဌ နိုရီအိုအိုမာဂါရီက အဆိုပါဌာန၌ လူနာများအား အီဘိုလာကုဆေးတစ်မျိုးဖြင့် လက်တွေ့စမ်းသပ်ကုသမှုကို ယခုလကုန်ပိုင်းတွင် စောနိုင်သမျှအစောဆုံးထားပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုက ထုတ်လုပ်ထားကာ အီဘိုလာရောဂါကုသရာတွင်အသုံးပြုသည့် ဗိုင်းရပ်စ်သတ်ဆေး ရမ်ဒဲဆီဗာ(remdesivir)ကို အသုံးပြုကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာများအား ကုသမည်ဖြစ်ကြောင်းသိရသည်။


ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများကိုကုသရန်အတွက် အဆင့်မြင့်ကုသမှုတစ်ရပ်ကို အမြန်ဆုံးစတင်လုပ်ဆောင်နိုင်ရေးအတွက် ရမ်ဒဲဆီဗာဆေး၏အသုံးဝင်မှုကို သက်သေပြနိုင်ရန်ကြိုးပမ်းလိုကြောင်း ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ အမျိုးသားဌာနဥက္ကဋ္ဌ နိုရီအိုအိုမာဂါရီက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်ရဲ့ စီးပွားရေးကယ်တင်မှုအစီအစဉ် အကောင်အထည်ပေါ်လာဖို့ ရှိ မရှိ

*ကလျာမိုးမြင့်*

**ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရဲ့ နောက်ဆက်တွဲဂယက်ကြောင့် ထိခိုက်လာတဲ့ အမေရိကန်ရဲ့ စီးပွားရေးကိုကယ်ဆယ်ဖို့ အမေရိကန်ဒေါ်လာ နှစ်ထရီလီယံနီးပါးတန်ကြေးရှိတဲ့ ကယ်တင်ရေးအစီအစဉ်ကို ယမန်နေ့က အထက်လွှတ်တော်မှာ ဒီမိုကရက်တစ်တွေက ထပ်ပြီးပိတ်ပင်ဟန့်တားခဲ့ကြပါတယ်။**

ဒီကိစ္စက ကိုရိုနာဗိုင်းရပ်စ်ရဲ့ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် ခနော်ခနဲ့ဖြစ်လာတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ကြိုးစားရုန်းကန်လှုပ်ရှားနေကြတဲ့ အမေရိကန်ပြည်သူတွေကို ဘယ်လိုအကောင်းဆုံး အကာအကွယ်ပေးမလဲဆိုတာနဲ့ပတ်သက်ပြီး အင်အားကြီးပါတီနှစ်ခုအကြား တစ်ဖွဲ့နဲ့တစ်ဖွဲ့ သဘောထားကွဲပြားမှုတွေ ဆိုးဆိုးရွားရွား ဖြစ်ပွားနေတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။



ဝါရှင်တန်ဒီစီရှိ အမေရိကန်ကွန်ဂရက်လွှတ်တော် အဆောက်အအုံကို တွေ့ရစဉ်။

### သမိုင်းတွင်လောက်အောင်များတဲ့ ငွေကြေးပမာဏ

လူ့အသက်ကိုဆုံးရှုံးစေတဲ့အထိ ဒုက္ခပေးနိုင်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကျရောက်မှုဟာ မြန်မြန်ဆန်ဆန် ပျံ့နှံ့လျက်ရှိနေပြီး နယူးယောက်မြို့နဲ့ ကယ်လီဖိုးနီးယားပြည်နယ်တွေအပါအဝင် ပြည်နယ်တွေအားလုံးနီးပါးကို မဖြစ်မနေ အဝင်အထွက်ပိတ်ဆို့မှုပြုလုပ်ထားရပါတယ်။ ရောဂါကူးစက်မှုကြောင့် ယိမ်းယိုင်နေတဲ့ စီးပွားရေးတွေ ပြိုလဲမသွားအောင် တားဆီးကာကွယ်ဖို့အတွက် သမိုင်းတွင်လောက်အောင်များပြားတဲ့ ဖက်ဒရယ်ရန်ပုံငွေပမာဏကို အတည်ပြုလိုက်ဖို့ဆိုတာနဲ့ ပတ်သက်ပြီး Capitol Hill ဟာ ကြီးမားတဲ့ ဖိအားကျရောက်မှုတွေကြောင့် ခေါင်းခဲစရာအခြေအနေ ဖြစ်နေပါတယ်။

### ဒီမိုကရက်တစ်တွေ စောဒကတက်

စီးပွားရေးကယ်တင်မှု ရန်ပုံငွေအစီအစဉ်ကို ဒီမိုကရက်တစ်တွေကလက်မခံဘဲ တွန့်ဆုတ်နေကြပြီး လက်ရှိရီပတ်ဘလစ်ကန် ဦးဆောင်တဲ့ အဲဒီဥပဒေဟာ အလုပ်သမားတွေကို အကာအကွယ်ပေးရေးအပေါ်မှာ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အကြီးအကျယ် လုပ်ဆောင်ဖို့ ဦးစားပေးနေတာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ပြီးတော့လည်း ဒီအစီအစဉ်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် လုံလောက်မှုမရှိတဲ့အခြေအနေတွေကို အထောက်အကူပြုဖို့နဲ့ ဆေးရုံတွေမှာ နှာခေါင်းစည်းနဲ့ အကာအကွယ်ဝတ်စုံတွေ၊ အရေးပေါ်ကုသမှုပေးတဲ့ လူနာခုတင်တွေနဲ့ အရေးပေါ်ကုသရေးအထောက်အကူပစ္စည်းတွေ ရောက်ရှိစေရေး အကူအညီပေးဖို့လုပ်ဆောင်မှုတွေ ကြာကြာမဆောင်ရွက်နိုင်ဘဲ ဖြစ်သွားလိမ့်မယ် လို့ ၎င်းတို့က စောဒကတက်ခဲ့ပါတယ်။

### ထောက်ခံမဲရဖို့လိုနေ

စီးပွားရေးကယ်တင်မှုအစီအစဉ်နဲ့ ပတ်သက်ပြီး ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေ၊ ဒီမိုကရက်တစ်အဖွဲ့ဝင်တွေနဲ့ သမ္မတဒေါ်နယ်ထရမ့်တို့အကြား အကြိတ်အနယ် ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ကြပေမယ့်လည်း အတည်ပြုနိုင်ရေး မဲခွဲဆုံးဖြတ်ချိန်မှာတော့ ထောက်ခံမဲ ၆၀ လောက်ရဖို့ လိုအပ်နေခဲ့ပါတယ်။ အထက်လွှတ်တော်အမတ်ငါးဦးနဲ့ ရီပတ်ဘလစ်ကန်အမတ်တွေဟာ မဲထည့်ဝင်ခဲ့ခြင်း မရှိပါဘူး။ ၎င်းတို့ထဲက အမတ်တစ်ဦးဖြစ်တဲ့ ရန်ပေါလ်ဟာ မတ် ၂၂ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

### ပန်းတိုင်ရောက်ဖို့ယုံကြည်

အောက်လွှတ်တော်ရဲ့ ထိပ်တန်းဒီမိုကရက်တစ် အမတ်တစ်ဦးဖြစ်တဲ့ ချပ်စခူမာက ညှိနှိုင်းဆွေးနွေးမှုတွေကိုတော့ ဆက်လုပ်နေတုန်းပဲ၊ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်အပါအဝင် နှစ်ဖက်စလုံးက အလားအလာကောင်းတဲ့ ညှိနှိုင်းမှုတစ်ခုဖြစ်လာဖို့ အရေးကြိုးပမ်းနေကြတယ်။ သဘောတူညီမှုတစ်ခုရဖို့ အတော်လေးတော့ နီးကပ်လာပြီ။ မိမိတို့ရဲ့ ရည်မှန်းချက်ကလည်း သဘောတူညီမှုမြန်မြန်ရဖို့၊ မျှော်လင့်ချက်ရှိသလို ပန်းတိုင်တစ်ခုရောက်ရှိဖို့ ယုံကြည်ချက်လည်း မိမိတို့မှာရှိတယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

### အသိစိတ်ကင်းမဲ့တဲ့ နှောင့်ယှက်မှု

အထက်လွှတ်တော်ရဲ့ ရီပတ်ဘလစ်ကန်ခေါင်းဆောင် မစ်ချ်မက်ကော်နယ်က ဒီကိစ္စမှာ အမေရိကန်နိုင်ငံသားတွေက ကွန်ဂရက်လွှတ်တော်ကို မြန်မြန်ဆန်ဆန် ဥပဒေပြုဖို့ စောင့်ဆိုင်းနေကြတဲ့အချိန်မှာ ဒီမိုကရက်တစ်တွေဟာ လုံးဝအသိစိတ် ကင်းမဲ့နေတဲ့ နှောင့်ယှက်တားဆီးမှုမျိုးကို လုပ်ခဲ့တာပဲလို့ ဒီမိုကရက်တစ်တွေအပေါ် ၎င်းရဲ့ဒေါသကို ဖော်ပြခဲ့တာကို တွေ့ရပါတယ်။

အမေရိကန် ကွန်ဂရက်လွှတ်တော်က အတည်ပြုခဲ့ဖူးတဲ့အထဲမှာ အကြီးဆုံးအရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေတစ်ရပ်ဖြစ်လာမယ့် အစီအစဉ်ရဲ့ အသေးစိတ်အကြောင်းအရာတွေအပေါ်မှာ ဟိုလိုလိုသည်လိုလို လုပ်နေကြတယ်ဆိုပြီး မက်ကော်နယ်က ဒီမိုကရက်တစ်တွေကို အကြီးအကျယ်ဒေါပွနေခဲ့ပါတယ်။ မြန်မြန်ဆန်ဆန် သဘောတူညီမှုမရဘူးဆိုရင်တော့ အထက်လွှတ်တော်ဟာ ကယ်တင်ရေးအစီအစဉ်ကို ယခုရက်သတ္တပတ်ကုန်တဲ့အထိ အတည်ပြုနိုင်ဦးမှာမဟုတ်ဘူးလို့ ၎င်းက သတိပေးခဲ့ပါသေးတယ်။

### ကိုယ်ပိုင်အစီအစဉ်ချပြမယ်

စီးပွားရေးအခက်အခဲကျရောက်မှု ပိုဆိုးလာချိန် ကွန်ဂရက်လွှတ်တော်ရဲ့ ထိပ်တန်းဒီမိုကရက်တစ်အမတ်ဖြစ်တဲ့ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီက ၎င်းရဲ့ စီမံဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ကော်မတီဟာ မတ် ၂၃ ရက် နှောင်းပိုင်းမှာ အလုပ်လက်မဲ့တွေအတွက် ပိုမိုခိုင်မာတဲ့ အာမခံချက်၊ စတော့ရှယ်ယာ ပြန်ဝယ်ခြင်းကို ဆန့်ကျင်မှုနဲ့ ဆေးရုံတွေအတွက် လိုအပ်နေတဲ့ ရန်ပုံငွေကိစ္စစတဲ့ အကြောင်းအရာတွေ ပါဝင်တဲ့ အဖွဲ့ရဲ့ကိုယ်ပိုင်အစီအစဉ်ကို ထုတ်ဖော်ကြေညာမယ်လို့ ပြောကြားခဲ့ပါတယ်။

### သတိပေး

ရီပတ်ဘလစ်ကန်အဖွဲ့က ဦးဆောင်ရေးဆွဲခဲ့တဲ့ စီးပွားရေးကယ်တင်မှုအစီအစဉ် ဥပဒေဟာ ပူးပေါင်းလုပ်ငန်းဆောင်ရွက်ချက်ကို ဦးစားပေးထည့်သွင်းထားတယ်။ ဘယ်အလုပ်သမားတွေ၊ မိသားစုတွေမှ မပါဘူးလို့ ပီလိုစီက ဆိုပါတယ်။

ရီပတ်ဘလစ်ကန်တွေအဆိုပြုခဲ့တဲ့ အဲဒီဥပဒေဟာ ကော်ပိုရေးရှင်းလုပ်ငန်းတွေက စတော့ရှယ်ယာတွေ ပြန်ဝယ်ဖို့ အခွန်ထမ်းသူတွေရဲ့ ရန်ပုံငွေတွေသုံးစွဲတာကို တားဆီးနိုင်ခြင်းမရှိသလို သမ္မတထရမ့်အပါအဝင် ရီပတ်ဘလစ်ကန်တွေ လူသိရှင်ကြား ကန့်ကွက်နေတဲ့ အလုပ်အမှုဆောင်တွေရဲ့ လစာတိုးပေးဖို့ကိုလည်း တားမြစ်နိုင်ခြင်းမရှိဘူးလို့ သတိပေးခဲ့ကြပါတယ်။

### ငွေကြေးနဲ့ကယ်တင်မယ်

ဘယ်လိုပင်ဖြစ်စေ ဖက်ဒရယ် ဗဟိုဘဏ်စနစ်ကတော့ အမေရိကန်ရဲ့ စီးပွားရေးကို ငွေကြေးနဲ့ ဆက်လက်စီးဆင်းနိုင်စေဖို့ ယခင်လုပ်ဆောင်ခဲ့ဖူးခြင်းမရှိတဲ့ အားထုတ်မှုမျိုးနဲ့ ကြိုးပမ်းနေပြီဖြစ်တယ်လို့ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်ကပြောကြားခဲ့ပါတယ်။ မစ္စတာစတီဗင်မျူချင်က အဲဒီအစီအစဉ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ကသောင်းကနင်းဖြစ်ပွားမှုတွေအတွင်း ငွေပေါ်လွယ်မှုအတွက် လိုအပ်တဲ့ အမေရိကန်ဒေါ်လာ လေးထရီလီယံကို ဖြည့်ဆည်းပေးမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ။

**အေအက်ဖ်ပီ**

> **“စီးပွားရေးကယ်တင်မှုအစီအစဉ်နဲ့ ပတ်သက်ပြီး ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေ၊ ဒီမို ကရက်တစ်အဖွဲ့ဝင်တွေနဲ့ သမ္မတဒေါ်နယ်ထရမ့်တို့အကြား အကြိတ်အနယ်ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ကြပေမယ့်လည်း အတည်ပြုနိုင်ရေး မဲခွဲဆုံးဖြတ်ချိန်မှာတော့ ထောက်ခံမဲ ၆၀ လောက်ရဖို့ လိုအပ်နေခဲ့ပါတယ်။ အထက်လွှတ်တော်အမတ်ငါးဦးနဲ့ ရီပတ်ဘလစ်ကန်အမတ်တွေဟာ မဲထည့်ဝင်ခဲ့ခြင်း မရှိပါဘူး”**

# ပဲခူးမြို့၌ ကိုရိုနာဗိုင်းရပ် စောင့်ကြည့်လူနာများထားရန် ပြင်ဆင်ထားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပြင်ဆင်နေသည့် အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးနေစဉ်။

**ပဲခူး မတ် ၂၄**

ပဲခူးမြို့၌ ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများထားရှိရန် ပြင်ဆင်နေသည့် ပဲခူးမြို့ ကလိခြောက်ထပ်ဆေးရုံ အနီးရှိ တိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးရုံး အဆောက်အအုံ ပြင်ဆင်နေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မတ် ၂၃ ရက်က သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းနှင့် ပဲခူးမြို့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်တို့က ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများထားရှိရန် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အရေးတကြီး လိုအပ်လျက်ရှိသည့် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် သက်ဆိုင်သည့်ဌာနဆိုင်ရာများအား မှာကြားခဲ့သည်။

အဆိုပါ အဆောက်အအုံသည် လူနေရပ်ကွက်/ကျေးရွာများနှင့် သီးခြား ရှိနေသည့်အတွက် ကူးစက်လူနာနှင့်ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများထားရန် သင့်တော်သော နေရာဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ လူနာထားရှိမည့် အခန်း၊ လိုအပ်မည့် အသုံးအဆောင် ပစ္စည်း၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်း၊ ဆက်သွယ်မှုကိစ္စရပ်များနှင့် လုံခြုံမှုဆိုင်ရာ လိုအပ်သည်များကို အမြန်ဆုံးဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ သိရသည်။

**တင်စိုး(ပဲခူး)**

# မကွေးတိုင်းဒေသကြီးအဆင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ အစည်းအဝေးပြုလုပ်

**မကွေး မတ် ၂၄**

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ COVID-19 ကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မကွေးတိုင်းဒေသကြီးအဆင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ ရက်က မကွေးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအဆင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားခဲ့ခြင်းဖြစ်ရာ မိမိတို့အနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ COVID-19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါသည် ကမ္ဘာပေါင်းစုံအပေါ် သက်ရောက်မှုရှိနေပြီး ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ရာတွင် အဓိကအချက်မှာ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁) တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်က COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးနှင့် စပ်လျဉ်း၍ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့သည်။

အစည်းအဝေးတွင် ဆေးဝန်ထမ်းများ အသုံးပြုနိုင်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ(PPE) ၃၀၀၀ ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်ခဲ့ကြောင်းနှင့် မကွေးမြို့ရှိ ဆောက်လုပ်ပြီး ပြည်သူ့ဝန်ထမ်းအိမ်ရာ ၄၈ ခန်းကိုလည်း COVID-19 စောင့်ကြပ်ကြည့်ရှုရမည့်သူများအား သီးသန့်ထား ဆောင်ရွက်နိုင်ရေး ယာယီအသုံးပြုခွင့်ပေးသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ချင်းပြည်နယ်အဆင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ဟားခါး၌ ပြုလုပ်

**ဟားခါး မတ် ၂၄**

ချင်းပြည်နယ်အတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၂၄ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကာ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်အဆင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်က ချင်းပြည်နယ်အတွင်း ရောဂါကူးစက်မှု အခြေအနေကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လက်ရှိ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့လာမှုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ နေရာများ စီစဉ်ထားရှိသည့် အခြေအနေများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ချင်းပြည်နယ်အဆင့်လုပ်ငန်း ကော်မတီညှိနှိုင်းအစည်းအဝေးပြုလုပ်နေစဉ်။

ဆက်လက်၍ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံ၌ COVID-19 ရောဂါပိုး တွေ့ရှိသည့် လူနာအား စောင့်ကြည့်ကုသနေမှု အခြေအနေများနှင့် ရောဂါပိုး ထပ်မံကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်ရမည့် နည်းလမ်းများ၊ ဆောင်ရန် ရှောင်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့ဌာနအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြပြီးနောက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ကဏ္ဍအလိုက် အားလုံး ပူးပေါင်းဆောင်ရွက်ကြရန် ပြည်နယ်လူမှုရေးဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**အောင်ခွီရှိန်း(ပြန်/ဆက်)**

# COVID-19 ကာကွယ် ကုသရေးအတွက် အလှူငွေ ပေးအပ်

**ပုသိမ် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် COVID – 19 ကာကွယ် ထိန်းချုပ် ကုသရေးအတွက် အလှူငွေပေးအပ်ပွဲကို မတ် ၂၃ ရက်က ဧရာရွှေဝါခန်းမ၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးအတွက် အမေရိကန်ဒေါ်လာ ၁၇၀၀၀၊ မြန်မာငွေ ကျပ် ၅၀၉ သိန်းနှင့် ဆန်အိတ် ၁၀၀ ကို တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြပြီး အလှူရှင်များကိုယ်စား Royal Ayar ကုမ္ပဏီမှ ဦးထွန်းထွန်းက လှူဒါန်းခြင်းနှင့်ပတ်သက်ကာ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းပွဲသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပုသိမ်ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း COVID-19 ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် မတ် ၂၄**

ကယားပြည်နယ်အတွင်း COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားလာပါက ကုသရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရန်အတွက် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ သီးခြားဆေးကုသဆောင်များ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကယားပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးနှင့်အဖွဲ့က မတ် ၂၄ ရက်တွင် လိုက်လံစစ်ဆေးခဲ့သည်။

ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီးအတွင်းမှ လူနာဆောင်များနှင့် COVID-19 ရောဂါ ဖြစ်ပွားလာပါက လူနာများအား သီးခြားထားရှိမည့်အခန်းများ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်သည့်လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ထားကြရန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကယားပြည်နယ်အတွင်းရှိ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာခဲ့သည့် ပြည်သူများအား စစ်ဆေးစောင့်ကြည့်မှုများကိုလည်း သတိပြုလုပ်ဆောင်သွားကြရန်နှင့် သံသယလူနာများရှိပါက သေချာစွာ စောင့်ကြပ်ကြည့်ရှု ကုသခြင်းများ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**ထွန်းလေး**



# လတ်တလောဖြစ်ပွားနေသည့် COVID-19 ရောဂါဂယက်ကြောင့် ဆန်၊ ဆီ၊ ဆား၊ ဆေးဝါးနှင့် အစားအသောက်များ ဝယ်ယူရန် ခက်ခဲနေသည့် မန္တလေးဒေသခံပြည်သူများအတွက် အခမဲ့ဝန်ဆောင်မှုဖြင့် ပို့ဆောင်ပေးနေ

မန္တလေး မတ် ၂၄

**မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသည့် COVID–19 ရောဂါဂယက်ကြောင့် ဆန်၊ ဆီ၊ ဆား၊ ဆေးဝါးနှင့် အစားအသောက်များ ဝယ်ယူရန် အခက်အခဲဖြစ်ပေါ်နေသည့် မန္တလေးဒေသခံပြည်သူများ၊ မြို့မိမြို့ဖများအတွက် မန္တလေးမြို့ရှိ လူငယ်များဖွဲ့စည်းထားသည့် Together Volunteer Team က ၎င်းတို့ မှာယူသည့် ပစ္စည်းများအား အိမ်အရောက် ပို့ဆောင်ပေးခြင်းလုပ်ငန်းကို မတ် ၂၄ ရက်မှစ၍ အခမဲ့ဝန်ဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။** (ယာပုံ)



အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံတွင် COVID–19 ရောဂါ စတင်တွေ့ရှိသည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မတ် ၂၃ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် အတည်ပြုကြေညာခဲ့သည့် သတင်းကြောင့် စိုးရိမ်လွန်ကဲစွာဖြင့် ဝယ်ယူစုဆောင်းမှုများ မရှိစေရန်နှင့် ယခုလို အခြေအနေတွင် ပြင်ပသို့ ထွက်၍ ဝယ်ယူရန် ခက်ခဲနေသည့် သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများအတွက် ၎င်းတို့လိုအပ်သည့် စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ အစားအသောက်များအား မှာယူသည့် ပစ္စည်းအမျိုးအစားအတိုင်း ဝယ်ယူ၍ အိမ်အရောက် အခမဲ့ ဝန်ဆောင်မှုပေးကာ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း Together Volunteer Team မှ ကိုအေးချမ်းကိုကို က ပြောသည်။

"COVID–19 ရောဂါကို ရန်ကုန်နဲ့ တီးတိန်မှာ စတွေ့ပြီလို့ မနေ့က ညပိုင်းမှာ ကြေညာလိုက်တဲ့အတွက် ရန်ကုန်မြို့က စူပါမားကတ်တွေမှာ အလုအယက် တိုးဝှေ့ဝယ်ယူနေကြလို့ ပစ္စည်းတွေ ပြတ်လပ်တဲ့အထိ ဖြစ်ပွားခဲ့တာကို ကြားသိရတဲ့အတွက် ကျွန်တော်တို့ မန္တလေးမှာလည်း ဒီလိုဖြစ်ခဲ့ရင် ဝယ်ဖို့ ခက်ခဲတဲ့ သက်ကြီးရွယ်အိုတွေ၊ နာမကျန်းသူတွေကို အဓိကထားပြီး ဝန်ဆောင်ခမယူဘဲ သူတို့မှာထားတဲ့ စာရင်းအတိုင်း ပိုက်ဆံစိုက်ဝယ်ပေးပြီး အိမ်အရောက် အခမဲ့ ပို့ပေးပါမယ်။ ကျွန်တော်တို့အဖွဲ့က အပြင်ထွက်ဖို့ အမှန်တကယ် ခက်ခဲနေသူတွေကိုပဲ ဦးစားပေးပြီး ကူညီပေးတာပါ။ ကျွန်တော်တို့ကို ဖုန်းနံပါတ်နဲ့ဖြစ်စေ၊ အင်တာနက်ကနေဖြစ်စေ ဆက်သွယ်မှာယူသူမှန်သမျှကို တကယ်ခက်ခဲလို့ ဆက်သွယ်တာဖြစ်တယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ အဖွဲ့က တက္ကသိုလ် ကျောင်းပြီးခါစ လုပ်ငန်းခွင်ဝင်နေတဲ့ လူငယ်တွေဖြစ်တဲ့အတွက် ကားပိုင် မရှိပါဘူး။ ဆိုင်ကယ်ပဲရှိတဲ့အတွက် ဆိုင်ကယ်နဲ့ သယ်နိုင်သလောက်ကိုပဲ ဝယ်ယူပေးတာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါအဖွဲ့သည် ယနေ့ ဝန်ဆောင်မှု စတင်သည့်နေ့တွင် အဖွဲ့ဝင် ခြောက်ဦးဖြင့် ဆောင်ရွက်ခဲ့ပြီး နံနက်ပိုင်း၌ပင် မှာယူသူ ၁၀ ဦး၏ ဆန်၊ ဆီ၊ ဆား၊ ဆေးဝါးနှင့် နှာခေါင်းစည်းများကို ပို့ဆောင်နိုင်ခဲ့ပြီး ၎င်းတို့ အဖွဲ့သို့ ဝင်ရောက်ရန် ဆက်သွယ်လာသည့် အဖွဲ့ဝင် ဦးရေမှာလည်း ၁၀၀ နီးပါးရှိလာကြောင်း သိရသည်။

Together Volunteer Team အား ဖုန်းဖြင့် ဆက်သွယ်၍ ပစ္စည်းများမှာယူသည့် ချမ်းမြသာစည်မြို့နယ်မှ ဒေါ်ဝါဝါက "ဒီနေ့ မနက်မှာ သူတို့တင်ထားတဲ့ လူမှုကွန်ရက်စာမျက်နှာမှာတွေ့ပြီး ဆန်၊ ဆီနဲ့ လက်သန့်ဆေးရည်တွေ ဝယ်ပေးဖို့ ဆက်သွယ်လိုက်တာပါ။ အိမ်မှာက အမျိုးသားကလည်း ခရီးထွက်နေလို့ တစ်ယောက်တည်းရှိနေတော့ ခက်ခဲနေတဲ့အချိန်မှာ အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်မ မှာတဲ့ပစ္စည်းတွေကို ဘောက်ချာမှာပါတဲ့အတိုင်းပဲ ရှင်းပေးရတာပါ။ အပိုတစ်ပြားမှ မပေးရပါဘူး။ အခုလို အပြင်ထွက်ဖို့ ခက်ခဲနေတဲ့အချိန်မှာ ဒီလိုကူညီပေးတဲ့အဖွဲ့တွေ ပေါ်လာတာ ကျေးဇူးတင်ပါတယ်။ ကိုယ်ကျိုးမငဲ့ဘဲ ကူညီပေးနိုင်တဲ့ စိတ်ဓာတ်တွေ လူငယ်တွေမှာ ဖြစ်ပေါ်လာတာကိုလည်း လေးစားချီးကျူးမိပါတယ်"ဟု ပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ပြည်တွင်းဈေးကွက် လက်ကျန်ဆန်စပါး လုံလောက်စွာရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာ

**ရန်ကုန် မတ် ၂၄**

လက်ရှိအခြေအနေတွင် ပြည်တွင်းဈေးကွက်တွင် လက်ကျန်ဆန်စပါးလုံလောက်စွာ ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် သတင်းမှားများ ဝါဒဖြန့်မှုများကို ရှောင်ကြဉ်နိုင်ပါရန်နှင့် လိုအပ်ပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သော်လည်းကောင်း၊ အသင်းချုပ်၏ ညီနောင်အသင်းများနှင့် ကုန်စည်ဒိုင်များသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းကြရန် မတ် ၂၄ ရက်က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သတင်းထုတ်ပြန်ကြေညာချက် အမှတ် (၁၂ / ၂၀၂၀) ဖြင့် ထုတ်ပြန်ထားသည်။

အသင်းချုပ်အသင်းဝင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထံတွင် ပစ္စည်းမှန်ဈေးမှန်ဖြင့် ဆန်ဝယ်ယူရရှိနိုင်သည်ကို လူမှုကွန်ရက်မှတစ်ဆင့် တင်ပြရန်နှင့် ကုန်စည်ဒိုင်နှင့် ဆန်အရောင်းဆိုင်များအားလုံးမှ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပါဝင်ကြရန် နှိုးဆော်ထားသည်။

ထို့ပြင်စက်ပိုင် (ဆန်စက်)၊ ကုန်သည်ကြီးများနှင့် ကုမ္ပဏီကြီးများအနေဖြင့် မိမိလက်ဝယ်ရှိ ဆန်ကို ကုန်စင်အောင် ရောင်းချခြင်းမပြုဘဲ မိမိဒေသအတွက် တာဝန်သိစွာ ထိုက်သင့်သောပမာဏကို အရန်ဆန်အဖြစ် သိမ်းဆည်းထားရန် မေတ္တာရပ်ခံထားသည်။

ကျေးလက်ဒေသ ဆန်စပါးစိုက်ပျိုးသော တောင်သူလယ်သမားများနှင့် ကျေးရွာများတွင် နေထိုင်သူများအနေဖြင့် လူစုလူဝေးများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ခြင်း မလုပ်ရန်နှင့် မိမိတို့ရွာတွင် နိုင်ငံခြားပြန်များရှိပါက ကျန်းမာရေးဌာနနှင့် အုပ်ချုပ်ရေးဌာနများ၏ ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် ပန်ကြားထားသည်။

အသင်းချုပ်အသင်းဝင်ကုမ္ပဏီများမှ ငွေကြေးလှူဒါန်းမှုများနှင့် ဆန်အိတ်လှူဒါန်းမှုများကို ပါဝင်အားဖြည့်ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပြီး လိုအပ်သောနေရာဒေသများသို့ ထောက်ပံ့ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **အောင်သူရ**

## ကော့ကရိတ်၌ ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေး

**ကော့ကရိတ် မတ် ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်နှင့် COVID–19 ရောဂါအကြောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းများ စိုက်ထူခြင်းကို မတ် ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေး အသိပညာပေးစာစောင်နှင့် ကရင်ပြည်နယ်အစိုးရမှ ထုတ်ပြန်သော ကြေညာချက်စာစောင်များကို လူစည်ကားသည့်နေရာများနှင့် မြို့မဈေးကြီးတို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနုနှင့် ဌာနဆိုင်ရာများက ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်ပြီး အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်များကိုလည်း မြို့တွင်း လူစည်ကားရာနေရာများ၌ စိုက်ထူထားသည့်အပြင် မြို့ပေါ်ရပ်ကွက်/ကျေးရွာများအထိလည်း အသံချဲ့စက်ဖြင့် လှည့်လည် ကြေညာပေးလျက်ရှိသည်။

ခင်မျိုးဝင်း(ခရိုင် ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၀/၅၅၅ | ကျပ် | ၅၄၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၀/၅၆၅ | ကျပ် | ၅၅၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၉၀/၄၅၀ | ကျပ် | ၄၇၀/၅၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၃၀/၅၈၀ | ကျပ် | ၆၁၅/၆၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၃၉ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၃၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၆ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၇၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၂၂၅၁ | ၂၄၄၁၃၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၇၄၁၂ | ၂၇၅၄၁၀၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၃၁၀ | ၂၈၁၆၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# COVID–19 နှင့်ပတ်သက်၍ အနုပညာရှင်အချို့၏ အမြင်နှင့် စကားသံများ

တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားသော COVID–19 ရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့ ကူးစက်ပြန့်ပွားနေပြီး မြန်မာနိုင်ငံတွင်လည်း ရောဂါပိုးအတည်ပြုလူနာနှစ်ဦးကို မတ် ၂၃ ရက်က စတင်တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ရောဂါအတွက် ကြိုတင်ပြင်ဆင်ကာကွယ်မှုများဖြစ်သည့် ပြည်သူများအား အသိပညာပေးခြင်းများကို ဆောင်ရွက်နေသလို ဖြစ်ပွားပါက ကုသပေးရန် လိုအပ်သည်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရောဂါကာကွယ်ရေးအတွက် လူစုလူဝေးများမဖြစ်စေရန် ရုပ်ရှင်ရုံများနှင့် အခြားအခမ်းအနားများကို ပိတ်ထားခြင်း၊ သင်္ကြန်ပွဲတော်တွင် မဏ္ဍပ်ကြီးများဆောက်လုပ်ခြင်းကို တားမြစ်ထားခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကိုဗစ်–၁၉ ကြောင့် သက်ရောက်မှုများနှင့် ပတ်သက်၍ အနုပညာရှင်အချို့၏ အမြင် စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**အဆိုတော်ယုန်လေး**

ရုပ်ရှင်ရုံတွေ ပိတ်ရမယ်ဆိုတာကို စကြားတုန်းကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် တော်တော်လေး ခံစားလိုက်ရတယ်။ "Original Gangster 3" ရုပ်ရှင် Gold Carpet အထူးပွဲလည်း လုပ်လို့မရတော့ဘူး။ ဒီဇာတ်ကား ရုံပေါ်ရောက်ဖို့ ကျွန်တော်တို့ အများကြီး ကျော်ဖြတ်ခဲ့ရတယ်။ အခု ရုံတင်ခွင့်ရပြန်တော့လည်း ဒီလို အခြေအနေတွေနဲ့ ကြုံရတယ်ပေ့ါ။ ဒါပေမယ့် ပြန်တွေးကြည့်တော့ ဒီကိစ္စက တစ်ကမ္ဘာလုံး နီးပါး ဖြစ်နေတယ်။ ပြီးတော့ မြန်မာတစ်နိုင်ငံလုံးရဲ့ ကျန်းမာရေးလည်း ဖြစ်နေတယ်။ ရောဂါဖြစ်ပွားနေတဲ့ အခြားနိုင်ငံတွေလို မဖြစ်ရအောင် ကာကွယ်တဲ့အနေနဲ့ ရုပ်ရှင်ရုံတွေ ပိတ်လိုက်တာဟာ အလွန်ကောင်း



တယ်လို့ တွေးမိတယ်။ ထောက်လည်း ထောက်ခံပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ အော်ရီဂျင်နယ် ဂန်းစတားက ဘာမှ မဟုတ်တော့ဘူးလို့ကို ခံစားရတယ်။ ရုပ်ရှင်ရုံတွေပြန်ဖွင့်လို့ ပြသခွင့်ရတော့မှ "Original Gangster3" ကိုလာရောက်အားပေးကြပါလို့ပဲ ပြောချင်ပါတယ်။ အခြားနိုင်ငံတွေမှာလည်း ဖြစ်ပျက်နေတာတွေ ရှိတယ်။ ဒီလိုအခြေအနေတွေမှာ အခြေခံလူတန်းစားတွေ ဒုက္ခရောက်သွားမှာကိုတော့ စိုးရိမ်မိတယ်။ တကယ်လို့ တစ်ခုခုဖြစ်လာခဲ့ရင်လည်း ကျွန်တော်တို့က ပါဝင်ကူညီဖို့ လှူဒါန်းဖို့ အသင့်ပါပဲ။ ကျွန်တော်ကတော့ ကိုရိုနာဗိုင်းရပ်စ်ကို မပြန့်ပွားပါစေနဲ့ပဲ ဆုတောင်းတယ်။

**အဆိုတော် ရွှေထူး**

သင်္ကြန်အတွက် ပွဲတွေချိတ်ထားတာတော့ ရှိတယ်။ ဒါပေမယ့် လတ်တလော အခြေအနေတွေကြောင့် ပွဲတွေ ရပ်နားထားရမယ်လို့ သိရတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအခြေအနေမှာ ရပ်နားသင့်တယ်လို့ ထင်တယ်။ နိုင်ငံတော်ကချမှတ်တဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း အားလုံးလိုက်နာရမှာပါ။ ကိုယ်ကိုယ်တိုင်လည်း ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ဂရုစိုက်မယ်။ ကိုယ့်မိသားစုနဲ့ ပတ်ဝန်းကျင်ကိုလည်း ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်တဲ့ ကျန်းမာရေးအသိတွေကို တတ်နိုင်သလောက် ဝေမျှသွားမယ်။

**သရုပ်ဆောင် ကျော်ထူး**

ကျွန်တော်ပြောချင်တာကတော့ ပြည်သူတွေအနေနဲ့ အစိုးရိမ်လွန်မှုတွေ မဖြစ်စေလို



ပါဘူး၊ ဥပမာ ဈေးတွေကို ဘာမှန်းညာမှန်း မသိဘဲ အတင်းတိုးဝှေ့ပြီး ဖွတ်ဝယ်ကြတာမျိုးတွေ တွေ့နေရတယ်။ စိုးရိမ်တာကိုတော့ လက်ခံပါတယ်။ ဒါပေမယ့် အစွန်းသိပ်မရောက်ဖို့ ပြောချင်တာပါ၊ အဲဒီလို ဝယ်လိုက်ကြတဲ့အခါကျတော့ ကုန်ဈေးနှုန်းတွေ ကြီးလာတယ်၊ အဲဒီအခါ တစ်နေ့လုပ်တစ်နေ့စား လူတွေအတွက် အခက်ကြုံတာမျိုးတွေ ဖြစ်ပါတယ်၊ ဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်တာတွေကို နားထောင်ပါ၊ စာတွေဖတ်ပါ။ သက်ဆိုင်ရာက ထုတ်ပြန်တာတွေကိုသာ အလေးထားပါလို့ ပြောချင်ပါတယ်။

**သရုပ်ဆောင် လင်းဇာနည်ဇော်**

အစ်မက တစ်ခါတစ်ခါ အလုပ်ဇောကပ်နေတော့ သတိမထားမိတာလေးတွေရှိတယ်။ အိမ်မှာသမီးက အစ်မကို နောက်ကနေ မေမေ မသွားမဖြစ်လို့ သွားရတဲ့ ပွဲတွေ လောက်ပဲ သွားပေ့ါနော်၊ ဘယ်လို စားသောက် နေထိုင်သင့်တယ်ဆိုတာမျိုး သူကပဲ မှာနေတာ၊ ဒါပေမယ့် အခုကိစ္စကတော့ ကျန်းမာရေးက ပိုအရေးကြီးတယ်ဆိုတာ အားလုံးကို သတိပေးလိုက်သလိုပါပဲ၊ ဒါကြောင့် ကျန်းမာရေးကို အထူးဂရုစိုက်သင့်ပါတယ်၊ ကျန်းမာအောင်နေထိုင်နည်းတွေကို သေချာ စနစ်တကျ လိုက်နာရမယ်ဆိုတဲ့ အသိတစ်ခုလည်း ရလာတာပေ့ါနော်၊ အခုဆို



ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စာတွေ သေချာဖတ်ပြီး စနစ်တကျ လိုက်နာကျင့်သုံး ဆောင်ရွက်ရမယ်ပေ့ါ၊ ပရိသတ်တွေ အနေနဲ့လည်း တရားဝင် သက်ဆိုင်ရာတွေက ထုတ်ပြန်တဲ့ သတင်းတွေကိုသာ ဖတ်ကြပါ၊ သတင်းအတုအယောင်တွေကို မယုံစေချင်ဘူး။

**သရုပ်ဆောင် အိချောပို**



အခုချိန်မှာ ပွဲတော်တော်များများက ကျန်းမာရေးအခြေအနေတွေကြောင့် ရက်ရွှေ့ထားရတယ်ပေ့ါနော်။ စုစုအနေနဲ့ကလည်း လူစုလူဝေးတွေကို တတ်နိုင်သလောက် ရှောင်တဲ့ အကျင့်ရှိပါတယ်။ ပရိသတ်တွေ အနေနဲ့လည်း အပြင်ကပြန်လာပြီးရင် လက်ကို အရင်ဆေးပါ။ ပြီးတော့ လက်သန့်ဆေးရည်တွေ ဆောင်ထားကြပါ။ ဘာပဲဖြစ်ဖြစ် ကြိုတင်ကာကွယ်ထားတာကတော့ အကောင်းဆုံးပါပဲ။

ကိုလင်း

# "ကြည့်ရှုခံစား ရွှေ Series များ" ဟု အမည်ပေးထားသော ရုပ်သံဇာတ်လမ်းတွဲများကို ဇူလိုင်လတွင် 5 Plus ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသရန် စီစဉ်နေ

Myanmar Media 7 မှ စီစဉ်ထုတ်လုပ်ရိုက်ကူးပြီး 5 Plus ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည့် "ကြည့်ရှုခံစား ရွှေ Series များ"ဟု အမည်ပေးထားသော ရုပ်သံဇာတ်လမ်းတွဲ ခုနစ်တွဲကို ဇူလိုင်လအတွင်း စတင် ထုတ်လွှင့်ပြသသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲ ခုနစ်တွဲမှာ လူးလူးစိန်၊ သမုဒယမော်ကွန်းတွင်ရစ်စေသတည်း၊ အချစ်၏နောက်ဆက်တွဲစာမျက်နှာ၊ အာပေတူးနဲ့ ဂျလေဘီ၊ ကျွန်မ၊ စိတ်ကန်း၊ ပွဲတင်သံတို့ ဖြစ်ကြောင်း သိရသည်။

လူးလူးစိန် ဇာတ်လမ်းတွဲသည် အောင်ပြည့်၏ ဇာတ်လမ်းကို ကျောင်းတော်သား ဇာတ်ညွှန်းရေးကာ ဒါရိုက်တာ အောင်သြဘာ ရိုက်ကူးပြီး ကျော်ကျော်၊ လင်းဇာနည်ဇော်၊ စိုးပြည့်သဇင်၊ မေဘရဏီသော် ၊ မင်းဟိန်း ၊ သူရထူး၊ ဝင်းမင်းသန်းတို့ သရုပ်ဆောင်မည်ဖြစ်သည်။

သမုဒယမော်ကွန်း တွင်ရစ်စေသတည်း ဇာတ်လမ်းတွဲသည် ငြိမ်းကျော်၏ ဝတ္ထုကို ဒါရိုက်တာသိန်းဟန်(ဖီးနစ်) ရိုက်ကူးပြီး ထွန်းထွန်း၊ ထူးအောင်၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ ညီနန္ဒ၊ သိန်းလင်းစိုး၊ ခင်ဝင့်ဝါ၊ ရတနာဗိုလ်၊ ဆုပန်ထွာ၊ ချောရတနာ ၊ ဆုမြတ်နိုးဦး၊ ရွှေရင်အေးနှင့်ဟန်လေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဝင်းဝင်းလတ်၏ ဝတ္ထုဖြစ်သော အချစ်၏နောက်ဆက်တွဲ စာမျက်နှာကို လွင်မင်းအဲ့ ဇာတ်ညွှန်းရေးဖွဲ့ကာ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးမည့် ဇာတ်လမ်းတွင် မင်းမော်ကွန်း၊ ညိမ်းသော်၊ အေးမြတ်သူ၊ ထက်ထက်ထွန်းနှင့် ဝမ်ဝမ်းတို့ သရုပ်ဆောင်မည်ဖြစ်သည်။ ပွဲတင်သံ ဇာတ်လမ်းတွဲကို မယ်ခိုင်နှင့် ရွှေပြည်တို့က ဇာတ်ညွှန်းရေးကာ ဒါရိုက်တာ သားညီ ရိုက်ကူးပြီး အလင်းရောင်၊ မိုးယံဇွန်၊ နေရဲ၊ ရွှေအိမ်စည်၊ သီရိစိုးတို့ သရုပ်ဆောင်မည်ဖြစ်သည်။

စိတ်ကန်း ဇာတ်လမ်းတွဲသည် မိုးစက်ဝိုင်၏ ဇာတ်လမ်းကို မိုးစက်ဝိုင်နှင့် အမ်းနက်တို့က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာသားညီ ရိုက်ကူးကာ ကျော်ကျော်ဗိုလ်၊ အောင်လေး၊ ယွန်းယွန်း၊ နန်းခင်ဇေယျာနှင့် ရွှေပိုးအိမ်တို့ သရုပ်ဆောင်မည်ဖြစ်သည်။

အာပေတူးနှင့် ဂျလေဘီ ဇာတ်လမ်းကို ဒါရိုက်တာ ပြည်ဟိန်းသီဟ ကိုယ်တိုင်ရေးသားရိုက်ကူးကာ လွှမ်းပိုင်၊ တိုင်ရွှန်၊ ကေညီ၊ ရွှေသမီးနှင့် သဲနန္ဒာစိုးတို့ သရုပ်ဆောင်မည်ဖြစ်သည်။

ကျွန်မ ဇာတ်လမ်းမှာ မိုးစက်ဝိုင်၏ဇာတ်လမ်းကို မိုးစက်ဝိုင်နှင့် အမ်းနက်တို့ ဇာတ်ညွှန်းရေးကြပြီး ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က ရိုက်ကူး၍ ဟိန်းဝေယံ၊ အုပ်စိုးခန့်၊ ညီနန္ဒ၊ အေးဝတ်ရည်သောင်း၊ သဇ္ဇာဗိုလ်၊ ယွန်းမိုမိုကျော်၊ သျှားထွဋ်အိန္ဒြာနှင့် လီလီကျော်ခိုင်တို့က သရုပ်ဆောင်မည်ဖြစ်သည်။



ကိုလင်း

# ရွှေမိုက်ခဲ သီချင်းဆိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အတွက် ရွေးချယ်ခံရသူများ ထွက်ပေါ်လာ

ရွှေမိုက်ခဲ သီချင်းဆိုပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သူ ဆန်ခါတင်ပြိုင်ပွဲဝင် ၁၂ ဦးအား စာနယ်ဇင်း မိတ်ဆက်ပွဲကို မတ် ၂၂ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအောင်မြတ်လမ်းရှိ Wyndham Grand Yangon Hotel အင်းလျားခန်းမ၌ ကျင်းပခဲ့သည်။

MPT နှင့် တေးသံသာ အက်ပလီကေးရှင်းတို့ ပူးပေါင်းတင်ဆက်သည့် ရွှေမိုက်ခဲ သီချင်းဆိုပြိုင်ပွဲသည် ဝါသနာရှင်များက အွန်လိုင်းမှ သီဆို၍ ပေးပို့ ယှဉ်ပြိုင်ရသော ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်အသံဖိုင်များကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ လက်ခံခဲ့ရာ ပဏာမအဆင့်တွင် ပြိုင်ပွဲဝင် ၂၃၀၀ ကျော် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်အရေအတွက် များပြားသည့်အတွက် ဆန်ခါတင်ပြိုင်ပွဲဝင် ၁၀ ဦးအစား ၁၂ ဦးအထိ တိုးချဲ့ရွေးချယ်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် ပြိုင်ပွဲသို့ တက်လှမ်းခဲ့သူ ၁၂ ဦး၏ Voting Number များမှာ ၁– ကဲကဲ၊ ၂–အိုင်စွမ်း၊ ၃–သဲရာ–အားလင်း၊ ၄–နန့်ဖြိုးအိ ၊ ၅– စော Blessing မူ၊ ၆–ရှီးရှီး၊ ၇–ဂျာပန်လူ၊ ၈–မိဒေဝီ၊ ၉–နန္ဒာရွှေရည်ဝင်း၊ ၁၀– ဖီဆာမိုးရီ၊ ၁၁– ဟယ်ဘလူဆေးနှင့် ၁၂ – အောင်ဒင့်တို့ ဖြစ်ကြသည်။

ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် တေးရေး မြင့်မိုးအောင်၊ ကီးဘုတ်ပညာရှင် လီယိုနာဒ်မောင်မောင်လွင်၊ တေးရေး တေးဆို ဝေကြီး၊ တေးသံရှင် ရေဗက္ကာဝင်းနှင့် တေးသံရှင် ဂျူဝယ်လ်တို့က ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ၁၂ ဦးသည် ဆီမီးဖိုင်နယ်ကို မတ် ၂၁ ရက်က Northern Old Skool ၌ သီဆိုယှဉ်ပြိုင်ခဲ့သည်။ ယှဉ်ပြိုင်မှုကို ရွှေမိုက်ခဲအစီအစဉ်၏ ဖေ့စ်ဘုတ်စာမျက်နှာ Shwe Mic Khae မှ တိုက်ရိုက် ထုတ်လွှင့်ပြသထားသလို MPT နှင့် Tay Than Tar စာမျက်နှာများမှလည်း ဝင်ရောက်ကြည့်ရှု၍ Voting များကို မတ် ၁၉ ရက်မှ ၂၈ ရက်အထိ ပေးနိုင်ပြီး Voting ရလဒ်များအရ Grand–Final သို့ တက်လှမ်းနိုင်မည့် ပြိုင်ပွဲဝင် ခြောက်ဦးအား Grand–Final ပွဲ စဖွင့်ဖွင့်ချင်းတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေမိုက်ခဲ သီချင်းဆိုပြိုင်ပွဲသည် အခြားပြိုင်ပွဲများနှင့်မတူသည့် ထူးခြားသော SMS Reward Voting ကို မိတ်ဆက်ပေးထားပြီး ပရိသတ်များ ပေးပို့လိုက်သည့် Voting ပမာဏ ကျသင့်ငွေကို ငါးရာခိုင်နှုန်း အခွန်ဖယ်ပြီး ကျန်ငွေကို ပြိုင်ပွဲဝင်ထံသို့ တိုက်ရိုက်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ vote ပေးမည့်သူများ အနေဖြင့် 7171 သို့ စာတို SMS ပေးပို့ရမည်ဖြစ်ပြီး စာတိုတစ်စောင်လျှင် တစ်ရာကျပ် ကျသင့်မည်ဖြစ်ကာ နှစ်သက်ရာ ပြိုင်ပွဲဝင်ကို အကန့်အသတ်မရှိ vote ပေးနိုင်ကြောင်း သိရသည်။

ကိုလင်း

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့် အကျဉ်းကျခံနေရသည့် ဟာဗေးဝင်စတိန်းတွင် ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိ

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့် အကျဉ်းချခံနေရသည့် ဟောလိဝုဒ်ထုတ်လုပ်သူ ဟာဗေးဝင်စတိန်းတွင် ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်တွေ့ရှိရကြောင်း အမေရိကန် အကျဉ်းထောင်များသမဂ္ဂမှ အရာရှိတစ်ဦးက ပြောသည်။ ယခုအခါ ဟာဗေးဝင်စတိန်းကို သီးခြားခွဲထားပြီး လုံခြုံရေးစောင့်တစ်ဦးဖြင့် ထားရှိကြောင်းသိရသည်။ ၎င်းမှာ နယူးယောက်မြို့ရှိအကျဉ်းထောင်မှ ပြောင်းရွှေ့လာသူလည်းဖြစ်သည်။ အဆိုပါအကျဉ်းထောင်တွင် ၎င်းကို ထောင်ဒဏ် ၂၃နှစ် ကျခံရန် အမိန့်ချထားခဲ့ခြင်းလည်းဖြစ်သည်။ ယခုအခါ အကျဉ်းထောင်မှလုံခြုံရေးဝန်ထမ်းများကိုလည်း သီးခြားခွဲထားကြောင်း သိရသည်။

ဟာဗေးဝင်စတိန်း၏ ရှေ့နေတစ်ဦးဖြစ်သူ အီမရန် အန်ဆာရီက ၎င်းတို့ရှေ့နေအဖွဲ့သည် ဟာဗေးဝင်စတိန်းထံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သတိမပြုမိခဲ့ဟုပြောသည်။ ဟာဗေးဝင်စတိန်း၏ ကျန်းမာရေးအခြေအနေကို စိုးရိမ်လျက်ရှိပြီး ၎င်း၏ရှေ့နေအဖွဲ့အခြေအနေကို စောင့်ကြည့်မှုများ ပြုလုပ်နေသည်ဟု အန်ဆာရီက ပြောကြားခဲ့သည်။ အသက် ၆၈ နှစ်အရွယ် ဟာဗေးဝင်စတိန်းမှာ ၂၀၀၆ ခုနှစ် တွင် ၎င်း၏လက်ထောက်ဖြစ်သူကို လိင်ပိုင်းဆိုင်ရာကျူးလွန်မှုနှင့် ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်မင်းသမီး ဂျက်ဆီကာမန်းကို ကျူးလွန်မှုတို့ဖြင့် ယခုနှစ်အစောပိုင်းတွင် အမှုရင်ဆိုင်ခဲ့ရသည်။ နာမည်ကျော် ရုပ်ရှင်မင်းသမီးများအပါအဝင် အမျိုးသမီးပေါင်း ၁၀၀ကျော်မှာ ဟာဗေးဝင်စတိန်း၏လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းခံခဲ့ရသည်ဟု စွပ်စွဲခဲ့ကြသည်။

**စကိုင်းနယူး**



အမှုအတွက် တရားရင်ဆိုင်စဉ်က တရားရုံးသို့လာသည့် မစ္စတာဟာဗေးဝင်စတိန်းကိုတွေ့ရစဉ်။

## ဂျူအာလီပါ၏ အယ်လ်ဘမ်သစ် အွန်လိုင်းပေါ်တွင် ပေါက်ကြားပြီးနောက် တရားဝင်ထွက်ရှိမည့်နေ့ကိုရှေ့တိုး

အဆိုတော်ဂျူအာလီပါသည် ၎င်း၏အယ်လ်ဘမ်သစ် အွန်လိုင်းပေါ်တွင် ပေါက်ကြားပြီးနောက် တရားဝင်ထွက်ရှိမည့်နေ့ကို ရှေ့တိုးလိုက်ကြောင်း သိရသည်။ ၎င်း၏ အယ်လ်ဘမ်သစ်မှာ တရားဝင်မထွက်ခင် အွန်လိုင်းပေါ်သို့ ပေါက်ကြားသွားသည့်အတွက် ဂျူအာလီပါက လူမှုကွန်ရက်မှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့သည်။ ၎င်း၏ခွေထွက်ရှိမည့်နေ့ကို မတ် ၂၇ ရက်ဟု သတ်မှတ်လိုက်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေချိန်တွင် အယ်လ်ဘမ်သစ် ထွက်ရှိရန်သင့် မသင့် ဆုံးဖြတ် ရခက်နေကြောင်း ဂျူအာလီပါက ဆက်လက်ပြောကြားခဲ့သည်။ အခုအချိန်သည် လူများ ဝေဒနာခံစားနေရသည့်အချိန်ဖြစ်သဖြင့် အယ်လ်ဘမ်သစ်ထွက်ရှိရမည့် အချိန်ကောင်းမဟုတ်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ သို့သော် သီချင်းများနားထောင်ရင်းဖြင့် စိတ်ပျော်ရွှင်ရမည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



အဆိုတော် ဂျူအာလီပါ

ခြူး

---

# ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၂)



## ပြစ်မှုထင်ရှားမခံရမချင်း အပြစ်ကင်းစင်ခြင်း

**ဦးဟန်ညွန့် (ဥပဒေ)**

### မောင်ပျင်းရိ၏ ဝေဖန်ချက်

အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား ရုံးခန်းရောက်ရောက်ချင်း ထိုးနှက်ဝေဖန်လိုက်သော မေးခွန်းက အတော် "ထိ" သွားပါသည်–

**"ဆရာကြီးက ဥပဒေအရာရှိ(ဆွဲချ) တစ်သက်လုံးလုပ်လာတော့ တရားခံတွေကို အပြစ်ပေးဖို့ပဲ ကြည့်တယ်။ ဆွဲချဖို့ (ထောင်ချဖို့)ပဲ ကြည့်တယ်။ တရားခံလွတ်ရာလွတ်ကြောင်း၊ သက်သာရာသက်သာကြောင်း မစဉ်းစားမိဘူးမဟုတ်လား။ လူ့အခွင့်အရေးရှုထောင့်၊ ဥပဒေကြောင်းအရ သက်သာခွင့် ရှုထောင့်တွေကရော စဉ်းစားပေးပါဦး ဆရာကြီး၊ ဒီတစ်ခါဆောင်းပါးရေးရင် ထည့်ရေးပေးပါခင်ဗျာ"** ဟု အရေးဆိုလာသောကြောင့် ဖြစ်ပါသည်။

### တရားခံအား ဖမ်းဆီးခြင်း

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၆၁ အရ တရားခံကို ဖမ်းဆီးပြီးက ၂၄ နာရီသာလျှင် ချုပ်နှောင်ရပါသည်။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၆၁ ၏ အနှစ်သာရမှာ မည်သည့်ရဲအရာရှိကမျှ ဝရမ်းမပါဘဲ ဖမ်းဆီးထားသူကို ကျင့်ထုံးပုဒ်မ ၁၆၇ အရ တရားသူကြီး၏ ချုပ်မိန့် ရမန်အမိန့်မရရှိဘဲ တရားသူကြီးထံသို့ ပို့ဆောင်သည့်အချိန်ကို နုတ်ပယ်ပြီး ၂၄ နာရီထက် မပိုစေရဟု ကန့်သတ်ထားခြင်းဖြစ်ပါသည်။ တရားခံ၏အခွင့်အရေးဖြစ်ပါသည်။ ပြည်သူအများ သိသင့်ပါသည်။ ၂၄ နာရီထက်ပို၍ ချုပ်နှောင်လျှင် မတရားဖမ်းဆီးချုပ်နှောင်မှု ဖြစ်ပါသည်။

### တားဆီးကန့်ကွက်လျှင်

သူတစ်ဦးဦးအား သွားလိုရာသို့မသွားရအောင် တားဆီးကန့်ကွက်လျှင် မတရားချုပ်နှောင်သည် မည်သည်။ **(ရာဇသတ်ကြီးပုဒ်မ ၃၄၀)**

မည်သူမဆို သူတစ်ဦးဦးအား မတရားချုပ်နှောင်လျှင် ချုပ်နှောင်သည့်ကာလအလိုက်၊ ချုပ်နှောင်မှုအမျိုးအစားအလိုက် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။ **(ရာဇသတ်ကြီး ပုဒ်မ ၂၂၀၊ ၃၄၂၊ ၃၄၄၊ ၃၄၅၊ ၃၄၆၊ ၃၄၇နှင့် ၃၄၈)**

ဥပဒေနှင့်မညီဘဲ အဂတိလိုက်စား၍ဖြစ်စေ၊ မလိုမုန်းထား၍ ဖြစ်စေ ချုပ်ထားလျှင် ပုဒ်မ ၂၂၀နှင့် ၃၄၂ အရသော်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေး ဥပဒေအရသော်လည်းကောင်း အရေးယူခြင်းခံရမည်။ **(ရဲလက်စွဲ ဒုတိယတွဲ၊ အပိုဒ် ၁၃၆၁)**

### ရမန်ယူလျှင်

ရဲပုံစံ ၃၂ အရလျှောက်လွှာနှင့် ရမန်ယူလိုကြောင်း လျှောက်ထားရမည်။ လျှောက်လွှာနှင့် ရမန်ရလိုကြောင်း ရဲနေ့စဉ် မှတ်တမ်းမိတ္တူနှင့် တကွတရားခံကို ရဲကတရားရုံးသို့ တင်ပို့ပေးရမည်။ **[တရားရုံးများလက်စွဲ အပိုဒ် ၄၀၃ (၁)]**

### တရားသူကြီးအာဏာ

တရားသူကြီးသည် မည်သည့်စာချုပ်တွင်မဆို ချုပ်ထားစေခွင့်ပြုနိုင်သည်။ ရမန်အမိန့်ကို သာမန်အားဖြင့် အကျဉ်းထောင်တွင် ချုပ်မိန့်ပေးရမည်။ အကျဉ်းထောင်မရှိလျှင် ရဲစခန်း၌ ချုပ်ထားရမည်။ အမှုကိစ္စတိုင်းတွင် တရားခံကို ချုပ်ထားရမည့်နေရာကို တရားသူကြီးအမိန့်စာနှင့် ဝရမ်းတို့တွင် သတ်မှတ်ဖော်ပြရမည်။

**[တရားရုံးများလက်စွဲ အပိုဒ် ၄၀၄]**

### အကြောင်းပြချက်

မည်သည့်အတွက် ချုပ်ထားရန် အမိန့်ပေးသည့်အကြောင်းပြချက်ကို တရားသူကြီးက အမိန့်တွင် ကိုယ်တိုင်ရေးမှတ်ပေးရမည်။

**[တရားရုံးများ လက်စွဲ အပိုဒ် ၄၁၅(၁)]**

### တိကျသေချာရေး

ရမန်ပေးသည့်အကြောင်း ဘာ့ကြောင့်ဆိုတာ တိကျစွာ၊ သေချာစွာရေးရမည်။ သာမန်အကြောင်းပြချက်၊ လွယ်လွယ်အကြောင်းပြချက်ဖြစ်သလို ပေါ့ပေါ့ဆဆအကြောင်းပြချက်ဖြင့် တရားခံအား ဖမ်းဆီးချုပ်နှောင်ရန် မသင့်ချေ။ အထူးသတိပြုသင့်သည်။ တရားခံများဘက်က တရားခံများဘဝကို စာနာသင့်လှသည်။ ဘယ်သူက အချုပ်အနှောင်မတရားခံချင်မှာလဲ။ ဥပဒေနှင့်အညီ၊ ကျင့်ထုံးနှင့်အညီ ဖြစ်သင့်ပါသည်။

### တစ်ကြိမ်စီရင်ခံရပြီးသူ

တရားရုံးက တစ်ကြိမ်စစ်ဆေးစီရင်၍ ပြစ်မှုထင်ရှားစီရင်ခံရပြီးသူ (သို့မဟုတ်) တရားသေလွှတ်ခြင်းခံရသူကို ၎င်းပြစ်မှုနှင့်ပင် ထပ်မံမစီရင်၊ အပြစ်မပေးနိုင်ကြောင်း ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၃ က ဖော်ပြ၊ ပြဋ္ဌာန်းထားလေသည်။




### တရားသေလွှတ်ခြင်း

တရားသေလွှတ်ခြင်းခံရသူအား ထပ်မံအပြစ်ပေး၍မရ။ အမှုတစ်မှုချင်းအလိုက်စိစစ်၊ စီရင်ကြရမည်ဖြစ်ပေသည်။ ဤအခြေအနေများ၊ ဤပြဋ္ဌာန်းချက်များကို လေးစားစွာဂရုပြုသင့်သည်။ တရားခံများ၏ အခွင့်အရေး ဥပဒေကပေးထားသည်။ ပေးသင့်အခွင့်အရေးရကြပါစေ။ မဖျက်ဆီးကြပါနှင့်။

### ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights)

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် (၁၁)တွင် "ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသော လူတိုင်းသည် စွပ်စွဲခံရသည့်ပြစ်မှုအတွက် ခုခံချေပရန်လိုအပ်သည့် အာမခံချက်ရှိသော အများပြည်သူရှေ့မှောက်၌ စစ်ဆေးသောတရားရုံးက ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်မှု မခံရမချင်း **(မခံရမချင်း)** အပြစ်မဲ့သူဟူ၍ မှတ်ယူခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်–"ဟု ဖော်ပြသည်။

### စီမံခန့်ခွဲမှု အားနည်းခြင်း

"ဥပဒေပြဋ္ဌာန်းချက်တွေက အလွန်ကောင်းပါတယ်။ စာအုပ်ကြီးတွေထဲက ဥပဒေမဖြစ်ဖို့ လိုပါတယ်။ လက်တွေ့မှာ ဥပဒေအခွင့်အရေးရဖို့ အရေးကြီးတယ်မဟုတ်လားဆရာကြီး။ တချို့ တရားခံတွေက ဥပဒေလည်းနားမလည်၊ အခွင့်အရေးလည်းမယူတတ်၊ လူလည်လူနပ်တချို့ကြောင့် လူ့အခွင့်အရေးတွေ ဆုံးရှုံးရတယ်။ စီမံခန့်ခွဲမှုအားနည်းတဲ့ ဝန်ထမ်းတချို့ကြောင့် မဖြစ်သင့်တာတွေဖြစ်နေကြတယ်။ အဲဒီအကြောင်းကို ဆရာကြီးရဲ့ ဆောင်းပါးထဲမှာ ပွင့်ပွင့်လင်းလင်းရေးပေးပါဦး"ဟု အလုပ်သင်ရှေ့နေမောင်ပျင်းရိက ချက်ကျလက်ကျ ကျွန်တော့်အား လျှောက်လဲချက်လာပေးနေပြန်ပါသည်။

### သူ့ကို ပြန်၍တာဝန်လွှဲ

"မောင်ပျင်းရိရေ...။ မင်းဆွေးနွေးတာ မှန်သင့်သလောက် မှန်ပါတယ်။ လက်တွေ့ဘဝမှာ ဥပဒေမဲ့လုပ်နေကြတာတွေ၊ သူ့အရပ်နဲ့သူ့ဇာတ် ကပြနေတာတွေရှိကြမှာ အမှန်ပါပဲ။ အဲဒီလိုအဖြစ်မျိုးတွေ မဖြစ်ရအောင် ဆိုင်ရာတာဝန်ရှိသူတွေ သိအောင်၊ ကူညီနိုင်အောင် ပြောကြပါ။ သတင်းပို့ကြပါ။ တိုင်ကြားကြပါ။ အားလုံးတံခါးဖွင့် ကြိုဆိုနေပါတယ်။ ယခုအခါမှာ ဥပဒေအထောက်အကူပြုအဖွဲ့တွေလည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေမှာ အဆင့်ဆင့်ဖွဲ့ စည်းထားရှိပြီး မဟုတ်လား။"

"မောင်ပျင်းရိတို့လို အလုပ်သင်ရှေ့နေတွေလည်း မကြာခင်အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေတွေ ဖြစ်လာတော့မှာပဲ။ တက်တက်ကြွကြွပါဝင်ကြပါ။ ဥပဒေနဲ့အညီ မူဘောင်ထဲက ကူညီကြပါ။ တရားခံအခွင့်အရေး (လူ့အခွင့်အရေး) အတွက် ဆောင်ရွက်ပေးကြပါ" ဟု ကျွန်တော်ရှင်းပြသောအခါ မောင်ပျင်းရိက ဘာမှ ပြန်မပြောတော့ပါ။ ခေါင်းတညိတ်ညိတ် ညိတ်နေသည်ကိုတော့ ကျွန်တော်မြင်ရပေသည်။

### တရားလိုဘက်က တာဝန်ကျေပါစေ

တရားလိုဘက်က သက်သေထင်ရှားမပြဘဲ တရားခံကိုအပြစ်ပေး၍မရပါ။ ဥပဒေလောကသားတိုင်း သိကြပြီးသားပါ။ တရားခံကို **အမြင်ကတ်ပုဒ်မနှင့်** မငြိငြိအောင် တရားစွဲခြင်းမျိုးမပြုလုပ်သင့်ပါ။

### အစိုးရရှေ့နေ

အစိုးရရှေ့နေဟုခေါ်သော တရားလိုဘက်ရှေ့နေများရှိစမြဲပါ။ ယခုအခါ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဦးဆောင်မှုအောက်တွင် ဥပဒေအရာရှိများကို ခန့်ထားဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေအရာရှိသည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေနှင့်အညီ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးအတွက် ဥပဒေတာဝန်ကို ထမ်းဆောင်သူဖြစ်ပါသည်။ တရားလိုဘက်က တရားလိုအကျိုးဆောင်အဖြစ် ဆောင်ရွက်ရသောအခါ ဥပဒေမျက်နှာကိုသာ ကြည့်ရပါမည်။ ဆွဲချမဖြစ်ရပါ။ တရားခံမှန်လျှင် ထောင်ချရမည်၊ ထောင်ကျစေရမည်ဟူသော အယူအဆမရှိအပ်ပါ။ မရှိပါ။

### သက်သေမပြနိုင်မချင်း

အပြစ်ရှိကြောင်း သက်သေမပြနိုင်မချင်း အပြစ်ကင်းစင်သူသာ ဖြစ်ပါသည်။ စွဲချက်မတင်ရသေးသမျှ တရားခံမဖြစ်ထိုက်သေးပါ။ ဤမူမှာ လူ့အခွင့်အရေးနှင့်လည်း ညီညွတ်၊ ဥပဒေမူဘောင်အရလည်း မမှားသောမူဖြစ်ပါသည်။ အများလက်ခံကြပါသည်။

### လူ

"လူ"သည်"လူ"ပါပဲ။ ကျွန်တော်တို့ အပြစ်ကင်းစင်အောင် ကြိုးစားကြပါစို့။ လူ၏သဘောသဘာဝမှာ စေတနာဖြင့် တည်ဆောက်ခြင်း၊ စေတနာဖြင့် ကူညီခြင်း၊ စေတနာဖြင့် မှန်မှန်ကန်ကန် ရှုမြင်ခြင်းတို့ပင် မဟုတ်ပါလား။

### စေတနာ

(၁) မောင်ပျင်းရိပြောသလို နေရာတကာမှာ "ဆွဲချ"စိတ်ဖြင့် မရှုမြင်သင့်။

(၂) ဥပဒေမူဘောင်ဖြင့်သာ မျှတညီညွတ်အောင် ကြံဆောင်ပြုလုပ်သင့်ကြောင်း တွေးခေါ်မိသောကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**"အပြစ်ရှိကြောင်း သက်သေမပြနိုင်မချင်း အပြစ်ကင်းစင်သူသာဖြစ်ပါသည်။ စွဲချက်မတင်ရသေးသမျှ တရားခံမဖြစ်ထိုက်သေးပါ။ ဤမူမှာ လူ့အခွင့်အရေးနှင့်လည်း ညီညွတ်၊ ဥပဒေမူဘောင်အရလည်း မမှားသောမူဖြစ်ပါသည်။ အများလက်ခံကြပါသည်"**

*အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများတင်သွင်းလာပြီဆိုလျှင် လွှတ်တော်ကို အစီရင်ခံတင်ပြခြင်း၊ ဥပဒေဆိုင်ရာ အသုံးအနှုန်းများကို ပြင်ဆင်၊ ဖြည့်စွက်သင့်သည်များကို တင်ပြခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြန်လည်ကြားနာသည့် အစည်းအဝေးများပြုလုပ်ခြင်း၊ လွှတ်တော်အဆုံးအဖြတ်ရယူခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲကို လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် - (စာတည်းအဖွဲ့)*

# ကျွန်တော်တို့ လွှတ်တော်သက်တမ်းမှာ ဥပဒေ ၁၂၆ ခု ပြဋ္ဌာန်းခဲ့ပြီးပါပြီ အရင် လွှတ်တော်သက်တမ်းမှာ ၂၃၂ ခု ပြဋ္ဌာန်းခဲ့တယ်

*တွေ့ဆုံမေးမြန်း-ရှင်မင်း၊ ဓာတ်ပုံ-ကေကေ*

## အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါကော်မတီရုံး၌ ကျင်းပခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း၊ ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၊ ကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



**ဦးဇော်မင်း။** ။ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီဟာ ကော်မတီဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အမြဲတမ်းကော်မတီလေးခုထဲက တစ်ခုလည်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ စကားဝိုင်းဆွေးနွေးပွဲမှာတော့ အကုန်မတက်ရောက်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကော်မတီဝင်တွေဟာ တခြားကော်မတီတွေမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရတာတွေလည်းရှိပါတယ်။ ကော်မတီဖွဲ့စည်းမှုမှာလည်း ပါတီစုံကနေ ကိုယ်စားပြု ပါဝင်ကြပါတယ်။ တပ်မတော်သားကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဖိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ စတဲ့ပါတီစုံက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စုပေါင်းပြီး ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခု ဖြစ်ပါတယ်။

ကော်မတီဝင်အများစုက ဥပဒေပညာရှင်တွေပါ။ ကော်မတီဝင်တွေရဲ့ သုံးပုံနှစ်ပုံကျော်ဟာ ဥပဒေပညာရှင်တွေ ဖြစ်ပြီးတော့ ကျွန်တော်တို့ကော်မတီဝန်ထမ်းတွေဟာလည်း ဥပဒေပညာနဲ့ဘွဲ့ရတဲ့ ဝန်ထမ်းတွေများပါတယ်။ ဒါကြောင့် လုပ်ရကိုင်ရတာ အဆင်ပြေပါတယ်။ ဒါလေးကို ကနဦး ပြောပြချင်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်သက်တမ်းမှာ ဥပဒေ ၁၂၆ ခု ပြဋ္ဌာန်းခဲ့ပြီးပါပြီ။ အရင်လွှတ်တော်သက်တမ်းမှာ ၂၃၂ ခု ပြဋ္ဌာန်းခဲ့တယ်။ အခု လောလောဆယ် အများပြည်သူ သိရှိအောင် နိုင်ငံပိုင်သတင်းစာမှာ လူမွဲခံယူခြင်းဥပဒေကို ဖော်ပြခဲ့တာရှိတယ်။ ဒီဥပဒေဟာ ပုဒ်မ ၄၀၀ ကျော်ရှိပါတယ်။ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေကတော့ နောက်ဆုံးပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ထက်မှာ ဥပဒေ စုစုပေါင်း ၁၂၆ ခု ပြင်ဆင်တာ၊ ပယ်ဖျက်တာ၊ ပြဋ္ဌာန်းတာလုပ်ခဲ့ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ လက်ထက်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအကုန်လုံးကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။ အရင် ၂၃၂ ခု ပြဋ္ဌာန်းခဲ့စဉ်မှာတော့ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းမပြုတဲ့ ဥပဒေ ၁၀ ခု လောက်ရှိတယ်လို့ သိရပါတယ်။ ဒါကတော့ ထူးခြားချက်တစ်ခုပါ။

ကော်မတီ လည်ပတ်ဆောင်ရွက်ပုံနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဆက်ပြီး ဆွေးနွေးပြောကြားသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး။** ။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ လုပ်ငန်းလည်ပတ်ပုံ၊ လုပ်ငန်းဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ကော်မတီဟာ ခုနက ဥက္ကဋ္ဌ ဆွေးနွေးပြောပြသွားသလို ဥပဒေပညာရှင်တွေများပါတယ်။ ကျွန်တော်တို့ကော်မတီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးနီးပါး ကိုယ်စားပြုပါဝင်ပါတယ်။ ကော်မတီဝင် ၁၅ ဦးမှာ အမျိုးသမီးကိုယ်စားလှယ် လေးဦးပါဝင်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်လည်း ပါဝင်ပါတယ်။ နောက်ပြီး ကော်မတီမှာ ပထမအကြိမ် လွှတ်တော်သက်တမ်းက ပါဝင်ခဲ့သူ လေးဦး ပါဝင်ပါတယ်။

ကော်မတီလုပ်ငန်း ဆောင်ရွက်ချက်နဲ့ ပတ်သက်ပြီးပြောရရင် အရင်ဆုံးက ဥပဒေကြမ်းတင်သွင်းမှုပါ။ လုပ်ထုံးလုပ်နည်းအပိုင်း အနေနဲ့ ပြောရရင် လွှတ်တော်ကို ဥပဒေကြမ်း တင်သွင်းခွင့်ရှိတာ နှစ်မျိုးရှိပါတယ်။ ပြည်သူ့လွှတ်တော်မှာဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်၊ အမျိုးသားလွှတ်တော်မှာဆိုရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်ချင်းစီကနေ တင်သွင်းလို့ရပါတယ်။ နောက်တစ်ခုက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေကနေလည်း တင်သွင်းခွင့်ရှိပါတယ်။ နောက်ပြီးတော့ လွှတ်တော်တွေမှာဖွဲ့စည်းထားတဲ့ ရေးရာကော်မတီတွေကနေလည်း တင်သွင်းခွင့်ရှိပါတယ်။ ဥပဒေကြမ်းတွေကို လွှတ်တော်ကို တင်သွင်းလာပြီဆိုရင် ကျွန်တော်တို့ကော်မတီအနေနဲ့ လွှတ်တော်ကို အစီရင်ခံတင်ပြရပါတယ်။

အစီရင်ခံတင်ပြတဲ့ အချက်ထဲမှာ ဘယ်လိုအချက်တွေက ပြည့်စုံမှုရှိတယ်၊ ဘယ်လိုအချက်တွေ လိုနေသေးတယ်ဆိုတာတွေကို ဖော်ပြရပါတယ်။ ဆိုလိုချင်တာကတော့ ဘယ်အချက်က ပိုရင်လည်း ပိုနေတယ်၊ ဘယ်အချက်က လိုနေရင် လိုနေတယ်ဆိုတာကို အစီရင်ခံတင်ပြရပါတယ်။ ပြီးတော့ ဥပဒေပိုင်းဆိုင်ရာ အသုံးအနှုန်းတွေကိုလည်း ပြင်ဆင်ဖြည့်စွက်သင့်တာတွေကို တင်ပြရပါတယ်။ အဲဒီမှာတော့ နှစ်ပိုင်းပါ။ တစ်ခုက အကြောင်းအရာအပိုင်း ဖြစ်ပြီးတော့ တစ်ခုကရေးထုံးပိုင်းဆိုင်ရာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်မှာ ဆွေးနွေးကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေအပေါ်မှာလည်း လွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော်တို့ကော်မတီက ပြန်လည်ကြားနာတဲ့ အစည်းအဝေးတွေလုပ်ပါတယ်။ ကြားနာအတည်ပြုပြီးရင်တော့ လွှတ်တော်အဆုံးအဖြတ် ရယူပါတယ်။ အဆုံးအဖြတ်ရယူပြီးရင်တော့ ပြည်သူ့လွှတ်တော်ကို ဆက်လက်ပေးပို့ရပါတယ်။

ဒီနေရာမှာ တစ်ခုရှင်းပြချင်တာက သက်ဆိုင်ရာ ဥပဒေအလိုက် ပါဝင်ပတ်သက်သူ အားလုံးကို ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဖိတ်ခေါ်ဆွေးနွေးတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် ငါးမွေးမြူရေးဥပဒေကို ဆွေးနွေးမယ်ဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ Stakeholder အားလုံးကို တွေ့ဆုံဆွေးနွေးပြီး အကြံဉာဏ်ရယူဆွေးနွေးတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၂၁ သို့*

**“ဥပဒေတစ်ခုမှာ အရေးအကြီးဆုံးက သုံးချက်ရှိပါတယ်။ တစ်ခုက နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လောက် အထောက်အပံ့ပေးနိုင်သလဲဆိုတဲ့အချက်ပါ။ နောက်တစ်ခုက ပြည်သူတွေရဲ့ လူနေမှုဘဝ၊ လူမှုစီးပွားနဲ့ ပြည်သူတွေကို ဘယ်လောက်အကာအကွယ်ပေးနိုင်သလဲဆိုတဲ့ အချက်ပါ။ တတိယအရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့ဥပဒေဟာ အတည်ဖြစ်သွားရင် ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့ Implementation အပိုင်းပါ”**



အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ အစည်းအဝေးကျင်းပစဉ်။

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ဖော်ဆောင်မှု



*စာမျက်နှာ ၂၀ မှ*

ဒီလိုဆောင်ရွက်မှသာလျှင် ဥပဒေက ပြည့်စုံမှာပါ။ ဥပဒေတစ်ခုမှာ အရေးအကြီးဆုံးက သုံးချက်ရှိပါတယ်။ တစ်ခုက နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လောက်အထောက်အပံ့ပေးနိုင်သလဲဆိုတဲ့ အချက်ပါ။ နောက်တစ်ခုက ပြည်သူတွေရဲ့ လူနေမှုဘဝ၊ လူမှုစီးပွားနဲ့ ပြည်သူတွေကို ဘယ်လောက်အကာအကွယ်ပေးနိုင်သလဲဆိုတဲ့ အချက်ပါ။ တတိယအရေးကြီးတဲ့ အချက်ကတော့ ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့ဥပဒေဟာ အတည်ဖြစ်သွားရင် ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့ Implementation အပိုင်းပါ။

လွှတ်တော်က ဥပဒေပြုတဲ့အပိုင်းကို ဆောင်ရွက်ပေးတာပါ။ အုပ်ချုပ်ရေးအပိုင်းကတော့ အကောင်အထည်ဖော်တဲ့ အပိုင်းကို တာဝန်ယူရတာပါ။ ဒီလို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေအနေနဲ့ လက်တွေ့မှာ ကျင့်သုံးနိုင်မှုရှိ မရှိ အပိုင်းကိုလည်း လေ့လာစိစစ်ရပါတယ်။ ဘယ်လိုလေ့လာစိစစ်ရတယ်ဆိုတဲ့ အပိုင်းကို ကျွန်တော်တို့ကော်မတီဝင်ဖြစ်တဲ့ ဦးစိုးမိုးက ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဦးစိုးမိုး။** ။ ကျွန်တော်တို့ ကော်မတီအနေနဲ့ လေ့လာစိစစ်နိုင်ဖို့အတွက် ကော်မတီကို အထောက်အကူပြုဖို့ ရုံးအဖွဲ့တွေ ဖွဲ့စည်းထားတာရှိပါတယ်။ ကော်မတီမှာ ဥပဒေကြမ်းကော်မတီဌာနနဲ့ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဌာနဆိုတာ ရှိပါတယ်။ အဲဒီဌာန နှစ်ခုလုံးကို ညွှန်ကြားရေးမှူး နှစ်ဦး၊ ဒုတိယညွှန်ကြားရေးမှူး နှစ်ဦးနဲ့အတူ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီး အရာရှိများအစရှိတဲ့ ဥပဒေဘွဲ့ရ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၃၁ ဦးက အထောက်အပံ့ပြု ဆောင်ရွက်ပေးနေပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကော်မတီကနေတစ်ဆင့် အမျိုးသားလွှတ်တော်ကနေ အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကို ပို့ပါတယ်။ ပြီးရင် ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ပါတယ်။ အတည်ပြုလိုက်တဲ့ ဥပဒေတွေကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကိုင်တွယ်ပြီး ဆောင်ရွက်ရတာပါ။ အဲဒီလို ကိုင်တွယ်ဆောင်ရွက်ရာမှာ ဥပဒေရေးဆွဲစဉ်ကတည်းက သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုတွေ ထိရောက်အောင်၊ ဥပဒေ ရဲ့ ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာပါဝင်ပတ်သက်တဲ့သူ အားလုံးနဲ့ဆွေးနွေးပါတယ်။ ဥပဒေရဲ့စည်းနှောင်မှု အားကောင်းစေဖို့အတွက် ဂရုပြုဆွေးနွေးရတာဖြစ်ပါတယ်။

နောက်တစ်ခုကဥပဒေကြမ်းပြုစုရာမှာ မူဝါဒ ၁၃ ချက်နဲ့ ကိုက်ညီအောင် ရေးဆွဲရပါတယ်။ တည်ဆဲဥပဒေတွေနဲ့ ညီညွတ်မှုရှိရဲ့လား၊ အကောင်အထည်ဖော်တဲ့အခါ ဝန်ကြီးဌာနတွေ လုပ်ငန်းထပ်နေမလား၊ ဒါတွေကို စိစစ်ရပါတယ်။ လွှတ်တော်မှာ ကိုယ်စားလှယ်တွေ မဆွေးနွေးခင်ကတည်းက ဒါတွေကို အရင်စိစစ်ရပါတယ်။ ပြီးတော့မှ လွှတ်တော်ကို အစီရင်ခံတင်ပြပြီးနောက် လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးပြီး ဝိုင်းဝန်းဆောင်ရွက်ရတာပါ။

ကော်မတီရဲ့ ဆောင်ရွက်ချက်တွေကို ကော်မတီဝင် ဒေါ်အုန်းကြည်က ဆက်လက်ဆွေးနွေးပါလိမ့်မယ်။

**ဒေါ်လှဋ္ဌေး(ခ)ဒေါ်အုန်းကြည်။** ။ ကျွန်မ တို့ ကော်မတီအနေနဲ့ အမျိုးသမီး၊ ကလေးနဲ့ သက်ကြီးရွယ်အိုတွေအတွက် သက်ဆိုင်ရာ ဥပဒေတွေကို စိစစ်ဆောင်ရွက်မှုတွေ ရှိပါတယ်။ ဒါလေးကို ဆွေးနွေးလိုပါတယ်။ လွှတ်တော်ကနေ သက်ကြီးရွယ်အိုတွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုက နိုင်ငံတကာ ဥပဒေတွေလို အသက်၁၈နှစ်အောက်ကို လူငယ်လို့ သတ်မှတ်နိုင်ဖို့အတွက် ပြင်ဆင်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အိမ်ထောင်ပြုခွင့်ရှိတဲ့အရွယ်ကို ပြင်ဆင်သတ်မှတ်နိုင်ဖို့ ဆောင်ရွက်ခဲ့တာလည်းရှိပါတယ်။ နိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို အထောက်အကူပြုနိုင်ဖို့ အမျိုးသားနဲ့ အမျိုးသမီး အိမ်ထောင်ပြုတဲ့ အသက်အရွယ်ကို အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမယ်လို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ နောက်တစ်ခုက အမျိုးသားနဲ့ အမျိုးသမီး ကွဲကွာသွားခဲ့ပြီး ကလေးရှိတဲ့အခါ အမျိုးသားကနေ တစ်လ ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ရမယ်လို့ ဥပဒေထဲမှာ ပြဋ္ဌာန်းထားတာလည်း ရှိပါတယ်။ အခု ကျွန်မတို့ အမျိုးသမီးတွေအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကြမ်းက အမျိုးသားလွှတ်တော်ကို ပြီးခဲ့တဲ့အပတ်က ရောက်ရှိလာပါပြီ။ အဲဒီ ဥပဒေကြမ်းအတွက် ကျွန်မတို့ ကော်မတီက ဝန်ကြီးဌာနနဲ့ တွေ့ဆုံဆွေးနွေးပြီးပါပြီ။ ကျွန်မတို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးဇော်မင်း။** ။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဥပဒေကြမ်းတွေ စတင်ဖြစ်ပေါ်လာဖို့ ဆောင်ရွက်တဲ့အခါ ပထမဆုံး လုပ်ငန်းတစ်ခုက သတင်းစာတွေမှာ ဒီဥပဒေကြမ်းတွေကို အများပြည်သူသိရှိအောင် ကြေညာရပါတယ်။ ဒီလို ထည့်သွင်းကြေညာပြီးတော့ စိတ်ဝင်စားတဲ့ပြည်သူ မည်သူမဆို ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အကြံဉာဏ်ပေးလို့ရပါတယ်။ ဒီလို အကြံဉာဏ်ပေးရာမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ဒါမှမဟုတ် ကျွန်တော်တို့ ကော်မတီထံ လိပ်မူပေးပို့လို့ရပါတယ်။ အဲဒီလို ကြေညာပြီးရင် ပြည်သူတွေထံက တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် အကြံဉာဏ်တွေပေးတာတွေရှိပါတယ်။ အဲဒီလို ပေးလာတဲ့ အကြံဉာဏ်ပေးမှုတွေအပေါ် ပါဝင်ဆွေးနွေးသင့်တဲ့သူကို ထပ်ပြီးစိစစ်ရပါတယ်။ အဲဒီလို စိစစ်ပြီး ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဖိတ်ခေါ်ပြီးတော့ ကြားနာရပါတယ်။

ဆိုလိုချင်တာက ဥပဒေကြမ်းတစ်ခုအတွက် စိတ်ဝင်စားတဲ့ ပြည်သူ မည်သူမဆို အကြံပေးမှုတွေကို အမြဲတမ်းကြိုဆိုပြီး ညှိနှိုင်းဆွေးနွေးခဲ့တယ်ဆိုတာကို ရှင်းပြလိုပါတယ်။ ဥပဒေကြမ်း တစ်ခုကို အမျိုးသားလွှတ်တော်မှာ စပြီး ဆွေးနွေးပြီဆိုရင် အနည်းဆုံး နှစ်ကြိမ်လောက် ဆွေးနွေးရပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန ဆွေးနွေးတယ်။ နောက်တစ်ကြိမ်မှာ ဥပဒေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်ပြီးတော့ ဆွေးနွေးတယ်။ အဲဒီလိုပဲ ပြည်သူ့လွှတ်တော်မှာလည်း ဒီလိုနည်းအတိုင်းပါပဲ။ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့သူများရင် ဆွေးနွေးရတဲ့ အစည်းအဝေး အကြိမ်အရေအတွက်ကလည်း များပါတယ်။

အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက ဥပဒေတစ်ခု ဖြစ်မြောက်ဖို့အတွက် အဆင့်ဆင့် စိစစ်တယ်ဆိုတဲ့အကြောင်းပါ။ ဒီလို အဆင့်ဆင့်စိစစ်ပြီး အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ရဲ့ ဆွေးနွေးချက်တွေ ကွဲလွဲမှုရှိရင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှာ ပြန်ပြီး ဆွေးနွေးရပါသေးတယ်။ အဲဒီလိုဆွေးနွေးပြီးမှ နိုင်ငံတော်သမ္မတထံ ပေးပို့ပါတယ်။ နိုင်ငံတော်သမ္မတထံကနေ သဘောထားမှတ်ချက်နဲ့ ပြန်လာတဲ့ ဥပဒေတွေလည်း ရှိပါတယ်။ ဒီလို သဘောထားမှတ်ချက်တွေပါတဲ့ ပုဒ်မတွေကို ဥပဒေကြမ်းပူးပေါင်းကော်မတီက လေ့လာပြီး နိုင်ငံတော်သမ္မတကြီးရဲ့ သဘောထားမှတ်ချက်အတိုင်း ပြင်ဆင်တာရှိသလို ပြည်ထောင်စုလွှတ်တော်ရဲ့သဘောထားအတိုင်း ရပ်တည်တာလည်းရှိတယ်။ ဥပဒေကြမ်းတစ်ခုကနေ ဥပဒေတစ်ခုအဖြစ် ဖြစ်လာဖို့အတွက် အဆင့်ဆင့် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါတယ်ဆိုတာ ပြည်သူများကို ရှင်းလင်းတင်ပြလိုပါတယ်။

ကျေးဇူးတင်ပါတယ်။ ။



အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့်ပတ်သက်၍ အစည်းအဝေးကျင်းပစဉ်။



အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ အစည်းအဝေး ကျင်းပစဉ်။

# ပြည်ပမှ မှာယူထားသည့် စားအုန်းဆီသင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ မကြာမီရက်ပိုင်းအတွင်း အဆက်မပြတ် ဝင်ရောက်လာမည်

**မန္တလေး မတ် ၂၄**

မြန်မာနိုင်ငံတွင် စားသုံးရန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ မှာယူထားသည့် စားအုန်းဆီ သင်္ဘောများ မကြာမီရက်ပိုင်းအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာတော့မည်ဟု ကြားသိရသဖြင့် ပြည်တွင်း၌ စားအုန်းဆီပြတ်လပ်မှုမရှိနိုင်ဟုယူဆကြောင်း မန္တလေးတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောကြားသည်။

“လက်ရှိအချိန်မှာ မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေက မှာယူထားတဲ့ စားအုန်းဆီတွေ ရန်ကုန်ဆိပ်ကမ်းကို ဝင်ရောက်ဖို့ အများကြီးရှိနေတယ်။ ဒါကြောင့် ပြည်တွင်းမှာ အခြေခံလူတန်းစားအများဆုံး စားသုံးနေတဲ့ စားအုန်းဆီတွေ ပြတ်လပ်သွားနိုင်စရာမရှိဘူးလို့ ယူဆတဲ့အတွက် စိုးရိမ်မှုတွေလွန်ကဲပြီး ဝယ်ယူစုဆောင်းတာတွေ မလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ အခုလိုကာလမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆီစက်ပိုင်ရှင်အချို့ကလည်း ဒီနေ့မှာ သူတို့ရဲ့ လူမှုကွန်ရက် စာမျက်နှာကနေ ဆီဈေးတွေ တက်ပြီး မရောင်းပါဘူးလို့ ကြော်ငြာနေတာတွေလည်း တွေ့နေရပါတယ်”ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်းသို့ စားအုန်းဆီတင်သွင်းနေသည့် မလေးရှားနိုင်ငံမှ ၎င်းတို့ နိုင်ငံအတွင်းသို့ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုများ ရပ်တန့်ခဲ့သည်ဟု ကြားသိခဲ့ရသဖြင့် ၎င်းအခြေအနေတွင် ပြည်တွင်း၌ အသုံးပြုနေသည့် စားအုန်းဆီအတွက် အခက်အခဲ မရှိစေရန် အင်ဒိုနီးရှားနိုင်ငံမှလည်း ဝယ်ယူနိုင်ကြောင်း မန္တလေးခရိုင် ဆီစက်လုပ်ငန်းရှင်များ အတွင်းရေးမှူး ဦးသန်းလွင်က ပြောသည်။

“မလေးရှားနိုင်ငံက COVID-19 ဂယက်ကြောင့် ပြည်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှု ရပ်တန့်လိုက်တယ်လို့ ကျွန်တော် ကြားသိခဲ့ရတယ်။ ဒါကြောင့် ဒီလို ကုန်သွယ်မှုရပ်တန့်ခဲ့ရင် ပြည်တွင်းမှာ အခြေခံလူတန်းစားတွေ အများဆုံး စားသုံးနေကြတဲ့ စားအုန်းဆီအတွက် အခက်အခဲမရှိစေဖို့ အင်ဒိုနီးရှားနိုင်ငံကလည်း ဝယ်ယူလို့ရပါတယ်” ဟု ၎င်းက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကလည်း ယနေ့အချိန်ထိ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စားအုန်းဆီတင် သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလျက်ရှိပြီး စဉ်ဆက်မပြတ် ဆက်လက်ဝင်ရောက်လာစေရေးအတွက်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုအချိန်အခါမျိုးတွင် စားသုံးသူ ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေမည့် သတင်းအမှားများ၊ စားသုံးဆီအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အဟန့်အတားဖြစ်စေသည့် သတင်းအမှားများ ဖော်ပြခြင်းကို အထူးသတိထား ရှောင်ကြဉ်ကြရန်၊ စားသုံးသူပြည်သူများအနေဖြင့်လည်း စိုးရိမ်ပူပန်သည့်စိတ်ဖြင့် စားသုံးဆီများ အလွန်အကျွံဝယ်ယူစုဆောင်းခြင်း မပြုလုပ်ကြရန်၊ စားသုံးဆီရောင်းဝယ်ဖောက်ကားသူများအနေဖြင့်လည်း သင့်တင့်မျှတသည့် စားသုံးဆီဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံ အသိပေးကြေညာထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အိမ်မွေးဆင်များကို Microchip တပ်ဆင်ခြင်းဆောင်ရွက်



**ညောင်ဦး မတ် ၂၄**
မြန်မာနိုင်ငံတွင် အိမ်မွေးဆင်ကောင်ရေ ၄၃၀၀ ကျော်ရှိသည်။ မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ၊ သစ်တောဦးစီးဌာနပိုင်ဆင်များ၊ ပုဂ္ဂလိကပိုင်ဆင်များကို မှတ်ပုံတင်ဂရန်ပြုလုပ်ရာတွင် ပို၍စနစ်ကျစေရန် ဆင်ဂရန်နှင့် ဆင်များလွဲမှား၊ ပြောင်းလဲခြင်း မပြုလုပ်နိုင်စေရန်အတွက် သစ်တောဦးစီးဌာနမှ ဦးဆောင်ရေးဆွဲထားသည့် Myanmar Elephant Conservation Action Plan (MECAP) ကို အကောင်အထည် ဖော်ရန် အိမ်မွေးဆင်များကို ၂၀၂၀ ပြည့်နှစ် မတ်လမှမေလအတွင်း Microchip တပ်ဆင်ခြင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါက်တာမျိုးမင်းအောင် (ဆင်ဆေးကု) ထံမှ သိရသည်။

အိမ်မွေးဆင်များကို Microchip တပ်ဆင်ခြင်း လုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့် သစ်လုပ်ငန်းတို့မှ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိပြီး ထိုသို့လုပ်ဆောင်ခြင်းကြောင့် မြန်မာနိုင်ငံရှိ အိမ်မွေးဆင်ကောင်ရေ ပို၍တိကျစွာ ရရှိနိုင်ခြင်း၊ ဆင်ဂရန်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းထားနိုင်ခြင်း၊ အိမ်မွေးဆင်များ သေဆုံးပါက တောဆင်များနှင့် အစားထိုးသည့် မသမာမှုများ ကာကွယ်တားဆီးနိုင်ခြင်း၊ အိမ်မွေးဆင်များ မှတ်ပုံတင်ခနှင့်ဂရန်ငွေများ ရရှိပါက နိုင်ငံတော်ဝင်ငွေ ရရှိနိုင်ခြင်း၊ ပုဂ္ဂလိက ဆင်ပိုင်ရှင်များအနေဖြင့်လည်း ဆင်ပိုင်ဆိုင်မှု တရားဝင် အထောက်အထား စနစ်တကျရရှိနိုင်ခြင်းတို့ကြောင့် ပြည်သူနှင့်နိုင်ငံတော် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် စီမံချက်ဖြစ်ခြင်းကြောင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာန ပုဂ္ဂလိကဆင်ပိုင်ရှင်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းတို့ စနစ်တကျပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

Microchip တပ်ဆင်ခြင်းကို ငါးနှစ်အထက် ဆင်များတွင်သာ ဆောင်ရွက်ရမည်ဖြစ်ကာ ဆင်များ၏ ဝဲဘက်လည်ပင်းတစ်နေရာတည်းသာထိုးသွင်းရန် သတ်မှတ်ထားပြီး Scanner စက်ဖြင့်ဖတ်ပါက တပ်ဆင်ထားသည့် Microchip နံပါတ်ပေါ်လာမည်ဖြစ်သဖြင့် ဆင်များလွဲမှားမှုမဖြစ်နိုင်ကြောင်း ပလင်းကမ်းသာဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)မှ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပုံမှန်စီးဆင်းလျက်ရှိ

**တာချီလိတ် မတ် ၂၄**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ- ထိုင်း ချစ်ကြည်ရေးတံတား(၁)ကို ထိုင်းနိုင်ငံမှ မတ် ၂၂ ရက်က စတင်ပိတ်လိုက်ပြီး ချစ်ကြည်ရေးတံတား(၂)တွင် မတ် ၂၃ ရက်မှ စတင်ကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ပုံမှန်ပြန်လည်ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**




မတ် ၂၃ ရက်မှစတင်၍ ချစ်ကြည်ရေးတံတား(၂)တွင်ဆောက်လုပ်ရေးပစ္စည်းများ၊ စက်သုံးဆီများ ပုံမှန်ပြန်လည်ဖြတ်သန်းလျက်ရှိပြီးဒေသခံပြည်သူများအတွက် အခြေခံစားသုံးကုန်များကိုယခင်ကအတိုင်း မှန်လုံယာဉ်ငယ်များဖြင့် သယ်ယူဖြတ်သန်းရောင်းဝယ်ခွင့်ပြုထားသည်ကို တွေ့ရှိရသည်။

ဒေသတွင်း ကုန်သည်များနှင့် ကုန်စုံဆိုင်များတွင် စားသောက်ကုန်နှင့်အခြားကုန်ပစ္စည်းများကိုဈေးနှုန်းမြှင့်တင်၍ရောင်းချမှုများ မပြုလုပ်ကြပါရန်၊ ပြည်သူများအနေဖြင့် စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများကို အဆောတလျင်ဝယ်ယူခြင်းများမပြုလုပ်ကြပါရန်နှင့် စိုးရိမ်ပူပန်မှုမရှိရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ မတ် ၂၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။ **ယာဆေး(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်ရှိ ကျိုက်ထီးရိုးလေးစေတီဘုရားဖူးခရီးစဉ်ကို ယနေ့မှစ၍ ယာယီရပ်နားထား

**ရွှေကျင် မတ် ၂၄**
COVID-19 ရောဂါဖြစ်ပွားမှုမှကာကွယ်ရန်အတွက် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရွှေကျင်မြို့နယ်ရှိ ကျိုက်ထီးရိုးလေးစေတီတော် ဘုရားဖူးခရီးစဉ်ကို မတ် ၂၃ ရက်မှစတင်၍ ဧပြီ ၃၀ ရက်အထိ ယာယီရပ်နားထားမည်ဖြစ်ကြောင်း ကျိုက်ထီးရိုးလေးစေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားနေတဲ့ COVID-19 အဆုတ်ရောင်ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ဖို့အတွက် ကျိုက်ထီးရိုးလေးစေတီတော်ဘုရားဖူးခရီးစဉ်ကို ဒီနေ့ကစပြီး ဧပြီ ၃၀ ရက်အထိ ယာယီရပ်နားထားလိုက်ပါပြီ။ သင်္ကြန်ရာသီကာလ ဘုရားဖူးတွေများလေ့ရှိပေမယ့် ဘုရားဖူးကားတွေကို အဝင်မခံတော့ပါဘူး'' ဟု ကျိုက်ထီးရိုးလေးစေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ပြန်ကြားရေးအဖွဲ့လုပ်ငန်းခေါင်းဆောင် ဦးစိုးရည်က ပြောသည်။

COVID-19 ရောဂါကာကွယ်ရေးအတွက် ဘုရားဖူးများပြားလာသောကျိုက်ထီးရိုးလေးစေတီ ဘုရားဖူးအစီအစဉ်များကို ရပ်ဆိုင်းထားသင့်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မတ် ၁၉ ရက်က အကြောင်းကြားချက်အရ ယင်းနေ့တွင် ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ကျိုက်ထီးရိုးလေးစေတီတော်ဘုရားဖူးလမ်းကို ပုံမှန်အားဖြင့် နှစ်စဉ်အောက်တိုဘာ ၁ ရက်မှ မေ ၃၀ ရက်အထိ ရှစ်လတာသွားလာခွင့်ပြုထားကြောင်း သိရသည်။

**ပိန်းဇလုပ်- သိန်းညွန့်**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်မိသားစု ပရဟိတအသင်းက မတ် ၂၂ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ သီရိဂန္ဓမာသပြေ အေးမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်ကေန္တသန္တိဓာတုစေတီဘုရားဝင်းအတွင်း စုပေါင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကျောက်ပန်းတောင်းမြို့နယ် သစ်ဆပ်ပင်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ကျောက်ပန်းတောင်း မတ် ၂၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဟင်းခွက်အိုင်ကျေးရွာအုပ်စု သစ်ဆပ်ပင်ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကို မတ်လတတိယပတ်က အဆိုပါ ကျေးရွာအဝင် ထရန်စဖော်မာအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးမြင့်က လျှပ်စစ်မီးသွယ်တန်းမှုအခြေအနေများနှင့် ကျေးရွာမီးကော်မတီမှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ လျှပ်စစ်မီးကို အန္တရာယ်ကင်းရှင်းစွာကိုင်တွယ်အသုံးပြုနိုင်ရေးကိုလည်းကောင်း ပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာရာအိမ်မှူး ဦးရဲမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မိုးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျေးရွာသို့လမ်းမီးများ စတင်ပို့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကုန်းမြင့်သာယာကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေး

**သံဖြူဇရပ် မတ် ၂၄**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စခမ်းကြီးကျေးရွာအုပ်စု ကုန်းမြင့်သာယာကျေးရွာတွင် ရေရှားမှုအခက်အခဲမရှိစေရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်နှင့် ရေစက်ရုံလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မတ်လ တတိယပတ်က လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၆ သန်းဖြင့် ကုန်းမြင့်သာယာကျေးရွာတွင် နွေရာသီသောက်သုံးရေရှားပါးမှုအခက်အခဲမဖြစ်ပေါ်စေရေးအတွက် စက်ရေတွင်းပေ ၂၀၀ တူးဖော်ခြင်း၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေ၊ ရေဂါလန် ၂၀၀၀ ဆံ့ရေစုကန်တစ်ကန်နှင့် ရေစက်ရုံသစ်တစ်ရုံ စသည့်လုပ်ငန်းများကို တင်ဒါအောင်သည့် ကုမ္ပဏီမှ ဆောင်ရွက်ကာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကုန်းမြင့်သာယာကျေးရွာရှိ အိမ်ခြေ ၃၉ အိမ်၊ လူဦးရေ ၃၁၄ ဦးတို့ကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ရန်ကုန်မြို့ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများကို မတ် ၂၅ ရက်မှစ၍ အွန်လိုင်းစနစ်ဖြင့် ပြင်ဆင်ဆောင်ရွက်မည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်မြို့နေပြည်သူများ၏ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုနှင့် COVID-19 ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများကို မတ် ၂၅ ရက်မှစ၍ အွန်လိုင်းစနစ်ဖြင့် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ဖြစ်သည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း) မြို့နယ်များ၊ သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ အလုံမြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်။

**ရုံးချိန်အတွင်း လျှောက်ထားနိုင်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်များကို မိမိတို့ နေအိမ်များမှလည်းကောင်း၊ နီးစပ်ရာအွန်လိုင်းစနစ်ဖြင့်လည်းကောင်း နေ့စဉ်ရုံးချိန်အတွင်း လျှောက်ထားနိုင်ပြီး ထိုသို့ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားပြု တင်ပြရမည့် စာရွက်စာတမ်းများ၊ ဆောင်ရွက်ရန် အစီအစဉ်များကို ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ Website www.ycdc.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးမည်**

ထို့အပြင် လမ်းမတော်မြို့နယ်၊ ဗဟန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တာမွေမြို့နယ်များ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများကိုလည်းကောင်း၊ လက်ရှိ လျှောက်ထားပြီးဖြစ်သော မြေစီမံမှုများ၏ ခွင့်ပြုထုတ်ယူရန် ကိစ္စရပ်များကို လည်းကောင်း အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း (ရုံးဖွင့်ရက်) နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မိုင်းယု-ကျိုန်းယဲန်းတံတား ကျိုန်းယဲန်းဘက်အခြမ်းကို မတ် ၂၄ ရက် နံနက်ပိုင်းမှစ၍ ဖြတ်သန်းခွင့် ယာယီပိတ်ထား

**မိုင်းယု မတ် ၂၄**

တရုတ်-မြန်မာနယ်စပ်ဒေသဖြစ်သည့် မိုင်းယုမြို့တွင် COVID-19 ရောဂါ ကာကွယ်နိုင်ရန်အတွက် အထူးဒေသ (၄)အဖွဲ့မှ မိုင်းယု-ကျိုန်းယဲန်းတံတား ကျိုန်းယဲန်းဘက် အခြမ်းကို မတ် ၂၄ ရက် နံနက် ၈ နာရီက ဝင်/ထွက်သွားလာခွင့်ကို ယာယီပိတ်လိုက်ကြောင်း သိရသည်။



မိုင်းယု-ကျိုန်းယဲန်းတံတား။

**ဆိုင်ကယ်နှင့် လူပါ ဝင်/ထွက် သွားလာခွင့်မပြုတော့**

မတ် ၂၄ ရက် နံနက် ၇ နာရီက အထူးဒေသ (၄)(မိုင်းလား) အဖွဲ့ နယ်မြေ၊ နမ့်ပန်းဒေသ အုပ်ချုပ်ရေးရုံး၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ COVID-19 ရောဂါနှင့် ပတ်သက်၍ တားဆီးကာကွယ်နိုင်ရန်အတွက် တံတား၏ အထူးဒေသ (၄) ကျိုန်းယဲန်းဘက်အခြမ်းကို ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ဆိုင်ကယ်နှင့် လူပါ ဝင်/ထွက် သွားလာခွင့်မပြုတော့ကြောင်း သိရသည်။

**မိမိဒေသသို့ ပြန်မည်ဆိုလျှင် ပြန်ခွင့်ပြုထား**

အထူးဒေသ (၄) ကျိုန်းယဲန်းဘက်မှ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းနှင့် မိုင်းယုမြို့များတို့မှ ခရီးသွားလာနေသည့် ဒေသခံ ပြည်သူများကိုလည်း ကျိုန်းယဲန်းဘက်မှ ပြန်လာခွင့်မပြုသေးဘဲ အထူးဒေသ(၄) နမ့်ပန်းတွင် ၁၅ ရက်အကြာ သီးသန့်နေစေ၍ ကျန်းမာရေးစစ်ဆေးမှုခံယူပြီးမှသာ မိမိတို့နေအိမ်သို့ ပြန်လာခွင့်ပြုမည်ဖြစ်ကြောင်းနှင့် နမ့်ပန်းဒေသတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများအနေဖြင့်လည်း မိမိဒေသသို့ ပြန်မည်ဆိုလျှင် ပြန်ခွင့်ပြုထားကာ အခြားသူများကို ဝင်/ထွက်ခွင့် မပြုတော့ကြောင်း သိရသည်။

**COVID-19 ရောဂါ ကူးစက်မှု ပညာပေးစစ်ဆေးခြင်း ပြုလုပ်**

မိုင်းယု-ကျိုန်းယဲန်း တံတား မိုင်းယုဘက်အခြမ်း တံတားအဝင်/အထွက်၌ COVID-19 ရောဂါ စစ်ဆေးခြင်းများကို ဇန်နဝါရီ ၂၉ ရက်က စတင်ကာ ယနေ့အထိ စစ်ဆေးဆောင်ရွက်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုး၊ မိုင်းယုတိုက်နယ်ဆရာဝန် ဒေါက်တာ အောင်အောင်ဝင်းထွဋ်တို့ ဦးဆောင်သည့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သည့်အဖွဲ့က ယင်းတံတားပေါ်တွင် အထူးဒေသ (၄) ကျိုန်းယဲန်းဘက်မှ ဝင်ရောက်လာကြသည့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများကို COVID-19 ရောဂါ ကူးစက်လာမှုမရှိစေရေး ကိုယ်အပူချိန် တိုင်းတာခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ရေးနှင့် လိုက်နာရမည့်နည်းလမ်းတို့ကို နေ့စဉ်ပညာပေးစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး တံတားကို မိုင်းယုဘက်ခြမ်းမှ ဖြတ်သန်းခွင့်ပေးထားသည်။ **ကိုကိုနိုင် (မိုင်းယု)**

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၂၄**

မွန်ပြည်နယ်၊ ရေးမြို့၊ သီရိမာလာရပ်ကွက်၊ ဖာလဇေတဝန်ကျောင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တကုန္ဒသိရီမဟာထေရ်မြတ်ကြီးသည် သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၅ ဝါအရ ၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်၊ (၂၃-၃-၂၀၂၀)၊ တနင်္လာနေ့၊ ညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ်၊ ရေးမြို့၊ ဖာလဇေတဝန်ကျောင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒသိရီ (အဂ္ဂမဟာပဏ္ဍိတ) ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ ရေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ခမည်းတော်ဦးပွင့်၊ မယ်တော်ဒေါ်ကွမ်းမိတို့မှ ၁၃၀၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့တွင်ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၂၀ ပြည့်နှစ်တွင် ဖာလဇေတဝန်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါရိန္ဒထံ၌ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၃၂၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့တွင် ဖာလဇေတဝန်ကျောင်း၊ ခဏ္ဍာသိမ်၌ ဆရာတော် ဘဒ္ဒန္တဝါရိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ရေးမြို့၊ ဖာလဇေတဝန်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါရိန္ဒနှင့်စာချဆရာတော်များ၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဇောတနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ ရာမညဝေပုလ္လမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဥတ္တမနှင့် စာချဆရာတော်များထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ရေးမြို့၊ ရွှေဆံတော်စေတီ၊ စကားတောင်စေတီ၊ မြို့ဦးစေတီများ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူ ရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ ၊ ပညာ သုံးပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၅ ဝါအရ ၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်၊ (၂၃-၃-၂၀၂၀)၊ တနင်္လာနေ့၊ ညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# ရွှေသတ္တုလုပ်ငန်းများမှထွက်ရှိသော စွန့်ပစ်ရေများကြောင့် ချောင်းရေနောက်သဖြင့် ကျောက်ကြီးမြို့နယ် ကျေးရွာနေပြည်သူများ စိုးရိမ်မှုဖြစ်လာ

**ကျောက်ကြီး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် တောပုကျေးရွာအုပ်စုအတွင်းရှိ ရွှေပြည်သာ ကျေးရွာ၊ ဇီးကုန်းကျေးရွာများနှင့် ဆက်စပ်နေသော ယော်ချောင်းသည် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ရွှေသတ္တုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ရေများကြောင့် ချောင်းရေနောက်လာသဖြင့် ချောင်းဘေးဝဲယာရှိ ကျေးရွာနေပြည်သူများ ရေသုံးစွဲမှု အခက်အခဲတွေ့နေရကြောင်း ဒေသခံပြည်သူများထံမှသိရသည်။

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်ကျေးရွာအုပ်စု ယော်ချောင်းအတွင်း စီးဝင်သော (ချောင်းမငယ်ချောင်း) ဘေးတွင် ရွှေလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းရွှေလုပ်ငန်းများ၏ စွန့်ပစ်ရေများ ချောင်းအတွင်း ကျရောက်လာခြင်းကြောင့် ရေနောက်ရခြင်းဖြစ်ကြောင်း၊ ယော်ချောင်းဘေးဝဲယာရှိ ချောင်းရေကို အမှီပြု၍အသုံးပြုနေသည့် အိမ်ထောင်စုဝင်များ၊ လူနှင့် တိရစ္ဆာန်များအတွက် အန္တရာယ်ရှိလာမည်ကို စိုးရိမ်ကြောင်း ဒေသခံပြည်သူများက ဆိုသည်။

အဆိုပါ ချောင်းရေနောက်မှုကို ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ မတ် ၂၄ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကိုသားကြီး (ကျောက်ကြီး)**



# မလှိုင်မြို့မ စည်ပင်သာယာဈေး ပိတ်မည်ဟုဆိုခြင်းမှာ ကောလာဟလဖြစ်

**မလှိုင် မတ် ၂၄**

မိတ္ထီလာခရိုင် မလှိုင်မြို့မ စည်ပင်သာယာဈေးပိတ်မည်ဆိုသောသတင်းမှာ ကောလာဟလဖြစ်ပြီး လက်ရှိအချိန်ထိ ဈေးပိတ်ရန် ညွှန်ကြားချက်မရှိသလို အသိပေးကြေညာတာလည်း မရှိကြောင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မလှိုင်မြို့မ စည်ပင်သာယာဈေးအတွင်း COVID-19 ရောဂါကာကွယ်ရေး မြို့မစည်ပင်သာယာအဖွဲ့က မတ် ၂၃ ရက် ဈေးပိတ်ရက် ဥပုသ်နေ့တွင် ဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

"ဈေးပိတ်မယ်ဆိုတာ ကောလာဟလပါ။ ဈေးပိတ်ဖို့ အထက်က ညွှန်ကြားထားတာ မရှိသလို ကိုယ်တို့ဘက်က ထုတ်ပြန်ထားတာလည်း မရှိပါဘူး။ ကောလာဟလသာ ဖြစ်ပါတယ်။ ဈေးထဲမှာ COVID-19 ရောဂါကာကွယ်ဖို့အတွက် အခြားမြို့များနည်းတူ ဈေးပိတ်ရက်မှာ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးတွေနဲ့ စည်ပင်သာယာရေးအဖွဲ့တွေက သားစိမ်းငါးစိမ်းတန်းသာမက တစ်ဈေးလုံးကို ပိုးသတ်ဆေးဖျန်းတာပါ"ဟု မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ ဦးမြသန်းက ပြောကြားသည်။

"အများပြည်သူ စိတ်အနှောင့်အယှက်မဖြစ်အောင် ဈေးပိတ်ရက် ဥပုသ်နေ့မှာ ဈေးအတွင်းအပြင် သားစိမ်းငါးစိမ်းတန်းတွေကို ပိုးသတ်ဆေးဖျန်းတာပါ။ ဈေးပိတ်ဖို့ ဖျန်းတာမဟုတ်ပါဘူး။ COVID-19 ရောဂါ ဖြစ်နေတဲ့အတွက် အထောက်အကူဖြစ်စေဖို့ ကျန်းမာရေးအဖွဲ့တွေ၊ ရပ်ကွက်အုပ်ချုပ်ရေးတွေ၊ စည်ပင်သာယာအဖွဲ့ဝင်တွေနဲ့အတူ အခြားမြို့နယ်များနည်းတူ ပိုးသတ်ဆေးဖျန်းတာ ဖြစ်ပါတယ်" ဟု မလှိုင်မြို့နယ် စည်ပင်သာယာကော်မတီ အတွင်းရေးမှူး ဦးမင်းသီဟအောင်က ဆိုသည်။

မလှိုင်မြို့တွင် ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး မြို့မ စည်ပင်သာယာဈေးမှာ မလှိုင်မြို့၏ တစ်ခုတည်းသော ဈေးဖြစ်ကာ ဥပုသ်နေ့များ၌ ဈေးပိတ်လေ့ရှိရာ အဆိုပါနေ့များတွင် ဈေးအပြင်၌ ဥပုသ်ဈေးအဖြစ် ရောင်းချလေ့ရှိသည်။ မတ် ၂၃ ရက် ဥပုသ်နေ့တွင် မြို့မစည်ပင်သာယာအဖွဲ့က COVID - 19 ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးတွင်းဈေးပြင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။ ယနေ့နံနက်ပိုင်းက ဈေးပိတ်မည်ဟူသော ကောလာဟလများ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့မ စည်ပင်သာယာဈေး ပိတ်မည်ဆိုခြင်းမှာ ကောလာဟလ သတင်းသာဖြစ်ပြီး ဈေးပိတ်မည်ဆိုသည်မှာ မဟုတ်ကြောင်း၊ ကောလာဟလ မမှန်သတင်းဖြန့်ဝေသူများကိုလည်း ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းမြို့မ စည်ပင်သာယာဈေး ဈေးခေါင်းရုံးတွင် စက်ဖွင့်၍ ကြေညာခြင်းများလည်း ထုတ်ပြန်လျက်သည်။

**ဘိုဘို(မလှိုင်)**



# ဘားအံမြို့ ရတနာမြေ(၁)စက်သုံးဆီဆိုင်တွင် မီးလောင်မှုဖြစ်

**ဘားအံ မတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရတနာမြေ (၁)စက်သုံးဆီအရောင်းဆိုင် အနောက်ဘက်ဆီသိုလှောင်ရာ နေရာ၌ မတ် ၂၄ ရက် ညနေ ၄ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဆီသိုလှောင်ရာ နေရာကနေ နောက်တွဲယာဉ်ပေါ်ရှိ ဆီပီပါများသို့ ဆီထည့်သည့်ပိုက်ဖြင့် ဆီဖြည့်နေစဉ် ဆီတိုင်ကီအတွင်းရှိ အောင်းပူများကြောင့် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး မီးတောက်ဖြစ်ပေါ်ရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ပူးပေါင်းအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ် ငါးစီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဂိုဒေါင် တစ်လုံးနှင့် ဆီသယ်နောက်တွဲယာဉ် တစ်စီးတို့ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ရာသို့ ကူညီမီးငြိမ်းသတ်ပေးခဲ့သော ဆီဆိုင်ဝန်ထမ်း နှစ်ဦးမှာ ထိခိုက် ဒဏ်ရာ(မစိုးရိမ်ရ)များရရှိခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကာ အခြားနေအိမ်၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ မီးပေါ့ဆမှုကြောင့် ရတနာမြေ(၁) စက်သုံးဆီအရောင်းဆိုင် မန်နေဂျာအား အရေးယူဆောင်ရွက်နိုင်ရေး ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂၀၆ စီး၊ သွင်းကုန် ၂၀၁၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၁၉ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်း စုစုပေါင်း ဖမ်းဆီးမှု သုံးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၁၉ သန်းတန်ဖိုးရှိ SPY Wine၊ SOLAR CHANGER များ၊ POWER CUBE နှင့် အဝတ်အထည်များအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဓနုဖြူမြို့ တရားလွှတ်တော်ရှေ့နေ ဦးကောင်းမြတ်ထက်နိုင်နှင့် တရားရုံးအငယ်တန်းစာရေး ဒေါ်တင်တင်ရွှေတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်

**နေပြည်တော် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် တရားသူကြီးသည် ဓနုဖြူမြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၅၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ အမှုအား အကြိမ်ကြိမ် ရုံးချိန်းခေါ်ကာ အချိန်ဆွဲ စစ်ဆေးပြီး ငွေကျပ် ငါးသိန်းတောင်းယူ၍ တရားသေလွှတ်ခဲ့ခြင်းကို အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တရားလွှတ်တော်ရှေ့နေ ဦးကောင်းမြတ်ထက်နိုင်သည် ဓနုဖြူမြို့နယ် တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၅၉/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၇ အမှုနှင့် စပ်လျဉ်း၍ အမှုသည်ကိုယ်စား တရားရုံးရှေ့ လိုက်ပါဆောင်ရွက်သည့်တာဝန်ကို ထမ်းဆောင်ရာတွင် မြို့နယ်တရားသူကြီးအား တံစိုးလက်ဆောင်အဖြစ် ပေးရန် ၎င်း၏အမှုသည်ထံမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်နှင့် ၅ ရက်တို့တွင် ငွေကျပ် ငါးသိန်းကို တောင်းခံရယူခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်တွင် ဓနုဖြူမြို့နယ်တရားရုံး အငယ်တန်းစာရေး ဒေါ်တင်တင်ရွှေသည် အမှုသည်အား တရားခွင်ရုံးခန်းအတွင်းခေါ်၍ စွဲဆိုထားသည့် အမှုအား တရားသူကြီးမှ တရားသေလွှတ်ပေးရန်အတွက် မြို့နယ်တရားသူကြီးအား ငွေကြေးကန်တော့ရန် တိုက်တွန်းခဲ့ကြောင်းနှင့် အမှုသည်ထံမှ ငွေကြေးတောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနေ တရားလွှတ်တော်ရှေ့နေ ဦးကောင်းမြတ်ထက်နိုင် (စဉ်-၁၂၁၉၉)နှင့် ဓနုဖြူမြို့နယ်တရားရုံး အငယ်တန်းစာရေး ဒေါ်တင်တင်ရွှေတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ အရ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့မရဲတပ်ဖွဲ့စခန်းတွင် ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ခန္တီးမြို့နယ် နန်စီပွန်မှော်ထဲတွင် တရုတ်အမျိုးသားတစ်ဦး သေဆုံးသည့်သတင်းမှာ ကောလာဟလဖြစ်

**ခန္တီး မတ် ၂၄**

လူမှုကွန်ရက်၌ မတ် ၂၂ ရက် ညနေ ၄ နာရီခွဲတွင် နန်စီပွန်မှော်ထဲမှာ ကုမ္ပဏီက တရုတ်တစ်ဦးသေဆုံးကြောင်း သတင်းနှင့်ပတ်သက်၍ မတ် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး၌ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းရှင်းလင်းရာ ယင်းသတင်းမှာ ကောလာဟလသတင်းသာဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါ အစည်းအဝေးတွင် ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဌေးကျော်အပါအဝင် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခန္တီးမြို့နယ် ရွှေပြည်သာကျေးရွာအုပ်စု (နန်စီပွန်ကျောက်မျက်ဒေသ) အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ကျောက်မျက်ကုမ္ပဏီအုပ်စု ဒါရိုက်တာ ဦးသက်နိုင်ဦးနှင့် ကျောက်မျက်ရှေ့တန်းရုံး (နန်စီပွန်မှော်) တွင် တာဝန်ကျနေသည့် ခန္တီးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖိလစ်ဝင်းတို့က ယင်းနေ့၌ နန်စီပွန်ကျောက်မျက်ဒေသတွင် COVID-19 ရောဂါအသိပညာပေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်ရွှေနွှာမ်းနှင့်အတူ ဆောင်ရွက်နေကြောင်း၊ ယင်းနေ့တွင် တရုတ်နိုင်ငံသား သေဆုံးမှု မရှိပါကြောင်း၊ ကောလာဟလသာ ဖြစ်ကြောင်း" ရှင်းလင်းတင်ပြကြသည်။

**ကူးစက်ပျံ့နှံ့**

လက်ရှိတွင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကူးစက်ပျံ့နှံ့နေသည့် COVID-19 ရောဂါကြောင့် ပြည်သူများအနေဖြင့် ကောလာဟလသတင်းများကို သတိထားပြီး မယုံကြည်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်သော သတင်းများကိုသာ ယုံကြည်ကြရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ပြီးဖြစ်သည်။

**မောင်တက်လမ်း**

# မိုးညှင်း၊ ဝိုင်းမော်နှင့် ဖားကန့်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် ညနေပိုင်းက မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ဟန်-နမ္မချီ မှော်ကားလမ်းတွင် မင်းခန့်စည်သူကျော် မောင်းနှင်ပြီး လွင်မိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ည ၁၁ နာရီ က ဝိုင်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝိုင်းမော်မြို့နယ် ၁၃ ကီလိုမီတာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အိုက်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဇော့ခါကျေးရွာ အိမ်အမှတ်(၂/၆၂)ရှိ သင်းသင်းနွယ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သင်းသင်းနွယ်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

အမြဲသတိ
လက်ဆေးကြပါ

# အထူးဝမ်းမြောက်လှိုက်လှဲဂုဏ်ယူခြင်း

မြန်မာအသည်းဖောင်ဒေးရှင်းသို့ စဉ်ဆက်မပြတ်ပံ့ပိုးကူညီပေးနေပါသော ပင်တိုင်အလှူရှင်တစ်ဦးဖြစ်သည့် ဆရာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီအား ၂၀၂၀ ပြည့်နှစ် (၇၂)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်ကိုထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆရာမကြီးသက်ရှည်ကျန်းမာ၍ အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ ဒေါက်တာ ခင်ပြုံးကြည်နှင့် ဦးဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာအသည်းဖောင်ဒေးရှင်း**

## ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့်ကျောင်းသား/ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့ပေးရန်လိုအပ်သော ကျောင်းသုံးဗလာစာအုပ် (၅၇၉၂၇၆)ဒါဇင်ကို Lot(၆)ခုခွဲ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လေ့ကျင့်ခန်းစာအုပ်၏ အရည်အသွေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | စာအုပ်အရွယ်အစား | - ၆.၂၅x၈.၂၅လက်မ |
| (ခ) | လိုင်းအရေအတွက် | - ၂၂လိုင်း အနည်းဆုံး |
| (ဂ) | အဖုံးစက္ကူ | - 180gsm Duplex Board(colour) |
| (ဃ) | အတွင်းစက္ကူ | - 60gsm indo IK Woodfree |
| (င) | စာမျက်နှာ | - 80 pages |

၃။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီးအသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၂၁၈၉၁သို့ရုံးချိန်အတွင်း စုံစမ်းနိုင်ပါ သည်။

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၃-၃-၂၀၂၀ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၄-၂၀၂၀(အင်္ဂါနေ့)၁၆ :၃၀နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/3950 Mitsubish Rvr GA 3W STATION WAGON (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မခင် ၁၁/စတန(နိုင်)၀၃၈၃၀၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7304 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8694 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

## အနူးအညွတ်တောင်းပန်ခြင်း

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ရက် ရန်ကုန်မြို့ Lotte Hotel,Crystal Ballroom ၌ နံနက်ပိုင်းတွင်ကျင်းပပြုလုပ်သော မောင်ဇွဲဇာနည်နှင့် မလွဲသွယ်ဦးတို့၏ မင်္ဂလာညှော်ခံပွဲ ပန်းအလှပြင်ဆင်ခြင်းနှင့် မွန်းလွဲပိုင်းနားသအလှူတော်မင်္ဂလာပွဲအတွက် အခမ်းအနားပြင်ဆင်ခြင်းကို Eternal Flowers မှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

မွန်းလွဲပိုင်း နားသအလှူတော်မင်္ဂလာပွဲအတွက် အခမ်းအနားပြင်ဆင်ရာတွင် Stage ပန်းများဒီဇိုင်းပြောင်းလဲခြင်းမရှိ ဆက်လက်အသုံးပြုခဲ့ပါသည်။ နံနက်ပိုင်း မင်္ဂလာညှော်ခံပွဲရှင်များ၏ သဘောတူခွင့်ပြုချက်မယူခဲ့ဘဲ အသုံးပြုခဲ့သည့်အတွက် ဂုဏ်သိက္ခာထိခိုက်နစ်နာခဲ့ရသော သတို့သား၊ သတို့သမီးနှင့် နှစ်ဖက်မိဘများအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

**ဒေါ်အိဂျူလိုင်(မန်နေဂျာ)** **Signature Wedding Planning**
**Eternal Flowers**
**No.449,New University Avenue Road, Bahan.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/စိုက်မွေး-၁)၊ မြေကွက်အမှတ် (၃)၊ မြေကွက်တည်နေရာအမှတ် (၃/၁/၄)၊ စထပ(၁)၊ ဘုရင့်နောင်လမ်းမကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအမှတ်(၁)၊ လေးထောင့်ကန်၊ ဒဂုံမြို့သစ်( တောင်ပိုင်း)၊ ဦးကျော်ထူး ၁၂/လကန(နိုင်)၀၆၁၁၃၂ အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ထူး ၁၂/လကန(နိုင်)၀၆၁၁၃၂ (ဖခင်ဖြစ်သူ)သည် (၄-၁၂-၂၀၀၂)တွင်လည်းကောင်း၊ မိခင်ဒေါ်ရွှေ (TKI-၀၃၅၃၁၄)သည် (၂-၄-၂၀၀၉)တွင်လည်းကောင်း ကွယ်လွန်ခဲ့၍ ဒေါ်သန်းသန်းဦး ၈/မကန(နိုင်)၁၁၆၁၁၇၊ ဒေါ်ခင်ခင်ဝင်း ၁၂/တမန(နိုင်)၀၃၅၈၅၁၊ ဦးသိန်းဦး ၁၂/တမန(နိုင်)၀၃၈၆၃၂၊ ဦးငွေထွန်း ၁၂/တမန(နိုင်)၀၆၀၁၅၉၊ ဒေါ်အေးအေးသန်း ၁၂/တမန(နိုင်) ၀၆၃၁၃၂တို့မှ သားသမီးများဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၁/၂၅၆၉/၁၉)၊ (၂၀-၁၁-၂၀၁၉)၊ ထောက်ခံကျမ်းကျိန်လွှာ(၂-စောင်)၊ အိမ်ထောင်စုလူဦးရေစာရင်းမိခင်၊ ဖခင်သေစာရင်း၊ ဂရန်မူရင်းတို့ကိုတင်ပြထားပါသဖြင့် ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်အုပ်နံရံကပ်ရှိပြီး ကိုယ်တိုင်နေထိုင်ခြင်းမရှိ ကွင်းဆင်းစဉ်သော့ဖွင့်ပြပါသဖြင့် ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာခြင်းကို တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေရိယာ ၀ဒသမ၀၅၅ကေရှိ ဦးခင်မောင်ဝင်း ၉/ပမန(နိုင်)၀၅၃၀၃၀ (ဘ)ဦးအောင်ညွှန့် အမည်ပေါက်ပါမစ်မြေကွက်အမှတ် (ပ-၄၂၃၀)ကို ဦးမျိုးမြင့်လွင် ၈/ပဖန(နိုင်)၀၇၅၉၂၆ (ဘ) ဦးမောင်မောင်လွင်မှ မြေပေးမိန့်မိတ္တူ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူနှင့်ဝယ်ယူသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၀၁၂)အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်ကြည်ငွေး (ဘ)ဦးချစ်တင် အမည်ပေါက် မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေနိုင်ဝင်း ၁၂/ဒဂရ(နိုင်)၀၀၃၃၇၈မှ ယင်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်မ ဒေါ်မျိုးမျိုးမာမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ဒေါ်မျိုးမျိုးမာထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်မျိုးမျိုးမာ**
**ဖုန်း-၀၉-၇၉၅၆၃၈၀၈၅**

## အများသိစေရန်ကြေညာခြင်း

ထားဝယ်မြို့၊ ကရင်ပြင်(တောင်)ရပ်၊ ရတနာမာန်အောင်လမ်း၊ အမှတ်(၂၀၅)နေ ဦးအောင်ကျော်ဦး ၆/ထဝန(နိုင်)၀၆၈၅၅၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဦးနှင့် ဒေါ်ခင်မျိုးဆက်(ခ)မမျိုး ၆/ထဝန(နိုင်)၀၇၆၂၆၀ (ဘ)ဦးအောင်သန်း၏ သမီးတို့သည် လွန်ခဲ့သော(၁၉၉၉)ခုနှစ်ကတည်းက လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်ခင်မျိုးဆက်(ခ)မမျိုးသည် ဦးအောင်ကျော်ဦးနှင့် ပေါင်းသင်းနေရာမှ အိမ်ထောင်ရေးဖောက်ပြန်ပြီး ၂၂-၂-၂၀၂၀ ရက်တွင် ငွေကြေးများရယူကာ နေအိမ်မှဆင်းသွားခဲ့ပါသည်။

ဒေါ်ခင်မျိုးဆက် (ခ) မမျိုးသည်ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်ဦးအပေါ် ကြီးလေးသောအိမ်ထောင်ရေး ပြစ်မှုကျူးလွန်သူတစ်ဦးဖြစ်၍ ဦးအောင်ကျော်ဦးမှ ယင်းဖြစ်ရပ်အပေါ် လုံးဝခွင့်လွှတ်ခြင်းမရှိကြောင်းနှင့် တစ်စုံတစ်ရာပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဦး** **လွှဲအပ်ညွှန်ကြားချက်အရ-**
**၆/ထဝန(နိုင်)၀၆၈၅၅၃** **ဦးအောင်ငွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၈၃) ၁၈-၁-၁၉၉၀**
**အမှတ်(၃၆၀) ကညုံရပ်၊ သမဝါယမလမ်း၊ ထားဝယ်မြို့**
**ဖုန်း-၀၉-၉၅၁၇၄၇၃၉၆၊ ၀၉-၈၉၈၇၆၉၂၉၉**

## သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည (၆၀)နေ ဦးခင်မောင်မြင့် ၉/ပသက(နိုင်)၀၅၈၆၃၅ -ဒေါ်လှငွေး ၉/ပသက(နိုင်)၀၅၈၆၃၈ တို့၏သမီး မသူဇာနွယ် ၉/ပကခ(နိုင်)၀၂၃၉၈၀သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်မြင့်-ဒေါ်လှငွေး**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၊ နယ်ချောင်းကြီးကျေးရွာ အထကနဝမတန်း(A)မှ မသဇ္ဇာဝင်းကျော်အား ယနေ့မှစ၍ မသဇင်မင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။ **မသဇင်မင်းထွဋ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၉၂၈၃၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/မနတ(နိုင်)၀၀၁၆၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/5126 Isuzu Truck (8x4)R(TS)ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၉/ကဆန(နိုင်)၀၂၇၁၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/9770 Cheng Longs DT(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းစိုး ၇/ကတခ(နိုင်)၁၁၉၇၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာနေ ဦးညွန့်တင်-ဒေါ်မြကြွယ် တို့၏သား မောင်မင်းအောင် ၉/ပသက(နိုင်) ၀၆၆၆၉၂ သည်မိဘတို့၏ ဆိုဆုံးမစကားကိုမနာခံဘဲ အကြောင်းအမျိုးမျိုးဖြင့် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် (၂၀-၃-၂၀၂၀)ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိဘဆွေမျိုးများနှင့် မသက်ဆိုင်တော့ပါသဖြင့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးညွန့်တင်-ဒေါ်မြကြွယ်**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာရပ်၊ (၁၃)လမ်းနေ ဒေါ်အေးအေးသက်၁၀/မလမ(နိုင်) ၀၈၆၈၀၂နှင့် ဦးဖုန်းမြင့် ၁၀/မလမ(နိုင်)၀၅၁၁၇၁တို့မှ ကြေညာအပ်ပါသည်။ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၃)လမ်း၊ မြေကွက်အမှတ် ၁၇၇၆(၄၀x၆၀)ပေရှိ မြေကွက်သည် မူလမြေကွက်ချခံထားရသူတပ်ကြပ်ကြီး စစ်သိန်းထံမှ ၁၉၉၅ခုနှစ်တွင် ဦးကျော်အေးမှ ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး ဦးကျော်အေးဆိုသူထံမှ ကျွန်တော် ဦးဖုန်းမြင့်နှင့် ကျွန်မဒေါ်အေးအေးသက်တို့မှ ၁၉၉၆ခုနှစ်တွင် ထပ်မံဝယ်ယူခဲ့စဉ် မြေပေးမိန့်မူရင်းနှင့် စာချုပ်စာတမ်းများသည် ပျောက်ဆုံးခဲ့ကြောင်းကို ရပ်ကွက်/ရဲစခန်းထောက်ခံစာ/ တရားရုံးကျမ်းကျိန်လွှာအမှတ်စဉ်(၄၄၅/၂၀၂၀)အရ ကျမ်းကျိန် ဆိုခဲ့ပြီး မြေပေးမိန့်မိတ္တူမှန်ထုတ်ယူနိုင်ရန်အတွက် လက်ဝယ်ရရှိသူများနှင့် သက်ဆိုင်သူများ ကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ရုံးဌာနများနှင့် ကျွန်တော်/ကျွန်မတို့ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကြေညာသူများ**
**(ဒေါ်အေးအေးသက်)(ဦးဖုန်းမြင့်)**

## အများသိစေရန်ကြေညာချက်

လယ်ဝေးမြို့နယ်၊ ခရမ်းကိုင်းကျေးရွာအုပ်စု၊ ခရမ်းကိုင်းကျေးရွာနေ ဦးရန်အောင် (ဘ) ဦးထွန်းရွှေ ၉/လဝန(နိုင်)၁၃၄၇၅၇ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အများသိစေရန်ကြေညာလိုက်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်အောင်မှ ခရမ်းကိုင်းရွာရှိဝိုင်းမြေအား လွန်ခဲ့သော နှစ်(၂၀)ခန့်က အရပ်စာချုပ်ချုပ်ဆိုကာ ကာလတန်ကြေး (၃) သိန်းကျပ်တိတိဖြင့် ဝယ်ယူခဲ့ပြီး လက်ရောက်ရရှိခဲ့ပါသည်။ ဝိုင်းမြေတည်ရှိရာနေရာမှာ ခရမ်းကိုင်းအုပ်စု ခရမ်းကိုင်းရွာတွင်တည်ရှိပြီး အရှေ့လားသော် ဦးထွန်းရွှေ၊ အနောက်လားသော် ဦးအောင်ကြီး၊ တောင်လားသော်လမ်း၊ မြောက်လားသော်လမ်းတို့ဖြစ်ပြီး ထိုအနားလေးရပ်အတွင်း တည်ရှိပါသည်။ ဝိုင်းမြေအကျယ်မှာ အရှေ့အနောက်(၃၅)ပေ၊ တောင်မြောက်(၇၀)ပေတို့ ဖြစ်ပါသည်။ မြေပေါ်၌ နေအိမ်တစ်လုံးဆောက်လုပ်ထားပါသည်။ ကျွန်ုပ်၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ အိမ်နှင့်အိမ်ဝိုင်းမြေပေါ်သို့ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း ပြုလုပ်ခဲ့ပါလျှင် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးရန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွဋ် (LL.B)**
**(စဉ်-၆၃၅၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂) ရပ်ကွက်၊ လယ်ဝေးမြို့**
**ဖုန်း-၀၉-၄၃၀၇၆၃၇၈**

## ဖခင်အမည်မှန်

သနပ်ပင်မြို့နယ်၊ ဥဇ္ဇကျွန်းကျေးရွာ၊ အထက (ခွဲ) နဝမတန်းမှ မစုမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးလှမင်းဦး ၇/သနပ(နိုင်)၀၈၀၁၈၁ ဖြစ်ပါကြောင်း။

## အမည်မှန်

ကော့ကရိတ်မြို့၊ အထက(ခွဲ)ဝင်းကြီး နဝမတန်းမှ ဦးဂေဖော ၏သမီး နော်လားအယ်ဘော့ ၃/မဝတ(နိုင်) ၀၈၆၂၁၇ ၏အမည်မှန်မှာ နော်ပုလဲဖော ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကသာမြို့နယ်၊ ကုန်းသာအုပ်စု၊ လိပ်ထုံးကျေးရွာနေ ဦးစိုးမြင့် ၏သမီး မပန်းအိဖြူနှင့် မအိဖြူ ၅/ကသန(နိုင်) ၀၇၃၂၉၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ကံသစ်ရွာမကျေးရွာနေ ဦးတင်ဝင်း ၅/ဘတလ(နိုင်)၀၁၇၀၄၇(သမဝါယမ ဦးစီးဌာန-ငြိမ်း) ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၄-၁၉၆၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ၄ ရပ်ကွက်၊ အမှတ်(၂)နေ ဦးဟာရီပါရ်ဆပ်နှင့် ဦးဟယ်ရီ ၉/မမန(နိုင်) ၀၂၃၄၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟာရီပါရ်ဆပ်(ခ)ဦးဟယ်ရီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/2565 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရိယာ ၀ဒသမ၀၅၅ ကေရှိ မြေကွက်အမှတ်(ပ-၃၄၆၃၆) ၏မြေကွက် အမည်ပေါက် ဒေါ်ခင်ခင်မြင့် ၁၂/ဗဟန(နိုင်) ၀၆၁၇၃၈မှ ဒေါ်အိယမင်းစိုးနိုင် ၁၀/မလမ(နိုင်)၂၁၄၄၃၉ နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာ–ထိုင်းနယ်စပ် ချစ်ကြည်ရေးတံတား(၂) မှ မြန်မာနိုင်ငံသားများ ဝင်ခွင့်ပြုပေးလျက်ရှိ

## COVID–19 ကာကွယ်တားဆီးနိုင်ရေးအတွက် ပြန်လည်ရောက်ရှိလာသူများအား အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည်

မြဝတီ မတ် ၂၄

ကိုရိုနာဗိုင်းရပ်စ်(COVID–19) ကူးစက်ပြန့်ပွားမှုကြောင့် မြဝတီမြို့ရှိ ထိုင်း–မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားနှင့် အမှတ်(၂)တံတား အပါအဝင် နယ်စပ်ဂိတ်တို့တွင် လူဝင် လူထွက် ပိတ်ထားသော်လည်း ယနေ့အထိ မြန်မာနိုင်ငံသား နှစ်ထောင်ကျော်ခန့် ပြန်လာလျက်ရှိသည့်အတွက် မြဝတီမြို့ ချစ်ကြည်ရေးတံတားအမှတ်(၂) မှ ဝင်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံမှာလည်း တွေ့ပြီပေါ့။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ COVID–19 ထိန်းချုပ်ရေးကတော့ ပိုပြီးတိုးမြှင့်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တရားမဝင် ဝင်ထွက်ပေါက်တွေ မရှိအောင်လည်း အထူး စစ်ဆေးကြပ်မတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ ဆီးဂဲဂိတ်မှ တရားမဝင်နယ်စပ်ဖြတ်ကျော်လာတာ ရှိပါတယ်။ ဒါလည်း သက်ဆိုင်ရာဌာနတွေကနေ စိစစ်အရေးယူဆောင်ရွက်နေပြီဖြစ်ပါတယ်။

*စာမျက်နှာ ၉ ကော်လံ ၁* ◆



မြန်မာ–ထိုင်းနယ်စပ် ချစ်ကြည်ရေးတံတားအမှတ်(၂)မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တွေ့ရစဉ်။

# မူဆယ်(၁၀၅)မိုင်တွင် ဖရဲ၊ သခွားများ တရုတ်ဘက်မှ အဝယ်လိုက်လျက်ရှိ ကျင်စန်းကျော့ဂိတ်တွင် တရုတ်ပြည်ဘက်မှ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေ



မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ဖရဲကုန်သည်များ စစ်ဆေးနေမှုကို တွေ့ရစဉ်။

မူဆယ် မတ် ၂၄

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းတွင် မြန်မာဘက်မှ ဖရဲ၊ သခွားများကို တရုတ်က အဝယ်လိုက်သော်လည်း ဖရဲသီးကားများ ကျင်စန်းကျော့ဂိတ် အဝင်တွင် ပြန်လည် တန်းစီစောင့်ဆိုင်းနေရသည့်အတွက် ယာဉ်မောင်းများနှင့် ကုန်သည်ပွဲစားများ အခက်အခဲရှိနေကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင် နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ထွက်ရှိသည့် ဖရဲ၊ သခွားများကို ကုန်တင်ယာဉ်ကြီးများဖြင့် သယ်ယူပြီး မူဆယ် နယ်စပ်မှတစ်ဆင့်

*စာမျက်နှာ ၉ ကော်လံ ၃* ❐

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာ ➤ ၁၁

## MNL အပါအဝင် ပြည်တွင်းဘောလုံးပွဲအားလုံး ရပ်နားကြောင်း ထုတ်ပြန်

ရန်ကုန် မတ် ၂၄

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် COVID–19 ရောဂါကြောင့် MNL အပါအဝင် ပြည်တွင်းဘောလုံးပြိုင်ပွဲအားလုံးကို ရပ်နားကြောင်း ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

မတ် ၂၃ ရက် ညပိုင်းက မြန်မာနိုင်ငံ၌ COVID–19 ရောဂါပိုးရှိသူ နှစ်ဦးတွေ့ရှိကြောင်း ထုတ်ပြန်ခဲ့သောကြောင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကလပ်အသင်းတာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းက အစည်းအဝေးပြုလုပ်ပြီးနောက် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL စီနီယာလိဂ်ပြိုင်ပွဲ၊ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❂



မြန်မာ့အလင်း
# ယနေ့ရန်ကုန် Yangon Today
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
၂၀၂၀ ပြည့်နှစ်၊ မတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့

## ယခင်တည်ဆောက်ခဲ့သော လူကူးခုံးကျော်တံတားဟောင်းများအား အဆင့်မြှင့်၍ စက်လှေကားနှင့် အမိုးများ တပ်ဆင်ပေးတော့မည်

တင်ဝင်းလေး



ရန်ကုန်မြို့လယ်ကောင်တွင် အရှေ့နှင့် အနောက်တန်းနေသော လမ်းမကြီးငါးသွယ်ရှိသည်။ အင်္ဂလိပ်တို့အုပ်စိုးစဉ်ကာလကတည်းက ဖောက်လုပ်ခဲ့သောလမ်းမကြီးများ ဖြစ်သည်။

တောင်အရပ်ကစ၍ဆိုရသော် ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့ဖြစ်သည်။

စတည်ဆောက်စဉ်က လမ်းများကို အင်္ဂလိပ်အခေါ်အဝေါ်အမည်များ ပေးခဲ့သည်။ ယခုနောက်ပိုင်းမှ မြန်မာအမည်နှင့် ထင်ရှားခဲ့သော မြန်မာသူရဲကောင်းတို့၏ အမည်များဖြင့် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

သူ့ခေတ် သူ့ကာလနှင့်တွက်ချင့်၍ တည်ဆောက်ပေးခဲ့သော လမ်းကြီးများဖြစ်သည်။ ယနေ့ကာလ၊ ယနေ့ခေတ်နှင့်ဆိုပါက အလွန်ကျဉ်းမြောင်းလာပြီဟု ဆိုရမည်ဖြစ်သည်။

ထိုလမ်းမကြီးများပေါ်ဝယ် ကိုယ်ပိုင်ယာဉ်များ၊ အငှားယာဉ်များက ၂၄ နာရီမပြတ် ဥဒဟိုသွားလာနေကြသည်။ ဘတ်စ်ကားယာဉ်ကြီးများက ခရီးသွားပြည်သူများကို တစ်နေကုန် ပို့ဆောင်ပေးနေကြသည်။ တိုးတက်များပြားလာသော ခရီးသွားများက နံနက်မိုးလင်းမှ မိုးချုပ်သည်အထိ အသွားအလာမပြတ်ရှိနေသည်။ ထို့ထက်ပို၍ ဆိုရသော် ရန်ကုန်မြို့လယ်ကောင်သည် လူနှင့်ယာဉ်များ အလွန်တရာရှုပ်ထွေးသော ရပ်ဝန်းဖြစ်သည်။

ထို့အတွက် လူနှင့်ယာဉ်တို့ အန္တရာယ်ကင်းစေရန်၊ လမ်းသွားခရီးသည်များအတွက် လူကူးခုံးကျော်တံတားများကို အစိုးရအဆက်ဆက်က ငွေကြေးအမြောက်အမြားအကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည်။

မှတ်မိသည်မှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း တက်လာသော တပ်မတော်အစိုးရလက်ထက်၌ လူကူးခုံးကျော်တံတားအများအပြားကို တည်ဆောက်ပေးခဲ့သည်။ သို့သော် တံတားများတွင် အမိုးနှင့် စက်လှေကားများ မပါဝင်ခဲ့ပေ။

အချပ်ပို (ခ) သို့

## လတ်တလော ရန်ကုန်နှင့် ကိုဗစ်-၁၉ အခြေအနေကောက်နုတ်ချက်

ရှင်နော်

ဤလရာသီကာလရောက်တိုင်း ရန်ကုန်မြို့၏ နေ့အပူရှိန်ကနံနက် နေထွက်စဉ်မှစ၍ ဖြည်းဖြည်းတိုးမြှင့်လျက်ရှိသည်။ စားဝတ်နေရေးအတွက် နေ့စဉ်သွားလာလှုပ်ရှားနေရသော ရန်ကုန်သူ ရန်ကုန်သားတို့အဖို့ ဈေးတလုံးလုံးကြားမှပင် ဘဝရပ်တည်နေထိုင်ရေးအတွက် ရုန်းကန်နေကြရသည်။ မြန်မာနှစ်သစ်ကူးအခါသမယနှင့် နီးကပ်သော အချိန်ကာလဖြစ်၍ မြို့တော်ရန်ကုန်အနှံ့ သင်္ကြန်မဏ္ဍပ်များ စတင်ဆောက်လုပ်တတ်သောကာလလည်း ဖြစ်သည်။ တစ်နယ်တစ်ကျေးမှ အလုပ်လာရောက်လုပ်ကိုင်သူများအဖို့ အိမ်အပြန်ရက်ကို လက်ချိုးရေတွက်တတ်သော ကာလဖြစ်သည်။ သို့သော်လည်း ယခုနှစ်တွင် ကံမကောင်းအကြောင်းမလှစွာဖြင့် ကိုဗစ်-၁၉ ဟူသော ကမ္ဘာ့အနှံ့ ပျံ့နှံ့ကူးစက်



လျက်ရှိသော ကပ်ရောဂါဆိုးကြီးက ရန်ကုန်မြို့ကောင်းကင်ယံတွင် အရိပ်မည်းကြီးသဖွယ် စိုးမိုးထားလျက်ရှိသည်။

### ပွဲလမ်းသဘင်များ လျော့နည်းလာ

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဖြစ်ပွားရသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအရိပ်မည်းကြီးသည် ရန်ကုန်မြို့ပေါ် အချိန်မရွေး ဆင်းသက်လာနိုင်သည်ဖြစ်ရာ ရန်ကုန်သူ ရန်ကုန်သားတို့အတွက် စိုးရိမ်စိတ်များ တိုးမြှင့်လျက်ရှိသည်။ အဆိုပါရောဂါပိုး ကမ္ဘာ့အနှံ့ကူးစက်ပျံ့နှံ့ချိန်မှစ၍ ရန်ကုန်မြို့အနှံ့ ပွဲလမ်းသဘင်များ တဖြည်းဖြည်းလျော့နည်းခဲ့သည်။ နှစ်စဉ်ချီးမြှင့်လေ့ရှိသော မြန်မာရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို ရက်ရွှေ့ဆိုင်းခဲ့ပြီး မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတော်ဖြစ်သော အတာသင်္ကြန်ပွဲတော်ကိုလည်း ကန့်သတ်လိုက်ရပြီဖြစ်သည်။ တွေ့ဆုံပွဲများ၊ အခမ်းအနားပွဲများ ရွှေ့ဆိုင်းထားလိုက်သလို ရန်ကုန်အနှံ့ ရုပ်ရှင်ရုံအားလုံးလည်း ပိတ်ထားခဲ့ပြီးဖြစ်သည်။ ပုဂ္ဂလိကစာသင်ကျောင်းများပိတ်ထားသလို ဘာသာစကားသင်ကြားရာ ကိုယ်ပိုင်ကျောင်းများလည်း ရပ်နားထားပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အောက်ရှိ အဖွဲ့အစည်းများ၏ ပုံမှန်ပြုလုပ်နေကျ သတင်းမီဒီယာ ရှင်းလင်းပွဲများကိုလည်း အချို့ကို ရပ်နားထားသကဲ့သို့ အချို့မှာ ပုံစံပြောင်းကျင်းပလျက်ရှိသည်။

မြို့တော်ရန်ကုန်၏ ရုံး၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိကနေရာများတွင် လက်ဆေးရန်နေရာများ ပြုလုပ်လာကြသလို လက်သန့်ရှင်းရေးအတွက် လက်သန့်စင်ဆေးရည်များကို အသုံးများလာကြသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီးဆုံးချိန်ဖြစ်ပြီး ညဘက်ခရီးသည်စီးနင်းမှုမရှိသလောက် နည်းပါးသွားသည့်အတွက် ၂၄ နာရီပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းအချို့ကို အချိန်ပြောင်းလဲပြေးဆွဲလျက်ရှိသည်။ ထို့ပြင် အချို့ယာဉ်လိုင်းများ၌ နှာခေါင်းစည်းနှင့် လက်သန့်စင်ဆေးရည်များထားရှိပေးခြင်း၊ ယာဉ်တစ်စီးချင်းစီအလိုက် ပိုးသတ်ဆေးဖျန်းပက် သုတ်လိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အချပ်ပို (ဃ) သို့

# လှိုင်သာယာမြို့နယ်မှာ ဖော်ဆောင်ဦးမယ့် ကျူးကျော်တွေအတွက် တန်ဖိုးနည်းအိမ်တွေ

........ ဇင်လင်းမြင့် ........

**မြန်မာနိုင်ငံ** အနယ်နယ်အရပ်ရပ်က ရွှေ့ပြောင်းလာရောက်နေထိုင်သူတွေကြောင့် ရန်ကုန်မြို့ဟာ လူဦးရေတိုးပွားများပြားလာပါတယ်။ လူဦးရေတိုးပွားလာသလို နေထိုင်စရာ အိမ်ရာတိုက်ခန်းလိုအပ်ချက်တွေလည်း မြင့်တက်လာပါတယ်။ ဒါ့အပြင် နေထိုင်စရာ အခက်အခဲရှိနေသူက ကျူးကျော်နေထိုင်မှုတွေ များပြားလာတာမို့ ရန်ကုန်မြို့ဟာ ကျူးကျော်နေထိုင်သူဦးရေ သိန်းချီရှိနေပါတယ်။ ဒီလို အခြေအနေတွေကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး တန်ဖိုးနည်းအိမ်တွေ တည်ဆောက်ဖော်ထုတ်ပေးနေပါတယ်။ အခုဆိုရင် လှိုင်သာယာမြို့နယ်မှာ ကျူးကျော်တွေအတွက် တန်ဖိုးနည်းအိမ်တွေ တည်ဆောက်ပေးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။



### တန်ဖိုးနည်းအိမ်တွေ တည်ဆောက်

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ကောက်ယူခဲ့တဲ့ ကျူးကျော်နေထိုင်သူတွေရဲ့ ခန့်မှန်းစာရင်းအရ အိမ်ထောင်စုပေါင်း ၁၁၆၃၇၅ စုခန့်ရှိပြီး လူဦးရေအနေနဲ့ ၄၄၀၀၀၀ ကျော် ရှိတယ်လို့ သိရပါတယ်။ နေထိုင်စရာ အခက်အခဲရှိတဲ့သူတွေက ကျူးကျော်နေထိုင်ကြတာရှိသလို စီးပွားရေးအရ ကျူးကျော်နေထိုင်ကြတာတွေလည်း ရှိနေပါတယ်။ လှိုင်သာယာမြို့နယ်မှာ အမှန်တကယ် နေထိုင်စရာအခက်အခဲရှိတဲ့ ကျူးကျော်အိမ်ထောင်စုတွေအတွက် တန်ဖိုးနည်းအိမ်တွေကို တည်ဆောက်ပေးဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အခုလို တန်ဖိုးနည်းအိမ်တွေ တည်ဆောက်ပေးတဲ့ စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်ပြီး ပျိုမေ့အိမ် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းက အကောင်အထည်ဖော်ပေးနေတာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်ရေးကော်မတီမှာ အထွေထွေအုပ်ချုပ်ရေး၊ အိုးအိမ်၊ မြို့တော်စည်ပင်နဲ့ ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပါဝင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ကျူးကျော်တွေအတွက် တန်ဖိုးနည်းအိမ်တွေ ဖော်ဆောင်ပေးခဲ့ရာမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၉) ရပ်ကွက်မှာ အိမ်ခြေ ၂၆၀ ကျော်ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ရွှေပြည်သာမြို့နယ်မှာ ပထမအသုတ်အနေနဲ့ အိမ် ၂၆၄ လုံးကို တည်ဆောက်ကာ နေထိုင်ခွင့်ရတဲ့ ကျူးကျော်တွေကို နေထိုင်စေခဲ့ပြီဖြစ်ပါတယ်။

### ပူးပေါင်းပါဝင်ဆောင်ရွက်

အဲဒီအိမ်တွေဟာ သွပ်မိုး၊ သစ်သားခင်း၊ ကျောက်ပြားကာရံထားပြီး အလျား ၂၅ ပေ၊ အနံ ၁၂ ပေ အရွယ်အစားရှိတဲ့ အိမ်တွေနဲ့ အလျား ၂၅ ပေ၊ အနံ ၁၄ ပေ အကျယ်အဝန်းရှိတဲ့ အိမ်တွေကို တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရက မြေနေရာ၊ ရေ၊ မီး၊ လမ်းစတဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးခဲ့တာဖြစ်ပြီး ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းက လိုအပ်ချက်တွေကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

### ကုန်ကျငွေတွေကို လစဉ်အရစ်ကျဆပ်

အဲဒီလူတွေဟာ ရွှေပြည်သာမြို့နယ်အတွင်းက အိမ်ရာမဲ့ ကျူးကျော်နေထိုင်သူတွေဖြစ်ပြီး တာဝန်ရှိသူတွေက စိစစ်ရွေးချယ်စာရင်းကောက်ယူထားတဲ့သူတွေ ဖြစ်ပါတယ်။ တန်ဖိုး ငွေကျပ် သိန်း ၃၀ ကုန်ကျတဲ့ အဲဒီအိမ်တွေကို အခုအချိန်မှာ နေထိုင်နေကြပြီဖြစ်ပြီး ကုန်ကျငွေတွေကို လစဉ် အရစ်ကျပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်။ အစုအဖွဲ့ပိုင်အိမ်ရာ ဖော်ဆောင်တဲ့အစီအစဉ်လည်း ဖြစ်ပါတယ်။

ဒီလိုတန်ဖိုးနည်းအိမ်ရာတွေကို ရွှေပြည်သာ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းနဲ့ လှိုင်သာယာမြို့နယ်တွေမှာ ဖော်ဆောင်ဖို့ရှိနေပြီး အချို့မြို့နယ်တွေမှာ တည်ဆောက်ပြီးတဲ့ အိမ်တွေဆို နေထိုင်နေကြပြီ ဖြစ်ပါတယ်။ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ်(၁၃၀)ရပ်ကွက်ရဲ့ မြေ ၁၁ ဧကပေါ်မှာ တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်ရေးစီမံကိန်းဟာလည်း အခုဆိုရင် အိမ် အလုံး ၁၅၀ ခန့် ပြီးစီးသွားပြီဖြစ်လို့ အိမ်ထောင်စုတွေ နေထိုင်နေကြပြီဖြစ်ပါတယ်။

### ဆက်လက်အကောင်အထည်ဖော်

ဒါ့အပြင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လှော်ကားလမ်း (၁၄၆) ရပ်ကွက်မှာ ကျူးကျော်တွေအတွက် တန်ဖိုးနည်းအိမ် ၁၄၇ လုံး တည်ဆောက်ပြီးဖြစ်လို့ အိမ်ထောင်စုတွေကို နေထိုင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတန်ဖိုးနည်းအိမ်ရာတွေကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမှာဖြစ်ပြီး တစ်မြို့နယ်ကို အခုလို တန်ဖိုးနည်းအိမ် တစ်သောင်းခန့် ထွက်ပေါ်အောင်လည်း မျှော်မှန်းထားပါတယ်။

မြေနေရာပေါ်လိုက်ပြီး နေထိုင်မယ့် အိမ်ထောင်စုတွေရဲ့ ဆန္ဒတွေကို ညှိနှိုင်းကာ အိမ်အကျယ်အဝန်း၊ အခန်းဖွဲ့စည်းမှု၊ ငွေကြေးကုန်ကျမှုတန်ဖိုးပမာဏ၊ လစဉ်ပေးဆပ်နိုင်မှုတွေကို စုပေါင်းဆွေးနွေးညှိနှိုင်းပြီး ကျူးကျော်တွေအတွက် အခုလို နေအိမ်တွေ ဖော်ဆောင်ပေးတဲ့စီမံကိန်းကို သတ်မှတ်ထားတဲ့ မြို့နယ်တွေမှာ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

အခုဆိုရင် လှိုင်သာယာမြို့နယ်မှာ ကျူးကျော်တွေအတွက် အနောက်ပိုင်းနည်းပညာတက္ကသိုလ်နဲ့ ရိုးကြီးရိုးလေးကြားမှာရှိတဲ့ မြေနေရာပေါ် အကွက်ရိုက်တာတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ လှိုင်သာယာမြို့နယ်ဟာ ကျူးကျော်နေထိုင်သူဦးရေ အများဆုံးတည်ရှိနေတာဖြစ်ပါတယ်။

လှိုင်သာယာမြို့နယ်မှာ ကျူးကျော်တွေအတွက် တန်ဖိုးနည်းအိမ်တွေ တည်ဆောက်တဲ့အခါ ငွေကြေးမတတ်နိုင်သူတွေ၊ လူဦးရေနည်းတဲ့ မိသားစုတွေအတွက် အိမ်အနေအထားက ကြီးမားစရာမလိုဘဲ မီးဖိုချောင်၊ အိပ်ရန်နေရာ၊ အိမ်သာ စတဲ့ အခြေခံလိုအပ်ချက် အကျယ်အဝန်းအတိုင်း နေထိုင်မယ့် အိမ်ထောင်စုတွေရဲ့ ဆန္ဒနဲ့အညီ တည်ဆောက်ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အိမ်တန်ဖိုးအားဖြင့် ငွေကျပ် ၁၀ သိန်း၊ ၁၅ သိန်း၊ သိန်း ၂၀ ခန့်နဲ့ နေထိုင်နိုင်အောင် တည်ဆောက်ပေးဖို့လည်း စီစဉ်နေပါတယ်။

လှိုင်သာယာမြို့နယ်ဟာ နေထိုင်သူလူဦးရေ ၁၀ သိန်းခန့်ရှိနေပြီး အခုဆိုရင် လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနဲ့ အနောက်ပိုင်းဆိုပြီး ခွဲထားလိုက်ပါတယ်။ ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စု ကိုးအုပ်စုရှိတဲ့အပြင် စက်မှုဇုန်လည်း တည်ရှိနေတာမို့ နေထိုင်သူများပြားပါတယ်။ အခြေခံလူတန်းစားတွေ အများဆုံးနေထိုင်တဲ့ လှိုင်သာယာမြို့နယ်မှာ ကျူးကျော်တွေအတွက် အခုလိုတန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပေးတာကြောင့် သတ်သတ်မှတ်မှတ်နဲ့ အဆင့်အတန်းတစ်ခုရှိတဲ့ အိမ်ရာနေထိုင်ခွင့်ကို ရရှိစေမှာဖြစ်ပါတယ်။ ။

---

*အချပ်ပို(က)မှ*

အရပ်သားတစ်ဖြစ်လဲ သမ္မတ ဦးသိန်းစိန် လက်ထက်တွင်မှ အချို့သော လူကူးခုံးကျော်တံတားများတွင် အမိုးအကာနှင့် စက်လှေကားများ ထည့်သွင်းတည်ဆောက်ပေးလာသည်ကို တွေ့ရသည်။

မြို့လယ်ကောင်မှ လူကူးခုံးကျော်တံတားများကို ပြန်လည်စေ့ငုရေတွက်ကြည့်သော် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ် လမ်းသစ်လမ်းထိပ် (သူနာပြုတက္ကသိုလ်အနီး) ၌ လူကူးခုံးကျော်တံတားတစ်စင်း ရှိခဲ့ဖူးသည်။ တစ်လမှာ တစ်ယောက်ပင် တံတားပေါ်မှတက်၍ လမ်းကူးသူကို မမြင်ဖူးခဲ့ရပေ။ ညချမ်းအချိန်အခါ၌ ချစ်သူစုံတွဲများ နားခိုရာအဖြစ်နှင့် အရက်ဝိုင်းထိုင်သောက်သူတို့သာ ရှိခဲ့သည်။ ပြီးခဲ့သောနှစ်က ပြန်လည်ဖျက်သိမ်းသွားခဲ့ပြီဖြစ်သည်။

### ခေတ်မီလူကူးခုံးကျော်တံတားတစ်စင်း

ဗိုလ်ချုပ်အောင်ဆန်း ဈေးသစ်ကြီးနှင့် Junction City ကုန်တိုက်ကြီး တည်ဆောက်ခြင်းနှင့်အတူ ဈေးဟောင်းနှင့် ဈေးသစ်အဆင်ပြေလွယ်ကူချောမွေ့စွာ ကူးသန်းနိုင်ရန်အတွက် ဈေးနှစ်ဈေးရှေ့တွင် ခေတ်မီလူကူးခုံးကျော်တံတားတစ်စင်း ရှိလာခဲ့သည်။ ဈေးတည်ဆောက်သောကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့်အတွက် အမိုးအကာနှင့်ဖြစ်သည်။ ရိုးရိုးကွန်ကရစ်လှေကားနှင့်အတူ စက်လှေကားအပြင် ဓာတ်လှေကားတစ်စင်းပါဝင်သည်။

အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ မြို့လယ်ကောင်ဗဟိုတွင် စတုဂံပတ်လည် လူကူးခုံးကျော်တံတားတစ်စင်းရှိသည်။ မူလပထမ တည်ဆောက်စဉ်က ဆူးလေဘုရားလမ်းကိုဖြတ်၍ ထိုထားသော တစ်ဖက်တည်းသာ ရှိသည့် တံတားဖြစ်သည်။ နောက်ပိုင်းမှ လေးဖက်လေးတန် ဆက်၍ တည်ဆောက်ခြင်း ဖြစ်သည်။ အမိုးအကာနှင့် စက်လှေကားများ ယနေ့တိုင် တပ်ဆင်နိုင်ခြင်း မရှိသေးပေ။

### လမ်းကူးနေကြဆဲဖြစ်

သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်းသူများ တက်ရောက်ရန် အခက်အခဲများ ရှိပေသည်။ တံတားက မြင့်မားသည့်အတွက် ခရီးသည်အများအပြားက တံတားအောက် ကားလမ်းပေါ် ယာဉ်ထိန်းရဲများအကြားမှပင် လမ်းကူးနေကြဆဲဖြစ်သည်။ တစ်ခါတစ်ရံ လူနှင့်ကားများ ရောထွေးသွားတတ်သည်။ အန္တရာယ်များကြားက ခရီးသွားများဟုပင် အမည်ပေးရမလိုဖြစ်သည်။

ဤသို့ ယာဉ်ထိန်းရဲများရှိလျက် ခရီးသွားများ လမ်းဖြတ်ကူးနေခြင်းအပေါ် စေ့ငုကြည့်ရာ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက "ဆူးလေမီးပွိုင့်မှာ တာဝန်ကျတဲ့ ယာဉ်ထိန်းရဲတွေရဲ့ အဓိကတာဝန်က မော်တော်ယာဉ်တွေ စည်းကမ်းနဲ့အညီ မောင်းနှင်နိုင်ဖို့နဲ့ ယာဉ်ကြောရှင်းလင်းရေးတာဝန်ကို ယူထားရတာပါ။ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူတွေကို လိုက်ဖမ်းနေမယ်ဆိုရင် သူတို့ရဲ့ အဓိကတာဝန်တွေ လစ်ဟင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ခရီးသွားတွေကို စက်လှေကားလို အဆင်ပြေစွာ သွားနိုင်ရေးအတွက် ဖြည့်ဆည်းပေးဖို့တွေ လိုအပ်နေပါသေးတယ်။ ကျွန်တော်တို့ဘက်ကလည်း ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ပြီဆိုရင်တော့ စည်းကမ်းနဲ့အညီ ဆောင်ရွက်သွားရမှာပါ။ အမှန်တော့ အဲဒီစည်းကမ်းတွေက ရှိပြီးသားတွေပါ။ အချို့ခရီးသွားတွေက လိုက်နာမှု အားနည်းနေကြလို့ ဖြစ်နေရတာပါ"ဟု ရှင်းပြခဲ့သည်။

ထိုဆူးလေမီးပွိုင့်တွင် တစ်ခါတစ်ရံ ယာဉ်ထိန်းရဲအင်အား များစွာချ၍ စည်းကမ်းမဲ့လမ်းကူးသူများကို တားဆီးခြင်း၊ တံတားပေါ်မှ သွားရန် လမ်းညွှန်နေကြသည်။ အချို့ တားနေသည့်အကြားမှ ဖြတ်သန်းသည့် ခရီးသည်များကိုစုစည်း၍ တံတားအောက်တွင်ပင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများကို လုပ်ဆောင်နေရသည်။ အသိပညာပေး ဟောပြောသူက ပြောလို့ပင် မောသွားသည်။ ထိုယာဉ်ထိန်းရဲများ ကွယ်သည်နှင့် စည်းကမ်းမဲ့ လမ်းကူးကြမြဲပင် ဖြစ်သည်။

ထိုမှ အနော်ရထာလမ်းအတိုင်း သိမ်ကြီးဈေးဘက်ဆီသို့ လမ်းလျှောက်သွားပါက ပန်းဘဲတန်းမြို့နယ်အဆုံးနှင့် လသာမြို့နယ်အစပ် ရွှေတိဂုံဘုရားလမ်းဆုံ၌ စတုဂံလေးဖက်ပတ်လည် လူကူးခုံးကျော်တံတားတစ်စင်းကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်အစိုးရ တက်ပြီးခါစက စတင်တည်ဆောက်ခဲ့သော တံတားအဟောင်းဖြစ်သည်။ စက်လှေကားနှင့် အမိုးအကာမပါပေ...။

### တံတားအဆင့်မြှင့်တင်

လူကူးခုံးကျော်တံတားနှင့် ပတ်သက်၍ "ဗိုလ်ချုပ်ဈေးသစ် တည်ဆောက်ခဲ့တဲ့ ရွှေတောင်ကုမ္ပဏီကပဲ လှူတဲ့သဘောနဲ့ တည်ဆောက်သွားမှာပါ။ အဓိကအပေါ်ပိုင်းနဲ့ အမိုးအကာတွေအပြင် ခရီးသွားတွေ မျက်စိပသာဒရှိစေဖို့ အပင်လေးများကိုလည်း စိုက်သွားမှာပါ။ အဓိကကတော့ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းပါ။ ယာဉ်ကြောမပိတ်ဆို့စေရေးအတွက်ကိုလည်း အလေးထားပြီး တစ်ဖက်စီ ဆောင်ရွက်သွားမှာပါ"ဟု ကိုယ်စားလှယ် ဦးသန်းနိုင်က ပြောသည်။

တံတားဟောင်း အဆင့်မြှင့်တည်ဆောက်ရာ ၌ စက်လှေကားအပါအဝင် တည်ဆောက်ခြင်းကို ရွှေတောင်ကုမ္ပဏီကပင် ငွေကြေးအကုန်ကျခံ လှူဒါန်း တည်ဆောက်ခြင်းဟု သိရသည်။

တည်ဆောက်ခြင်းကို ပြီးခဲ့သော ဖေဖော်ဝါရီ ၂၂ ရက်က သက်ဆိုင်ရာများသို့ အကြောင်းကြားစာများပို့ပြီး စတင်နေပြီဟု သိရသည်။ လုံခြုံရေးအကာအရံများပေါ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လိုဂိုတံဆိပ်ဖြင့် ဗီနိုင်းများ ကပ်ထားသည်။ ဗီနိုင်းပေါ်တွင် "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သိမ်ကြီးဈေး စတုဂံခုံးကျော်တံတား၊ ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံ၊ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း"ဟု ဖော်ပြထားသည်။

အနော်ရထာလမ်းပေါ်မှပင် လသာလမ်းဘက်ဆီသို့ ရှေ့ဆက်သွားပါက လသာမြို့နယ်အဆုံး လမ်းမတော်မြို့နယ်အစပ် လမ်းမတော်လမ်းဆုံ၌ လေးဖက်ပတ်လည်ဆုံ လူကူးခုံးကျော်တံတားတစ်စင်းကို မြင်တွေ့ရမည်ဖြစ်သည်။ စက်လှေကားနှင့် အမိုးအကာ မရှိပေ။

တစ်ဖန် မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံ (သိမ်ကြီးဈေးများအနီး)တွင် လေးဖက်ပတ်လည်ဆုံ လူကူးခုံးကျော်တံတားတစ်စင်းရှိနေသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်က တည်ဆောက်ခဲ့သော တံတားဟောင်းတစ်ခု ဖြစ်သည်။ အမိုးအကာ စက်လှေကားများ မပါဝင်ပေ။

ကမ်းနားလမ်း တစ်လျှောက်တွင်မူ လမ်းမတော်မြို့နယ် လမ်းသစ်ထိပ်တွင် ကမ်းနားလမ်းမကြီးကိုဖြတ်၍ ထိုးထားသော လူကူးခုံးကျော်တံတား (မော်တင်တံတား) တစ်စင်းရှိသည်။ သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်က ထိုးထားသော တံတားဖြစ်၍ စက်လှေကားနှင့် အမိုးအကာတို့ ပါဝင်ခဲ့သည်။

*အချပ်ပို(ဂ)သို့*

# မြန်မာ့မိကျောင်းမျိုးဆက် မပြတ်စေရန် သာကေတ မိကျောင်းမွေးမြူရေးစခန်းမှ ထိန်းသိမ်းစောင့်ရှောက်နေ



သန်းထိုက်၊ ဓာတ်ပုံ- သစ္စာ

**ကမ္ဘာဦးအစ** ရှေးနှစ်သန်းပေါင်း ၂၄၀ ကျော်မှစ၍ ယနေ့အထိ မျိုးရိုးစဉ်ဆက်မပြတ် မူလသဘာဝရှိခဲ့သည့်အတိုင်း ပြောင်းလဲမှုမရှိ တည်ရှိခဲ့သော သတ္တဝါဖြစ်သည်။ မိကျောင်းများမှာ ခန္ဓာကိုယ်ရှည်လျားပြီး အသားစား၊ ကုန်းနေ၊ ရေနေ တွားသွားသတ္တဝါများဖြစ်သည်။ ကမ္ဘာပေါ်တွင် မိကျောင်းများအား အာဖရိက၊ ဩစတြေးလျ၊ အမေရိက၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ပါပူဝါနယူးဂီနီ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆော်လ်မွန်ကျွန်း၊ ထိုင်း၊ ဗီယက်နမ်တို့၌ တွေ့ရှိရသည်။ ဂျပန်နိုင်ငံကဲ့သို့သော ကျွန်းနိုင်ငံများတွင် တစ်ခါတစ်ရံ တွေ့ရှိရတတ်သည်။ ကမ္ဘာပေါ်တွင် မိကျောင်းမျိုးစိတ်ပေါင်း ၂၄ မျိုးခန့်ရှိသော်လည်း Crocodile မျိုးစိတ် ၁၄ မျိုး၊ Alligator မျိုးစိတ် ရှစ်မျိုးနှင့် Gavial မျိုးစိတ်နှစ်မျိုးဖြင့် စုစုပေါင်း ၂၄ မျိုးသာ တွေ့ရှိရတော့သည်။

### ယနေ့တိုင် မွေးမြူထားလျက်ရှိ

ယနေ့မြန်မာနိုင်ငံတွင် မိကျောင်းများကို အခြားဒေသတွင်းနိုင်ငံများနည်းတူ မျိုးဆက်မပြတ်စေရန် ဧရာဝတီတိုင်းဒေသကြီး မိန်းမလှကျွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ငမိုးရိပ်ချောင်းဘေးတွင်ရှိသော မြေဧက ၄၀ ကျယ်ဝန်းသည့် သဘာဝမြေနေရာ၌ မိကျောင်းမွေးမြူရေးစခန်းကို ဖွင့်လှစ်ထားရှိသည်။ သာကေတမိကျောင်းမွေးမြူရေးစခန်းအား ၁၉၇၈ ခုနှစ်တွင် မြန်မာ့ရေလုပ်ငန်းမှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် မိကျောင်းများကို လာရောက်ကြည့်ရှုအပန်းဖြေရာ စခန်းတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့သည်။ ယခုအခါ တစ်ပေအရွယ်မှ ၁၅ ပေအထိရှည်သော မိကျောင်းကောင်ရေ ၅၄၉ ကောင် မွေးမြူထားရာ နှစ် ၄၀ ခန့်အထိ သက်တမ်းရှိသော မိကျောင်းများကို ယနေ့တိုင် မွေးမြူထားလျက်ရှိသည်။

### လာရောက်လေ့လာ

တစ်ပေအရွယ်မှ သုံးပေအရွယ် မိကျောင်းငယ်များကို ကန်အမှတ် (၁) တွင် ထားရှိပြီး သက်တမ်းမှာ တစ်နှစ်မှ သုံးနှစ်ဖြစ်သည်။ တစ်နှစ်သားလျှင် တစ်ပေရှိသောကြောင့် သုံးနှစ်မှ ခြောက်ပေအထိ မိကျောင်းများကို ကန်အမှတ်(၃)တွင် ထားရှိသည်။ ထိုကန်တွင် မိကျောင်းကောင်ရေ ၁၀၀ ကျော်ရှိပြီး ငါးပေ၊ ခြောက်ပေအရွယ်ရောက်သော မိကျောင်းများမှာ အထီး၊ အမ ခွဲခြားနိုင်ပြီဖြစ်သည်။ ဧပြီလသည် မိကျောင်းများ မိတ်လိုက်ချိန်ဖြစ်သောကြောင့် ထိုလ၌ သဘာဝသစ်တောအတွင်း မိကျောင်းသံတို့ ဆူညံနေလေ့ရှိသည်။ ကန်အမှတ် (၁) သည် ဥမှပေါက်လာသော မိကျောင်းပေါက်များနှင့် သုံးပေအရွယ်ရှိ မိကျောင်းငယ်များကို ပြုစုစောင့်ရှောက်ရာနေရာအဖြစ် အများပြည်သူကို ပြသလျက်ရှိသည်။ ကန်အမှတ် (၃) တွင် သုံးပေမှ ငါးပေ၊ ခြောက်ပေရှိသည့် မိကျောင်းတို့၏ သဘာဝနှင့် အလေ့အထကို ကျွမ်းကျင်ဝန်ထမ်းသုံးဦးမှ လာရောက်လေ့လာကြသော ပြည်သူများကို ရှင်းလင်းပြသလေ့ရှိသည်။

### ပြည်ပသို့တင်ပို့မှု ရပ်ဆိုင်း

၁၉၇၈ ခုနှစ်တွင် ကမ်ပူးချားနိုင်ငံမှ ချစ်ကြည်ရေးအဖြစ် မိကျောင်းသုံးကောင်ကို လက်ဆောင်ပေးခဲ့သည်။ ထိုအချိန်က ကမ်ပူးချားမှာ ယနေ့တွင် ကမ္ဘောဒီးယားနှင့် လာအိုဟူ၍ ခွဲထွက်ခဲ့ပြီဖြစ်သည်။ ကနဦးတွင် တည်းကုန်း၌ ထိုမိကျောင်းသုံးကောင်ကို ခေတ္တထိန်းသိမ်းထားပြီးနောက် ပုလဲနှင့် ငါးမွေးမြူရေးအောက်တွင်ရှိသော မြန်မာ့ရေလုပ်ငန်းမွေးမြူရေးဌာနတွင် မိကျောင်းမွေးမြူရေးဌာနစုမှ သာကေတ ငမိုးရိပ်ချောင်းဘေးတွင် စတင်မွေးမြူခဲ့သည်။ တစ်ဆက်တည်း ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတွင်ရှိသော သဘာဝရေငန်မိကျောင်းငယ်များကိုလည်း စုဆောင်းမွေးမြူခဲ့ရာ ၁၉၈၀ ပြည့်နှစ်တွင် မိကျောင်းငယ်များ အရွယ်ရောက်လာကြပြီး ၁၉၈၁-၁၉၈၂ ခုနှစ်၌ မိကျောင်းသားဖောက်ခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်နိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ခန့်တွင် Free on Board ( FOB) စနစ်ဖြင့် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ တစ်ပေလျှင် အမေရိကန်ဒေါ်လာ မည်မျှဖြင့် အကောင်လိုက်တင်ပို့နိုင်ခဲ့သည်။ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူချိန်၌ မိကျောင်းများကို ပြည်ပသို့တင်ပို့မှု ရပ်ဆိုင်းခဲ့ပြီး နယ်စပ်ဒေသငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နယ်စပ်ဒေသရှိ ကိုးကန့်နှင့် ဝဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးကဏ္ဍတွင် ကြက်၊ ဝက်မွေးမြူမှုနှင့်အတူ မိကျောင်းမွေးမြူလိုသောကြောင့် သာကေတမိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းကောင်ရေ ၁၀၀ ကျော်ကို ပေးပို့ခဲ့သည်။ နောက်ပိုင်းတွင် ထိုသို့ရောင်းချခြင်းမရှိတော့ဘဲ UN မှ ဖွဲ့စည်းထားသည့် CITES ဖြစ်သော မျိုးသုဉ်းပျောက်ကွယ်တော့မည့် သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း မိကျောင်းများကို ပြည်ပတင်ပို့မှုမရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ၁၉၉၇ ခုနှစ်နောက်ပိုင်းတွင် သာကေတ မိကျောင်းမွေးမြူရေးစခန်းအား ပြည်သူတို့ကို အသိပညာပေးရာ၊ အပန်းဖြေရာနှင့် မိကျောင်းများ ထိန်းသိမ်းမွေးမြူရာ စခန်းအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းသည် ဧက ၄၀ ကျယ်ဝန်းပြီး ထိုဧရိယာမှာ နှစ်စဉ် ဇွန်လမှ ဩဂုတ်လအထိ ရေကြီးမှုကို ကြုံတွေ့ရလျက်ရှိသည်။ ပြီးခဲ့သော မိုးရာသီတွင် အုတ်တံတိုင်းအချို့ ပြိုကျမှုကြောင့် မိကျောင်းများ မထွက်နိုင်စေရန် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပေါင်းစပ်၍ အုတ်တံတိုင်းများကို အရေးပေါ် ပြန်ကာခဲ့ကြရသည်။ ကမ်းပတ်တာမရှိသောကြောင့် ငမိုးရိပ်ချောင်းအတွင်းမှ တိုက်ရိုက်ရေဝင်ရောက်ခြင်းဖြစ်သည်။

ရေငန်မိကျောင်းများသည် သက်တမ်းနှစ်ပေါင်း ၇၀ မှ ၁၀၀ အထိ နေထိုင်နိုင်ပြီး အထီးသည် အမထက် အရွယ်ပို၍ကြီးသည်။ ပျမ်းမျှအားဖြင့် အထီးသည် ၁၃ ပေရှည်၍ အမသည် ၁၀ ပေရှည်တတ်ကာ ရှစ်ပေတွင် အရွယ်ရောက်လေ့ရှိသည်။ အမတစ်ကောင်လျှင် ၂၀ မှ ၇၀ အထိ ဥချလေ့ရှိပြီး ရက်ပေါင်း ၉၀ အကြာ၌ အကောင်ပေါက်လေ့ရှိသည်။ အကောင်ပေါက်မှာ ရှစ်လက်မခန့်ရှိတတ်၍ တစ်နှစ် အကြာတွင် တစ်ပေခန့်ကြီးထွားလေ့ရှိသည်။ ထူးခြားချက်တစ်ခုမှာ မိကျောင်းဥများသည် အပူချိန် ၃၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ် ပုံမှန်တွင် အထီးကိုပေါက်တတ်ပြီး အပူချိန် အနည်းငယ်အတက်အကျဖြစ်ပေါ်ပါက အမပေါက်တတ်သောကြောင့် ဖြစ်သည်။ ရေငန်မိကျောင်းများသည် ကမ္ဘာပေါ်တွင် ရန်မူတိုက်ခိုက်တတ်ဆုံး ဝါသတ္တဖြစ်ပြီး ကုန်းပေါ်တွင်လည်း သွားလာနိုင်သော သတ္တဝါဖြစ်သည်။

### မွေးမြူထိန်းသိမ်းလျက်ရှိ

သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူထားသော မိကျောင်းများမှာ ရေငန်မိကျောင်း(Crocodylus porosus) တစ်မျိုးတည်းထားရှိပြီး ဧပြီလမှ ဇွန်လအထိ ဥချတတ်ရာ ထိုဥများကို သဘာဝသစ်တောအတွင်း လိုက်လံကောက်ယူ၍ ကောက်ရိုးဖြင့် သဘာဝအတိုင်းမွေးမြူသည့်အပြင် ဖော့ဘူးအတွင်း လွှစာမှုန့်၊ အုန်းဆံမှုန့် တစ်ပေထုထားရှိ၍ လျှပ်စစ်မီးဖြင့် အပူပေးကာ ရက်ပေါင်း ၉၀ ကြာ အကောင်ပေါက်ရရှိရန် မွေးမြူရလေ့ရှိသည်။ အကောင် ငယ်စဉ် ဖို၊ မ ခွဲခြား၍မရဘဲ ခုနစ်နှစ် ရှစ်နှစ်ကျမှသာ အထီး၊ အမ ခွဲခြား၍ရလေ့ရှိသည်။ တစ်နှစ်မှ ခြောက်နှစ်အထိသည် လိင်အင်္ဂါပြောင်းလဲနေသောကြောင့် ဖြစ်သည်။ သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် မြန်မာမိကျောင်းများ မျိုးဆက်မသုဉ်းရန်၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အပန်းဖြေမှုနှင့် ဗဟုသုတရှာမှီးနိုင်ရန်၊ မျိုးသုဉ်းပျောက်ကွယ်လုသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းခြင်းလုပ်ငန်းတွင် အများပြည်သူ ပူးပေါင်းပါဝင်နိုင်စေရန်၊ ကျောင်းသား ကျောင်းသူများ အတွေ့အကြုံဗဟုသုတရရှိစေပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ သုတေသနပြုလုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မွေးမြူထိန်းသိမ်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော မိကျောင်းမျိုးစိတ်များမှာ နက္ကခေါ် အင်းမိကျောင်း(Crocodylus palustris)၊ သံသုမာ/ငမိုးရိပ်ခေါ် ရေငန်မိကျောင်း(Crocodylus porosus)၊ ကုမ္ဘီလမိကျောင်း(Crocodylus siamensis)တို့ကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုန်းပေါ်၌ တောဆင်ရိုင်းများကို ထိန်းသိမ်းစောင့်ကြပ်လျက်ရှိသည့်နည်းတူ ကုန်းနေ၊ ရေနေသတ္တဝါဖြစ်သော မိကျောင်းကိုလည်း မိန်းမလှကျွန်းတွင် သဘာဝအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသော သာကေတမိကျောင်းမွေးမြူရေးစခန်းတွင်လည်း မြန်မာ့မိကျောင်းများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေသည်။ ။

---

*အချပ်ပို (ခ) မှ*

ယင်းကမ်းနားလမ်းအတိုင်း ဆက်သွားပါက ပန်းဆိုးတန်းလမ်းဆုံအနီးတွင် လူကူးခုံးကျော်တံတားတစ်စင်းကို တွေ့ရမည်ဖြစ်သည်။ ယင်းတံတားတွင် စက်လှေကားနှင့် အမိုးအကာတို့ ပါရှိသည်။ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံတွင် လူကူးခုံးကျော်တံတားတစ်စင်း တည်ဆောက်ထားသည်။ ယနေ့ အစိုးရသစ်လက်ထက်တွင်မှ တည်ဆောက်ထားသော တံတားဖြစ်သည်။ စက်လှေကားနှင့် အမိုးအကာပါရှိသည်။

ယင်းတံတားများနှင့် ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ကပင် ဤသို့ ရှင်းပြပေးထားသည်။

### ဦးစားပေးဆောင်ရွက်

"ပြီးခဲ့တဲ့နှစ် မတ်လထဲမှာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနဲ့ ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီက တွဲဖက်အတွင်းရေးမှူးရယ်၊ လမ်းတံတားဌာနက တာဝန်ရှိသူတွေရယ် တွေ့ဆုံခဲ့ကြပါတယ်။ သူတို့ဆီက သူတွေနဲ့ ရန်ကုန်မြို့က လူကူးခုံးကျော်တံတားတွေကို လိုက်စစ်ဆေးခဲ့ပါတယ်။ တံတားတွေမှာ စက်လှေကားရှိ မရှိနဲ့ အမိုးအကာတွေ ရှိ မရှိပါ။ အဲဒါတွေက နောက်ပိုင်းကျရင် စီမံချက်နဲ့ တစ်ပိုင်းချင်း တစ်ပိုင်းချင်းစီ အဆင့်မြှင့် တည်ဆောက်သွားဖို့ အစီအစဉ်တွေ ရှိပါတယ်။ အနော်ရထာလမ်းနဲ့ ဆူးလေဘုရားလမ်းက တံတားဆို ဦးစားပေးဆောင်ရွက်ဖို့ တင်ပြထားတာ ရှိခဲ့ပါတယ်။ ဘတ်ဂျက်အရ ဆောင်ရွက်သွားဖို့တွေ ရှိပါတယ်။

### တစ်နှစ်စီမံကိန်း

"အခု လုပ်ငန်းစတင်ဖြစ်လာတဲ့ အနော်ရထာလမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဆုံ (သိမ်ကြီးဈေးအနီးက)တံတားက အစိုးရရဲ့ ဘတ်ဂျက်ငွေနဲ့ မဟုတ်ပါဘူး။ ရွှေတောင်ကုမ္ပဏီရဲ့ ဘတ်ဂျက်နဲ့ပါ။ ဒါကလည်း အဲဒီကုမ္ပဏီက စီမံကိန်းအပိုင်း (၂)ကို ပြန်စမှာဖြစ်တဲ့အတွက် ဆက်စပ်အဆင့်မြှင့်တင် လှူဒါန်းသွားတာဖြစ်ပါတယ်။ တစ်နှစ်စီမံကိန်းပါ။ ဒါက တစ်ပိုင်းပေါ့နော်။

### အမိုးအကာအားလုံးပါဝင်

ဆက်လက်၍ "အခု ကျွန်တော်တို့ အစိုးရလက်ထက် အခုနောက်ပိုင်း လွှတ်တော်က ခွင့်ပြုပေးတဲ့ ခုံးကျော်တံတားတွေ အကုန်လုံးက စက်လှေကား အမိုးအကာအားလုံး ပါဝင်ပါတယ်။ အဲဒီတံတားတွေကို ပြန်ပြောရမယ်ဆိုရင် မြေနီကုန်းအနီး မဟာမြိုင်တံတား၊ ကမာရွတ်မြို့နယ်၊ နာနတ်တောနဲ့ ဘုရင့်နောင်လမ်းဆုံက ဆင်မလိုက်တံတား၊ ဗိုလ်တထောင်ဘုရားအနီးက တံတား၊ ဒေါပုံမြို့နယ်က သာကေတတံတားတွေဆို ခရီးသွားပြည်သူတွေ သက်သောင့်သက်သာနဲ့ အဆင်ပြေပြေ ချောချောမွေ့မွေ့ ဖြတ်သန်းသွားနိုင်ရေးအတွက်ကို လွှတ်တော်မှာ တိုက်တွန်းတင်ပြပြီး ဆောင်ရွက်ပေးခဲ့တာပါ။ နောင် တည်ဆောက်မယ့် လူကူးခုံးကျော်တံတားတွေဆို ပြည့်ပြည့်စုံစုံနဲ့ တည်ဆောက်ပေးသွားဖို့ အစီအစဉ်တွေ ရှိပါတယ်"ဟု ရှင်းပြပါသည်။

ထိုအခါ ခရီးသွားပြည်သူများကလည်း ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"ဟူသော ဆောင်ပုဒ်ကို အလေးထားကာ လူကူးခုံးကျော်တံတားများပေါ်ကသာ လမ်းကူးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရန်ကုန်မြို့မှာ အဆင့်မြှင့်တင်ဦးမယ့် ဈေးတွေ

ဆွေဦးဝေ

ရန်ကုန်မြို့နေ ပြည်သူတွေအတွက် နေ့စဉ်လူမှုဘဝရှင်သန်မှုမှာ မရှိမဖြစ် လိုအပ်နေတဲ့ အရာတွေထဲမှာ ဈေးတွေလည်း ပါဝင်နေပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေနဲ့ ဈေးတွေကို စနစ်တကျနဲ့ ဖွင့်လှစ်ရောင်းချနိုင်ရေး၊ ဈေးဝယ်သူတွေ အဆင်ပြေရေးတို့အတွက် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ အခုလည်း ရန်ကုန်မြို့ရဲ့ ဈေးရှစ်ဈေးကို အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

“အဲဒီဈေးရှစ်ဈေးကို ပုဂ္ဂလိကစီမံခန့်ခွဲခွင့် (Market Operator) စနစ်နဲ့ အဆင့်မြှင့်တင်သွားမှာဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီရဲ့ စီမံခန့်ခွဲမှုနဲ့ ဈေးစည်ကားအောင် အပြည့်အဝ တာဝန်ယူဆောင်ရွက်ရမှာဖြစ်သလို စည်ပင်က လိုအပ်တဲ့ကြီးကြပ်မှုတွေသာ လုပ်ဆောင်သွားမယ်” လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောပါတယ်။

ရန်ကုန်မြို့မှာ အဆင့်မြှင့်တင်မယ့် ဈေးရှစ်ဈေးကတော့ ပန်းဘဲတန်းမြို့နယ်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ်ဈေးသစ်၊ သဃ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ငမိုးရိပ်စံပြဈေး၊ တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ သီရိမြင်သာဈေး၊ ဒဂုံမြို့နယ်တောင်ပိုင်းမှာရှိတဲ့ ကေတုမတီဈေး၊ လှိုင်မြို့နယ်မှာရှိတဲ့ လှိုင်ဈေးကြီးနဲ့ လှိုင်ရတနာဈေး၊ ရွှေပြည်သာမြို့နယ်မှာရှိတဲ့ သီရိမင်္ဂလာဈေးတို့ပဲဖြစ်တယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားပါတယ်။

**အဆိုပြုလွှာတွေ လျှောက်ထား**

အဲဒီဈေးတွေကို အဆင့်မြှင့်တင်ဆောင်ရွက်လိုတဲ့ ပြည်တွင်း ပြည်ပ ဖက်စပ်ကုမ္ပဏီတွေအနေနဲ့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၁ ရက်မှ စတင်ပြီး အဆိုပြုလွှာတွေ လျှောက်ထားလို့ ရတယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ဈေးတွေကို အဆင့်မြှင့်တင်ဆောင်ရွက်တဲ့အခါ ပိုမိုစနစ်ကျစေဖို့၊ ဈေးတွေ စည်းကမ်းတကျနဲ့ စည်ကားဖွံ့ဖြိုးစေဖို့၊ ရောင်းသူဝယ်သူအဆင်ပြေစေဖို့၊ ဈေးအင်္ဂါရပ်ရော၊ ဥပမိရုပ်ရော အဆင့်မီနေစေဖို့ ပုဂ္ဂလိကနဲ့ အစိုးရတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ကာ အဆင့်မြှင့်တင်သွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။

**စည်းကမ်းစနစ်ကျအောင်လုပ်ကိုင်**

ဒီလိုဆောင်ရွက်တဲ့အခါ နိုင်ငံတကာမှာရှိတဲ့ Wholesale ဈေးရုံကြီးတွေလို အဆင့်မီအောင် လုပ်ကိုင်သွားဖို့ရှိပြီး ဆိုင်ခန်း၊ လူသွားလမ်း၊ ပစ္စည်းခင်းကျင်းမှု၊ ပစ္စည်းသိုလှောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုစတဲ့ အရာတွေအားလုံး စည်းကမ်းစနစ်ကျအောင် လုပ်ကိုင်နိုင်ဖို့ Market Operator System နဲ့ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဈေးပေါင်း ၁၇၈ ဈေးရှိနေပြီး အဲဒီဈေးတွေထဲက စိစစ်ပြီး စနစ်တကျနဲ့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ အချို့ဈေးတွေကို PPP စနစ်နဲ့ အဆင့်မြှင့်တင်သွားမှာဖြစ်သလို အချို့ဈေးတွေကို Market Operator System နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဈေးပေါင်း ၂၅ ဈေးရှိ**

ရန်ကုန်မြို့မှာရှိတဲ့ ဈေးတွေကို အဆင့်လေးဆင့်နဲ့ သတ်မှတ်ထားပြီး (က) အဆင့်၊ (ခ) အဆင့်၊ (ဂ) အဆင့်နဲ့ (ဃ) အဆင့်ဈေးတွေဖြစ်ပါတယ်။ (က)အဆင့်ဈေးတွေကတော့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ သိမ်ကြီးဈေး (က+ခ) ရုံ၊ သိမ်ကြီးဈေး (ဂ) (ဃ) (င)၊ သံဈေး၊ ညောင်ပင်လေးဈေး၊ ဗဟိုစံပြငါးဈေးကြီး၊

> **“ဈေးပေါင်း ၂၁ ဈေးကို PPP စနစ်နဲ့ ဆောင်ရွက်ပြီး ဈေး ၁၀ ဈေးကို ဈေးအော်ပရေတာစနစ်နဲ့ စီမံခန့်ခွဲမှုအပိုင်းကို ပေးသွားမှာ ဖြစ်ပါတယ်။ ဈေးတွေ အဆင့်မြှင့်တဲ့အခါ နိုင်ငံတော်ဘတ်ဂျက် မပါအောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်”**



ရန်ကုန်မြို့လယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေး။

မြေနီကုန်းဈေး၊ မင်္ဂလာဈေး၊ ပုဇွန်တောင်ဈေး၊ ၃၈ လမ်း ပလာဇာဈေး၊ လှည်းတန်းဈေး၊ သီရိမင်္ဂလာဈေး၊ ရွှေပိတောက်ငါးဈေး၊ ဘုရင့်နောင်ဈေး၊ အင်းစိန်ဈေး စတဲ့ ဈေးပေါင်း ၂၅ ဈေးရှိပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး လက်အောက်မှာရှိတဲ့ (ခ)အဆင့်ရှိတဲ့ ဈေးတွေကတော့ တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ပဒေသာဈေး၊ နန္ဒဝန်ဈေး၊ ပတ္တမြားဈေး၊ မြင်သာဈေး၊ မြောက်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ရတနာသိင်္ဂီဈေး စတဲ့ ဈေးပေါင်း ၅၀ ခန့် ရှိပါတယ်။ ဒါ့အပြင် (ဂ)အဆင့်ဈေးတွေဖြစ်တဲ့ ဝေဘာဂီဈေး၊ ကျောက်ရေတွင်းဈေး၊ မေခဝတီဈေး၊ ရွှေပေါက်ကံဈေး စတဲ့ ဈေးပေါင်း ၆၄ ဈေးရှိနေသလို (ဃ)အဆင့်ဈေးတွေကလည်း ၃၉ ဈေးခန့် ရှိနေပါတယ်။

“ရန်ကုန်မြို့မှာရှိတဲ့ဈေးတွေကို အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပြီး သန့်ရှင်းသပ်ရပ်တဲ့ ဈေးတွေဖြစ်အောင်၊ စည်းကမ်းစနစ်ကျအောင် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်” လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ဈေးတွေအတော်များများဟာ လမ်းဇရိယာအထိ ပစ္စည်းတွေ ခင်းကျင်းရောင်းချတာတွေ၊ ပစ္စည်းတွေ စုပုံထားတာတွေ ရှိနေပါတယ်။

**အဆင့်မြှင့်တင်ရန်လိုအပ်**

ဒါ့အပြင် ဈေးရုံအတွင်းမှာ သန့်ရှင်းမှုအားနည်းသလို အနံ့အသက်များ မကောင်းတာမို့ ဈေးဝယ်ပြည်သူတွေဟာ ဈေးတွေရဲ့ အပြင်ဘက် လမ်းတွေပေါ်မှာ ရောင်းချနေတဲ့ ပစ္စည်းတွေကိုပဲ ဝယ်ယူနေကြတာတွေ ဖြစ်နေပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ အစားအသောက်တွေကို ရောင်းချ၊ ဝယ်ယူတဲ့ အဆင့်အတန်းရှိတဲ့ ဈေးတွေအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ဈေးအများစုကို ဆောက်လုပ်ပြီးလို့ စည်ပင်သာယာရေး ကော်မတီက ဈေးကောက်ခြင်း၊ ဈေးတာဝန်ခံရုံးများထားရှိပြီး ကြီးကြပ်မှုတွေ ရှိနေပေမယ့် ပိုမိုထိထိရောက်ရောက်နဲ့ ဈေးတွေဖွံ့ဖြိုးရေးအတွက် တာဝန်ယူဆောင်ရွက်မယ့် ကုမ္ပဏီမရှိကြောင်း သိရပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဈေးတွေကို စနစ်တကျတည်ဆောက်ခဲ့ပေမယ့် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှု မရှိလာဘဲ အဆင့်အတန်းကျဆင်းလာတယ်လို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

ဒါကြောင့်လည်း ဈေးပေါင်း ၂၁ ဈေးကို PPP စနစ်နဲ့ ဆောင်ရွက်ပြီး ဈေး ၁၀ ဈေးကို ဈေးအော်ပရေတာစနစ်နဲ့ စီမံခန့်ခွဲမှုအပိုင်းကို ပေးသွားမှာဖြစ်ပါတယ်။ ဈေးတွေအဆင့်မြှင့်တဲ့အခါ နိုင်ငံတော်ဘတ်ဂျက်မပါအောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောထားပါတယ်။

**အလွယ်တကူဝယ်ယူနိုင်**

အခုလို ဈေးတွေကို အဆင့်မြှင့်တင်ရခြင်းကတော့ ဈေးပုံစံတွေ အဆင့်မြှင့်လာအောင်၊ ဈေးဝယ်သူတွေ မိမိလိုချင်တဲ့ပစ္စည်းကို လိုချင်တဲ့နေရာမှာ အလွယ်တကူဝယ်ယူနိုင်အောင်နဲ့ ဈေးအနီး လမ်းဘေးဈေးသည်တွေ ပျောက်ကွယ်သွားအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီလို ဈေးတွေအဆင့်မြှင့်တင်မှုဟာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးရာရောက်တဲ့အပြင် ဈေးဝယ်ပြည်သူတွေ၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ၊ လေ့လာသူတွေအတွက် ပိုမိုအဆင်ပြေစေမှာဖြစ်ပါတယ်။ ။

---

***လတ်တလော ရန်ကုန်နှင့် ကိုဗစ်-၁၉ အခြေအနေကောက်နုတ်ချက်မှ....***

ရန်ကုန်မြို့ စက်မှုဇုန်များရှိ အထည်ချုပ်လုပ်ငန်များ ယိုင်နဲ့နဲ့ဖြစ်ချင်လာကာ ခရီးသွားလုပ်ငန်းများ ကျဆင်းခဲ့ပြီး စားသောက်ကုန်ဈေးနှုန်းက တက်ရိပ်ပြခဲ့သည်။ ဟိုတယ်ကြီးများ လူဝင်လူထွက်နည်းခဲ့ပြီး တည်းခိုခန်းများ ဧည့်သည်လျော့ကျကုန်သည်။ ကုန်သည်စက်မှုအသင်းချုပ် အသင်းဝင်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာကုန်သည်ကြီးများအသင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းများနှင့် အစိုးရတာဝန်ရှိသူများ တွေ့ဆုံ၍ လုပ်ငန်းများနှင့် အလုပ်သမား၊ အလုပ်ရှင်ဆိုင်ရာ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုးစားခဲ့ကြသည်။

COVID–19 ၏ ခြိမ်းခြောက်မှုအောက်မှပင် အခြေခံပညာအဆင့် စာမေးပွဲများအားလုံး အန္တရာယ်ကင်းကင်း ကျင်းပနိုင်ခဲ့ကြပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးလည်း အောင်မြင်စွာပြီးဆုံးခဲ့ကာ တက္ကသိုလ်ပထမနှစ်ဝက် စာမေးပွဲများကို သတိကြီးစွာထား၍ ကျင်းပနေကြသည်။

**အစဉ်တစိုက်ဖော်ပြပေးလျက်ရှိ**

ရန်ကုန်မြို့ရှိ ဆေးရုံကြီးများကို အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ထားပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းဆရာဝန်များကို မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုက စုဆောင်းထားသည်။ ဆောင်ရန် ရှောင်ရန် အချက်များပါဝင်သော အသိပညာဝေငှခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများက တာဝန်ယူဆောင်ရွက်နေကြသလို လူမှုရေး အသင်းအဖွဲ့အစည်းများကလည်း တတ်နိုင်သလောက် ပါဝင်အားဖြည့်ပေးနေကြသည်။ COVID–19 ရောဂါအကြောင်း သတင်းထုတ်ပြန်ချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှ နေ့စဉ် အချိန်နှင့်အမျှ ဖော်ပြပေးသလို ပုဂ္ဂလိကသတင်းမီဒီယာများမှလည်း အစဉ်တစိုက် ဖော်ပြပေးလျက်ရှိသည်။ သတင်းမီဒီယာလုပ်ငန်းသဘောသဘာဝကို နားမလည်သူအချို့၏ တွေ့ရာမြင်ရာ ရိုက်ကူးထုတ်လွှင့်မှုများကြောင့် ပြည်သူအချို့ စိုးရိမ်သောကဖြစ်ခဲ့ရသည်။

**ပြည်သူများအနေဖြင့် ပုံမှန်ကြည့်ရှု**

ကိုရိုနာဗိုင်းရပ်စ်သည် လူကြီးလူငယ်မရွေးဖြစ်ပွားနိုင်ပြီး ကိုယ်ခံအားနည်းသောလူငယ်များနှင့် ကျန်းမာရေးအားနည်းသောသူများတွင် ပို၍အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။ COVID–19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများ သိရှိရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် ဖေ့စ်ဘုတ်လူမှုကွန်ရက်စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ ပြည့်စုံစွာဖော်ပြလျက်ရှိရာ ပြည်သူများအနေဖြင့် ပုံမှန်ကြည့်ရှုကြစေလိုကြောင်း တိုက်တွန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကပ်ရောဂါအဖြစ် ကြေညာပြီးနောက်ပိုင်း ဈေးဝယ်စင်တာများ၊ ဈေးများတွင် အနည်းငယ် မတည်မငြိမ်ဖြစ်သွားသည်မှလွဲ၍ ရန်ကုန်၏ ကျန်အခြေအနေများအားလုံးမှာ ပုံမှန်ပကတိအတိုင်းပင် ရောင်းမြဲဝယ်မြဲဖြစ်နေခဲ့သည်။ ရန်ကုန်သူရန်ကုန်သားတို့အနေဖြင့် မဖြစ်မနေ သွားရမည့် အကြောင်းကိစ္စမှလွဲလျှင် အိမ်ပြင်ထွက်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြသည်။ သတင်းတု သတင်းမှားများကို ကိုယ်ပိုင်အသိဖြင့် ဝေဖန်သုံးသပ်ကြသည်။ မည်သည့်အရပ်မှ ပျံ့လွင့်လာမည်မသိသော ဝူဟန်တစ်ဖြစ်လဲ COVID–19 ကို သတိတရားဖြင့် စောင့်ကြည့်နေကြသည်။ ဤသည်တို့ကား COVID–19 နှင့်ပတ်သက်၍ ရန်ကုန်၏ အခြေအနေအချို့အား ကောက်နုတ်တင်ပြလိုက်ခြင်းပင် ဖြစ်ပေတော့သည်။ ။